# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957



**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိ အကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)



၁၃၇၉ ခုနှစ် တန်ခူးလပြည့်ကျော် ၇ ရက် အင်္ဂါနေ့။ Tuesday, 18 April 2017 (၈၈၉၈)


# အစိုးရသစ်ရဲ့ လမ်းခရီးမှာ အောင်မြင်မှုတွေရှိခဲ့သလို စိန်ခေါ်မှုတွေလည်း ရင်ဆိုင်ရဦးမှာဖြစ် ၂၀၁၇ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် ပြည်သူများအတွက် ဆောင်ကြဉ်းလာနိုင်မယ်လို့ မျှော်လင့်

## နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပြောကြားသည့် နှစ်သစ်ကူးနှုတ်ခွန်းဆက်လွှာ

(၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၇ ရက်)

**နိုင်ငံသူ နိုင်ငံသားများ ခင်ဗျာ-**

မြန်မာ့ရိုးရာ နှစ်သစ်မင်္ဂလာအခါသမယမှာ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးမှာ ရောက်ရှိနေကြတဲ့ နိုင်ငံသူ နိုင်ငံသားအားလုံး၊ အကြောင်းအမျိုးမျိုးကြောင့် ရပ်ဝေးမြေခြား တိုင်းတစ်ပါးမှာရောက်ရှိနေကြတဲ့ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး နှစ်သစ်မှာ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖



**နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲအခမ်းအနားကို နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပစဉ်။**

# မြန်မာ့နှစ်သစ်တွင် ဘေးအန္တရာယ်ကင်းဝေးစေရန်နှင့် ကျက်သရေမင်္ဂလာပြည့်စုံစေရန်

# နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော် နာယူပွဲကျင်းပ

**နေပြည်တော် ဧပြီ ၁၇**

၁၃၇၉ ခုနှစ် မြန်မာ့နှစ်သစ်မင်္ဂလာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် နိုင်ငံသူ၊ နိုင်ငံသားများ ဘေးအန္တရာယ်ကင်းဝေးစေရန်နှင့် ကျက်သရေမင်္ဂလာ ပြည့်စုံစေရန်ရည်စူး၍ နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ငုရွှေဝါခန်းမ၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့တက်ရောက်၍ အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

အခမ်းအနားသို့ ပျဉ်းမနားမြို့ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး **စာမျက်နှာ ၇ ကော်လံ ၁ သို့** ✪


KBZ BANK

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

# နှစ်သစ်တွင် ဆတက်ထမ်းပိုးရွက်သယ်ပိုး

မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ်ကုန်ဆုံး၍ ၁၃၇၉ ခုနှစ်သို့ ကူးပြောင်းရောက်ရှိခဲ့ပြီဖြစ်သည်။ အချိန်ကာလကုန်ဆုံးခြင်းသည် မိနစ်ကို စက္ကန့်စား၊ နာရီကို မိနစ်စား၊ ရက်ကိုနာရီစား၊ လကိုရက်စား၊ နှစ်ကိုလစားတို့ဖြင့် တစ်နှစ်ပြီး တစ်နှစ် တရွေ့ရွေ့ကုန်ဆုံးခြင်းတို့သည် အလျဉ်မပြတ်ဖြစ်ပေါ်နေသည်။ ဤသည်မှာ လောကသင်္ခါရ သဘောတရားသာ ဖြစ်သည်။

ဩကာသလောကကြီးအတွင်း အဟောင်းအဟောင်းတို့ ချုပ်ငြိမ်းပြီး အသစ်အသစ်တို့ ဖြစ်ပေါ်နေသည်မှာ လောကဓမ္မတာဖြစ်သည်။ ဖြစ်ခြင်း၊ ပျက်ခြင်းဟူသည် မည်သည့်အရာမျှ မြဲသောသဘောမရှိချေ။ ထိုမမြဲသောသဘောတွင် အချိန်တည်းဟူသောအရာမှာ လောကနှင့် လူသားတို့အား ကန့်သတ်ပိုင်းဖြတ်ပေးသည်။ အချိန်ကာလမှာ မရပ်မနား ရွေ့လျားနေသဖြင့် ကုန်ဆုံးမှုလျင်မြန်သည်။ ဖြစ်ခြင်း၊ ပျက်ခြင်းကို သတိကပ်ကာ မြင်အောင်ရှုနိုင်သူအဖို့ အချိန်ကာလမှာ တိုတောင်းလွန်းသည်။ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနေတတ်သူအဖို့ အချိန်ကာလမှာ ရှည်ကြာသည်ဟု ထင်ရသည်။

အမှန်တွင် နှစ်ဟောင်း ၁၃၇၈ ခုနှစ်ကား လျင်မြန်စွာ ကုန်ဆုံးသွားချေပြီ။ နှစ်သစ် ၁၃၇၉ ခုနှစ်သည်လည်း ဖြစ်ခြင်း၊ ပျက်ခြင်းသဘောအရ အလွယ်တကူ ကုန်ဆုံးပေလိမ့်မည်။ ကုန်ဆုံးခဲ့သောနှစ်ဟောင်းကို သတိရနေရုံဖြင့်လည်း အကျိုးထူးလာမည်မဟုတ်ချေ။ လျင်မြန်စွာရွေ့လျားနေဦးမည့် နှစ်သစ်တွင် စိတ်သစ်၊ ကိုယ်သစ်ဖြင့် အချိန်မလင့်မီ ကောင်းသောအမှုတို့ကို အလျင်အမြန်ပြုကြရမည် ဖြစ်သည်။

"ကွေးသောလက်မဆန့်မီ၊ ဆန့်သောလက်မကွေးမီ" ဆိုသကဲ့သို့ လူသားတို့အနေဖြင့် ဖြစ်ပျက်ကုန်ဆုံးခြင်းသို့ အလျင်အမြန်ရောက်ကြရသည်။ ရရှိထားသော တိုတောင်းသည့်အချိန်ကာလအတွင်းမှာပင် ကောင်းသောအမှုကို အလျင်အမြန်ပြုကြရမည်။ လောကုတ္တရာအလိုအားဖြင့် သူတော်ကောင်းတရားတို့ကို ပွားများအားထုတ်သင့်သည်။ လက်ရှိဘဝ၊ တမလွန်ဘဝ ကောင်းရာကောင်းကြောင်း အားထုတ်သင့်သည်။

လူ့ဘဝဟူသည် ဤဘဝဖြင့် အလျဉ်ပြတ်သွားသည်ဟူ၍မရှိချေ။ တစ်ဘဝပြီးတစ်ဘဝ အရိပ်ပမာ ထက်ကြပ်မကွာ လိုက်ပါနေသည်။ ကံ၊ ကံ၏အကျိုးအရ ယခုဘဝတွင် ကောင်းသောအမှုကိုပြုလျှင် ယခုဘဝ၊ တမလွန်ဘဝ ကောင်းသောအကျိုးကို ခံစားနိုင်ပြီး မကောင်းသောအမှုကို ပြုလျှင် မကောင်းသောအကျိုးကိုခံစားရမည်မှာ သေချာသည်။ ဒါန၊ သီလ၊ ဘာဝနာတို့ကို တစ်မျိုးမဟုတ်တစ်မျိုး ပွားများအားထုတ်သင့်သည်။ အကုသိုလ်ထူပြောသော လောကတွင် မမေ့မလျော့မပေါ့မဆနေသင့်သည်။

လောကီအလိုအရ မိမိအကျိုး၊ မိမိ မိသားစုအကျိုး၊ မိမိပတ်ဝန်းကျင်အကျိုး၊ လောကကောင်းကျိုးတို့ကို ပြုလုပ်သင့်သည်။ သူတစ်ပါးပျက်စီးရာ ပျက်စီးကြောင်း၊ သူတစ်ပါးမိသားစုနှင့်ပတ်ဝန်းကျင် ပျက်စီးရာပျက်စီးကြောင်း၊ လောကပျက်စီးရာ ပျက်စီးကြောင်းမပြုလုပ်မိဖို့ အထူးသတိထားသင့်သည်။ ကိုယ်ကျိုးစီးပွား အလွန်အမင်းကြည့်လိုမှု "အတ္တ" ကို လျှော့ချပြီး အများအကျိုးသယ်ပိုးလိုမှု "ပရ" ကို တိုးမြှင့်သင့်သည်။

ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးအတွက် ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်သင့်ပြီး နိုင်ငံဖွံ့ဖြိုးရေးအတွက် တစ်တပ်တစ်အားပူးပေါင်းပါဝင်သင့်သည်။ နှစ်ဟောင်းတွင် ဝမ်းနည်းခြင်း၊ ပူဆွေးခြင်း၊ ဝမ်းမြောက်ခြင်းတို့ကို အနည်းနှင့်အများဆိုသလိုကြုံတွေ့ခဲ့ကြရမည်ဖြစ်ပြီး နှစ်သစ်တွင် ဝမ်းနည်းခြင်း၊ ပူဆွေးခြင်းတို့ လျော့နည်းကာ ဝမ်းမြောက်ပျော်ရွှင်ခြင်းများဖြင့် ဖြတ်သန်းနိုင်ရန်အတွက် မိမိကိုယ်ကို ကောင်းအောင်၊ မိမိ မိသားစုကို ကောင်းအောင်၊ မိမိရပ်ရွာကို ကောင်းအောင်၊ မိမိနိုင်ငံကို ကောင်းအောင် ကြိုးပမ်းဆောင်ရွက်သင့်သည်။

နိုင်ငံတော်၏တစ်နှစ်တာသည် မြန်မာနှစ်သစ်ကူးကာလတွင် အဆုံးအစပြုသဖြင့် ပြီးခဲ့သည့်တစ်နှစ်တာ ကာလအတွင်း မိမိတို့ဆောင်ရွက်ခဲ့သည့် ကောင်းသောအမှု၊ မကောင်းသောအမှု၊ အားသာချက်၊ အားနည်းချက်တို့ကို ပြန်လည်သုံးသပ်ဆင်ခြင်ကာ နှစ်သစ်တွင် စိတ်သစ်၊ လူသစ်၊ ခွန်အားသစ်များဖြင့် မိမိအကျိုး၊ အများအကျိုးတို့ကို ဆတက်ထမ်းပိုးရွက်သယ်ပိုးနိုင်ပါစေဟု ဆန္ဒပြုလိုက်ပါသည်။ ။

# မြို့တွင်းအဝိုင်းပတ်ယာဉ်လိုင်းများမှ ယာဉ်ကြီးအချို့ အခမဲ့ယာဉ်စီးစာတန်းချိတ်ပြေးဆွဲ




**ရန်ကုန် မေ ၁၇**

နှစ်ဆန်းတစ်ရက်နေ့ဖြစ်သော မေ ၁၇ ရက်တွင် မြို့တွင်းအဝိုင်းပတ်ယာဉ်များအနက် မဟာဗန္ဓုလလမ်းပေါ်နှင့် ဗိုလ်ချုပ်လမ်းအတိုင်းသွားယာဉ်ကြီးအချို့၏ ယာဉ်ရှေ့ပိုင်းတွင် အခမဲ့ယာဉ်စာတန်းများ ချိတ်ဆွဲထားသည်ကို သခင်မြပန်းခြံဂိတ်ရင်းများရှေ့တွင် မြင်တွေ့ရသည်။

အဆိုပါစာတန်းများမှာ ဗီနိုင်းထုတ်ခြင်းမဟုတ်ဘဲ အရေးပေါ်စီစဉ်လုပ်ဆောင်သည့်အသွင်ဆောင်နေသည်။

အနော်ရထာလမ်းမပေါ်တွင်မူ မွန်းလွဲ ၂ နာရီမှ စောင့်ကြည့်ရာ တစ်နာရီဝန်းကျင်ကြာသည်အထိ အခမဲ့စာတန်းချိတ်ပြေးဆွဲသည့်ယာဉ် မမြင်ရသေးကြောင်း အနော်ရထာလမ်း စံပြမှတ်တိုင်အနီး စျေးသည်တစ်ဦးက ပြောသည်။

မဟာဗန္ဓုလလမ်းပေါ်သွား အဝိုင်းပတ်ယာဉ်ကြီးများ သင်္ကြန်အကြိုနေ့တွင်ကားခ ငွေကျပ် ၁၀၀ ဖြင့် ပြေးဆွဲသော်လည်း အကြတ်နေ့တွင် ငွေကျပ် ၂၀၀ ဖြင့် ပြေးဆွဲသည်ကို စီးနင်းခဲ့သော မောင်ကောင်းက ပြောသည်။

ယာဉ်များ ပြန်လည်ပြေးဆွဲလာသော နှစ်ဆန်းတစ်ရက်နေ့တွင် ယာဉ်အချို့ အခမဲ့ပြေးဆွဲသကဲ့သို့ သွားလာရေးအဆင်မပြေဘဲ ကားပေါ်တက်ကားခ ငွေကျပ် ၅၀၀၊ သင်္ကြန်အတက်နေ့ ညနေ ၅ နာရီဝန်းကျင်မှ စ၍ ကားခ ငွေကျပ် ၁၀၀၀ ဖြင့် လိုက်ပါစီးနင်းနေရခြင်းမဖြစ်စေရန် အရေးယူဆောင်ရွက်ပေးခြင်းများ အလေးထား လုပ်ဆောင်ပေးစေလိုကြောင်း ရွှေပြည်သာမှ ရန်ကုန်မြို့တွင်းသို့ အငှားယာဉ်မောင်း ကိုရဲက ပြောသည်။

**(မောင်စေအောင်)**

■



# ရခိုင်ရိုးရာသင်္ကြန်ပွဲတော် မောင်တောမြို့နယ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မောင်တော မေ ၁၇**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကို မြန်မာနှစ်ဆန်းတစ်ရက်နေ့ မွန်းတည့် ၁၂ နာရီတွင် စတင်ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မောင်တောမြို့နယ် ရခိုင်ရိုးရာအတာသင်္ကြန် ဗဟိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းက ယိမ်းအဖွဲ့များ၏ ဖျော်ဖြေကပြမှုများနှင့်အတူ ဗဟိုမဏ္ဍပ်ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်/မြို့နယ်အဆင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များနှင့် မြို့မိမြို့ဖများက ယိမ်းအဖွဲ့ဝင်များအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီးနောက် တစ်ဦးနှင့်တစ်ဦး သပြေခက်ဖြင့် ပျော်ရွှင်စွာ ရေပက်ကြသည်။

ယင်းနောက် ယိမ်းအဖွဲ့များက မဟာသင်္ကြန်ရိုးရာအကအလှများဖြင့် ဆက်လက်ဖျော်ဖြေကြသည်။

မောင်တောမြို့နယ်အတွင်း၌ ယနေ့နံနက်ပိုင်းမှစတင်၍ ရေပက်ခံထွက်သည့် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များဖြင့် စည်ကားလျက်ရှိပြီး ရပ်ကွက်/ကျေးရွာလမ်းများအတွင်း မိသားစုမဏ္ဍပ်ငယ်လေးများတွင်လည်း ပျော်ရွှင်စွာရေကစားကြသူများဖြင့် စည်ကားလျက်ရှိသည်ကို မြင်တွေ့ရသည်။

မောင်တောမြို့၏ ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကို မေ ၁၇ ရက်(မြန်မာနှစ်ဆန်းတစ်ရက်နေ့) မှ မေ ၁၉ ရက်ထိ သုံးရက်တိုင်တိုင်စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ပြီး ရခိုင်တိုင်းရင်းသားနာမည်ကြီး အဆိုတော်များလည်း လာရောက် ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သင်္ကြန်ပွဲတော် ကျင်းပရေးဦးစီးကော်မတီမှ သိရသည်။

**(သတင်းနှင့် ဓာတ်ပုံ-ရာမည၊ တင်စိုး)**

# မြဝတီမြို့နယ်အတွင်း အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်

**မြဝတီ မေ ၁၇**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ်အတွင်း အမျိုးမျိုးသောဘေးအန္တရာယ်များ ကင်းဝေးရေး အန္တရာယ်ကင်းပရိတ်တရားတော်များ မြို့အနှံ့ ရွတ်ဖတ်ပူဇော်ခြင်းကို ယနေ့ နှစ်ဆန်း တစ်ရက်နေ့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ထိုသို့ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ရာ ကရင်ပြည်နယ် သံဃနာယကအကျိုးတော်ဆောင် အမှတ်(၂၇၅)မြသုခတပ်ဦးကျောင်းဆရာတော် ဘဒ္ဒန္တ ဒေါက်တာ ပညာနန္ဒ အမှူးပြုပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌ တောင်တန်းကျောင်းဆရာတော် ဘဒ္ဒန္တဇောတိက ဆရာတော်နှင့်ဆရာတော်၊ သံဃာတော်များက မော်တော်ယာဉ်များဖြင့် ရွှေမြင်းဝန်စေတီတော်ကြီးမှ စတင်၍ မြဝတီမြို့အတွင်း လှည့်လည် ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

အဆိုပါရွတ်ဖတ်ပူဇော်သည့် ဆရာတော်၊ သံဃာတော်များအား ရွှေမြင်းဝန်စေတီတော်ကြီးရှိ ဓမ္မာရုံတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင်မျိုးထူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများက အရုဏ်ဆွမ်း ဆက်ကပ်ခဲ့ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**အထူးသတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူနှင့်အတူ

❖ **ရှေ့ဖုံးမှ**

နှစ်သစ်ရောက်တဲ့ အခါတိုင်းမှာ ပြီးခဲ့တဲ့နှစ်ကို ပြန်ပြောင်းသတိရဆင်ခြင်သုံးသပ်ပြီး ရှေ့တစ်နှစ်တာ ဆက်လက်လျှောက်လှမ်းရမယ့် ခရီးအတွက် ဆောင်ရွက်ဖွယ်ရာများကို ကြံဆတွေးတောပြီး အားသစ်ခွန်သစ်တွေ မွေးကြရစမြဲပါ။

တစ်နှစ်တာ ကျော်လွန်ခဲ့ပြီးဖြစ်တဲ့ ကျွန်တော်တို့ အစိုးရသစ်ရဲ့ လမ်းခရီးမှာ အောင်မြင်မှုတွေရှိခဲ့သလို ရှေ့မှာ စိန်ခေါ်မှုတွေလည်း ဆက်လက်ရင်ဆိုင်ကျော်လွှားရဦးမှာ ဖြစ်ပါတယ်။

နိုင်ငံတော် အစိုးရအနေနဲ့ အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးကို ရှေးရှုတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ပေါ်ပေါက်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ လုပ်ငန်းသဘောသဘာဝအရ အလွန်နူးညံ့သိမ်မွေ့တဲ့အတွက်ကြောင့် သတိကြီးစွာနဲ့ အစစအရာရာမှာ အထူးသတိထားဆောင်ရွက်နေရပါတယ်။

ငြိမ်းချမ်းရေးအတွက် နိုင်ငံတော်က ကြိုးပမ်းနေတဲ့အချိန်မှာ ဒီနိုင်ငံရေးဖြစ်စဉ်ကြီးအတွက် ပြည်သူတွေက စေတနာနဲ့ ထည့်ဝင်လှူဒါန်းငွေ သန်းထောင်ပေါင်းများစွာကို လက်ခံရရှိခဲ့ပါတယ်။ ဒါဟာ ရှေ့ဆက်ရမယ့်ခရီးအတွက် အားရဖွယ်ရာဖြစ်ပါတယ်။ ပြည်သူတွေရဲ့ အလှူဟာ ဘာကိုပြသလဲဆိုရင် ပြည်သူတွေဟာ ငြိမ်းချမ်းရေးရဖို့ ဘယ်လောက် ဆာလောင်မွတ်သိပ်နေကြတယ်၊ ငြိမ်းချမ်းတဲ့ဘဝကို ဘယ်လောက်လိုချင်နေကြတယ်၊ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်ပြီး လူထုလူတန်းစားအဖွဲ့အစည်းအသီးသီးနဲ့ ဆွေးနွေးညှိနှိုင်း အဖြေရှာနေကြတဲ့အပေါ်မှာ ဘယ်လောက်ယုံကြည်အားထားမှုရှိတယ်ဆိုတာကို ပြသနေတာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီနှစ်အတွင်းမှာ ပြည်သူတွေအတွက် ဝမ်းမြောက်ဖွယ်ရာရလဒ်ကောင်းများ ရရှိလိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

ပြည်သူအများရဲ့ လူနေမှုဘဝတိုးတက်မြင့်မားရေးကို ဆောင်ရွက်တဲ့နေရာမှာလည်း အားပေးကူညီချင်တဲ့ နိုင်ငံအစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများဟာ အထောက်အပံ့၊ ချေးငွေ၊ နည်းပညာအကူအညီစတာတွေကို သိသာထင်ရှားစွာ တိုးမြှင့်ပေးလာကြတာကို တွေ့မြင်ရပါတယ်။ ဒ့ါအပြင် နိုင်ငံတော်အစိုးရရဲ့ စီးပွားရေးမူဝါဒ၊ ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်ကြောင့်လည်း ပြည်ပပုဂ္ဂလိက လုပ်ငန်းရှင်တွေရဲ့ ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်ဝင်ရောက်လာမယ်လို့ မျှော်လင့်ရပါတယ်။

ဒီနေရာမှာ ပြည်သူတွေကို အသိပေးပြောကြားလိုတာ တစ်ခုတော့ရှိပါ တယ်။ အဲဒါက နိုင်ငံတော်အစိုးရအနေနဲ့ ပြည်ပနိုင်ငံ အဖွဲ့အစည်းတွေရဲ့ အထောက်အပံ့အကူအညီတွေ ရရှိတဲ့နေရာမှာ ထောက်ပံ့ရရှိငွေကို တိုင်းပြည်အတွက်၊ ပြည်သူတွေအတွက် အကောင်းဆုံးဖြစ်အောင် ဘယ်လိုအသုံးချမယ်ဆိုတာ အလေးထားပြီး ရွေးချယ်ဆောင်ရွက်ရတာ ဖြစ်ပါတယ်။



နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေ၊ ပြည်ပချေးငွေ စသည်တို့နဲ့ လုပ်ငန်းစီမံကိန်းတစ်ခုကို အကောင်အထည်ဖော်တော့မယ်ဆိုရင် အထူးပြောဖွယ်ရာ မရှိတော့ပါ။ လုပ်ငန်းစီမံကိန်းတစ်ခု အကောင်အထည်ဖော်ဆောင်ရွက်မယ်ဆိုရင် ရှေးဦးစွာ အဲဒီလုပ်ငန်း စီမံကိန်းအတွက် ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုလုပ်ရပါတယ်။ အဲဒါက အဓိကကျပါတယ်။

လုပ်ငန်းပမာဏနဲ့ လုပ်ငန်းသဘောသဘာဝအရ ဒီလိုဖြစ်မြောက်နိုင်စွမ်းလေ့လာမှုတစ်ခုဟာ လပိုင်းအတွင်း အဖြေရနိုင်သလို တချို့က နှစ်နဲ့ချီပြီးကြာတတ်ပါတယ်။ အဲဒီရရှိလာတဲ့ ဖြစ်မြောက်နိုင်စွမ်း လေ့လာသုံးသပ်မှုအပေါ်အခြေခံပြီး လုပ်ငန်းများကို စတင်အကောင်အထည်ဖော်ရပါတယ်။

ဒါကြောင့်မို့ နှစ်ပိုင်းအတွင်း အကောင်အထည်ဖော်နိုင်တဲ့ လုပ်ငန်းများရှိသလို နှစ်အတော်ကြာမှ အကောင်အထည်ဖော်နိုင်တဲ့ လုပ်ငန်းများလည်းရှိပါတယ်။ အဲဒီအတွက်ကြောင့်လည်း လုပ်ငန်းစီမံကိန်းသစ်တွေရဲ့ ကောင်းကျိုးရလဒ်တွေကို နှစ်ပိုင်းအတွင်း တွေ့မြင်ခံစားနိုင်ဖို့ဆိုတာ မလွယ်ကူပါဘူး။

ယူသင့်ယူထိုက်တဲ့ အချိန်ယူလေ့လာမှုကို မပြုလုပ်ခဲ့ရင် ကောင်းကျိုးထက် အပြစ်တွေက များတတ်ပါတယ်။ ပြည်သူ့ဘဏ္ဍာငွေ လေလွင့်ပြုန်းတီးမှုဖြစ်ပြီး နိုင်ငံတော်အပေါ်လည်း ဝန်ထုပ်ဝန်ပိုးကြီး ကျရောက်စေပါတယ်။ သက်သေသာဓကတစ်ခုအနေနဲ့ ပြောရမယ်ဆိုရင် နိုင်ငံတော်က တာဝန်ယူလုပ်ကိုင်နေတဲ့ စီမံကိန်းများစွာအနက်က ပြည်သူ့ဘဏ္ဍာငွေ လေလွင့်ပြုန်းတီးမှု ဆက်လက်မဖြစ်စေရေးအတွက် လုပ်ငန်းစီမံကိန်း (၅)ခုကို လုံးဝပိတ်သိမ်းဖို့နဲ့ လုပ်ငန်းစီမံကိန်း ၂၈ ခုကို လတ်တလော ရပ်ဆိုင်းထားဖို့ မတ်လအတွင်း ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးက အတည်ပြုအဆုံးအဖြတ်ပေးခဲ့ရတဲ့ ဖြစ်ရပ်ပဲဖြစ်ပါတယ်။

ဒါကြောင့်မို့ ဒီနေရာမှာ လူနေမှုဘဝအခက်အခဲများစွာကို ရင်ဆိုင်ရုန်းကန်ဖြတ်ကျော်နေတဲ့ကြားက နိုင်ငံတော်အစိုးရအပေါ် ယုံကြည်စိတ်ရှည်စွာနဲ့ နားလည်မှုပေးနေတဲ့ ပြည်သူလူထုတစ်ရပ်လုံးကို ကျွန်တော့်အနေနဲ့ အထူးကျေးဇူးတင်ပါကြောင်းကို အလေးအနက် ပြောကြားလိုပါတယ်။ အခြေအနေအရပ်ရပ်ကို ခြုံငုံသုံးသပ်မယ်ဆိုရင် ကျွန်တော်တို့အစိုးရဟာ ပြည်သူတွေရဲ့ နားလည်လက်ခံမှုကိုရရှိပြီး ပြည်သူတွေရဲ့ မျှော်လင့်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့ ဆက်လက်ကြိုးပမ်းဆောင်ရွက်နေတာကို တွေ့ရမှာဖြစ်ပါတယ်။

ဒီကနေ့ ကမ္ဘာ့ရေးရာ အခြေအနေတွေကို လေ့လာကြည့်မယ်ဆိုရင်လည်း မူဝါဒရေးရာ အပြောင်းအလဲနဲ့ ဦးတည်ရာ အပြောင်းအလဲတွေကို ကြုံတွေ့ဖြတ်သန်းနေရပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ကြိုးစားလျှောက်လှမ်းနေရပေမယ့် မျှော်လင့်အားထားစရာ အကောင်းဆုံးအနေအထားတစ်ခုကို ရောက်ရှိနေပြီဖြစ်ပါတယ်။ အမျိုးသား ရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးအတွက် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုသည်သာ တစ်ခုတည်းသော အဖြေဖြစ်တဲ့အတွက် ကျွန်တော်တို့အားလုံး စိတ်ဝမ်းမကွဲ ဆိုးတူကောင်းဖက် ဒီလမ်းကြောင်းကို လက်တွဲလျှောက်လှမ်းနိုင်ကြမယ်ဆိုရင် အများပြည်သူတွေ မျှော်လင့်စောင့်စားနေတဲ့ ငြိမ်းချမ်းရေးဆိုတဲ့ ခရီးဟာ မည်မျှပင်ခက်ခဲကြမ်းတမ်းပါစေ၊ မကြာမီမှာ ကျွန်တော်တို့ ပန်းတိုင်ရောက်အောင် အောင်မြင်စွာလျှောက်လှမ်းနိုင်မယ်လို့ ယုံကြည်ပါတယ်။

တိုင်းရင်းသားမျိုးနွယ်စုပေါင်း တစ်ရာကျော်မှီတင်းနေထိုင်တဲ့ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုကြီးမှာ မတူကွဲပြားမှုတွေကို ပေါင်းစည်းပြီး အင်အားတစ်ရပ်အဖြစ် ရောက်ရှိလာအောင် ကြိုးပမ်းသွားကြရမှာဖြစ်ပါတယ်။ ငြိမ်းချမ်းတဲ့ ဘာသာတရားရဲ့ အဆုံးအမ၊ ရိုးသားပြီး မြင့်မြတ်တဲ့ စာရိတ္တ၊ ယဉ်ကျေးပြီး သဟဇာတဖြစ်တဲ့ ဓလေ့တွေနဲ့ ဖက်ဒရယ်အလေ့အကျင့်ကောင်းတွေ ပြုစုပျိုးထောင်သွားကြရမှာဖြစ်ပါတယ်။ ဖက်ဒရယ်ဆိုတာ မတူကွဲပြားမှုတွေကို လိုက်လျောညီထွေပေါင်းစည်းပြီး ညီညွတ်မှုအင်အားကို တည်ဆောက်ခြင်းပဲဖြစ်ပါတယ်။

၂၀၁၇ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် မျှော်မှန်းထားတဲ့အတိုင်း ပြည်သူများအတွက် ဝမ်းမြောက်ဖွယ်ရာ ရလဒ်ကောင်းတွေ ဆောင်ကြဉ်းလာနိုင်မယ်လို့ မျှော်လင့်ထားပါတယ်။ ပြင်ဆင်ပြောင်းလဲထားတဲ့ စီးပွားရေးနယ်ပယ်အခင်းအကျင်းတွေအရလည်း စီးပွားရေးတိုးတက်မှုတွေ သိသိသာသာ ရရှိလာနိုင်မယ်လို့လည်း မျှော်လင့်ထားပါတယ်။

စိတ်ရှည်သည်းခံ စောင့်ဆိုင်းနေကြတဲ့ ကျွန်တော်တို့ရဲ့ ပြည်သူနဲ့အတူ နှစ်သစ်မှာ ဆတက်ထမ်းပိုး တိုးတက်ကောင်းမွန်လာအောင်လည်း ကြိုးစားသွားကြမှာဖြစ်ပါတယ်။ ပြည်သူတွေကလည်း ကျွန်တော်တို့နဲ့အတူ လက်တွဲမဖြုတ်ဘဲ ဆက်လက်ပြီး ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြပါလို့ အလေးအနက် ပန်ကြားလိုပါတယ်။

မင်္ဂလာရှိတဲ့ အခုလို နှစ်သစ်မှာ နိုင်ငံသူ နိုင်ငံသားအပေါင်း ကျန်းမာချမ်းသာကြပြီး ကောင်းသောလိုအင်ဆန္ဒများ ပြည့်ဝကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

# နိုင်ငံတကာခရီးသွားများ အင်းဝဒေသသို့ လာရောက်လည်ပတ်ရခြင်း အထူးနှစ်သက်



**အင်းဝ ဧပြီ ၁၇**

မြန်မာနိုင်ငံသို့ နိုင်ငံတကာခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာခဲ့သည်။ နိုင်ငံတကာခရီးသွားဧည့်သည်များကို ရုပ်သံလိုင်းများက မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရသည့်ခံစားမှုကို မေးမြန်းလေ့ရှိသည်။

နိုင်ငံတကာ ခရီးသွားဧည့်သည်တစ်ဦးက "မြန်မာနိုင်ငံဟာ ခရီးသွားလို့ အကောင်းဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်ပါတယ်။ မြန်မာလူမျိုးများဟာ အမြဲတမ်းပြုံးနေတတ်တယ်။ ဖော်ရွေကြတယ်။ အင်းဝဒေသကို လာရောက်လည်ပတ်ရတာကို အထူးဂုဏ်ယူမိတယ်။ အင်းဝကိုရောက်တဲ့အခါ ဘာနဲ့လည်ပတ်ရမလဲ ရွေးချယ်ကြည့်တယ်။ မြင်းလှည်းစီးပြီး လေ့လာခြင်းဟာ အကောင်းဆုံးပါပဲ။ အင်းဝဒေသမှာ ထူးခြားတာက လေ့လာစရာများစွာရှိပြီး ကားသံ၊ စက်သံ ဆူညံမနေဘဲ သဘာဝအလှအပတွေကို ခံစားရလို့ပါပဲ။ အင်းဝဒေသကို လာရောက်လည်ပတ်ရခြင်းအတွက် ဂုဏ်ယူမိပါတယ်။ မြန်မာနိုင်ငံဟာ သဘာဝအလှအပတွေနဲ့ အလှဆုံးနိုင်ငံဖြစ်ပါတယ်" ဟု ပြောသည်။

မန္တလေးမြို့အနောက်တောင်ဘက် မိုင် ၂၀ အကွာ ပင်လယ်ရေမျက်နှာပြင်အထက် ၂၈၅ ပေ၊ ဒုဋ္ဌဝတီမြစ်နှင့် ဧရာဝတီမြစ်တို့ဆုံရာနေရာတွင် သမိုင်းဝင် စိတ်ဝင်စားဖွယ်ရာ အင်းဝမြို့ဟောင်းတည်ရှိနေသည်။ ခရီးသွားဧည့်သည်များသည် သစ်ပင်လိုဏ်ဂူတန်းဟု တင်စားထားသည့်အိုးတုတ္တန်းလမ်းလေးမှ ဒုဋ္ဌဝတီမြစ်နံဘေးသို့ သွားလေ့ရှိသည်။ ဝန်းကျင်တွင် အင်းဝတံတားခေါ် စစ်ကိုင်းတံတားနှင့် ဧရာဝတီမြစ်အလှတို့က ဆီးကြိုလျက်ရှိသည်။ ဒုဋ္ဌဝတီမြစ်ကမ်း အိုးတုတ္တန်းမှ စက်လှေဖြင့် ကူးတို့ကူးကာ ဧရာဝတီမြစ်နှင့် ဒုဋ္ဌဝတီမြစ်ဆုံအလှကို စစ်ကိုင်းတံတားနောက်ခံဖြင့် လှပစွာရှုမြင်နေရသည်။

စက်လှေပေါ်မှဆင်းကာ တစ်ဖက်ကမ်းသို့တက်လိုက်သည်နှင့် အမျိုးသားများသာမက အမျိုးသမီးများပါ မောင်းနှင်သည့် ၂၀၀ ခန့်ရှိနေသော မြင်းလှည်းများက ဆီးကြိုနေလေ့ရှိသည်။ သတိုးမင်းဖျားက သက္ကရာဇ် ၇၂၆ တွင် စတင်တည်ခဲ့ကာ မင်းဆက် ၃၁ ဆက်ဖြင့် သက်တမ်းလေးရာခန့်ကြာမြင့်အောင် မြို့နန်းတည်ကာ ထီးနန်းစိုးစံခဲ့သည့် နေရာဖြစ်သည့်အားလျော်စွာ လေ့လာစရာစေတီများစွာဖြင့် ပြည့်နှက်လျက်ရှိသည်။ ခေတ်လေးခေတ်အဖြစ် ပိုင်းခြားတည်ရှိခဲ့ပြီး စာဆိုရှင်အကျော်အမော်များစွာ ထွက်ပေါ်ရာဒေသဖြစ်ပြီး လေ့လာစရာများစွာနှင့် ရှေးဟောင်းသမိုင်းဝင်စေတီပုထိုးများစွာ တည်ရှိသည်။ လက်ရှိကာလတွင် အင်းဝဒေသရောက် နိုင်ငံတကာ ခရီးသွားဧည့်သည်များမှာ မြင်းလှည်းစီးကာ လေ့လာကြပြီး သဘာဝအလှအပများနှင့်ပြည့်နေသည့်အတွက် အင်းဝဒေသသို့ လည်ပတ်ရခြင်းကို အထူးနှစ်သက်လျက်ရှိကြောင်း သိရသည်။ **(တိမ်တမန်)**

# တိုင်းမ်(စ်)သတင်းမဂ္ဂဇင်း၏ ဩဇာအကြီးမားဆုံးပုဂ္ဂိုလ် ၁၀၀ စာရင်းတွင် ဖိလစ်ပိုင်သမ္မတပါဝင်

**နယူးယောက် ဧပြီ ၁၇**

အမေရိကန် တိုင်းမ်(စ်)သတင်းမဂ္ဂဇင်း၏ ကမ္ဘာ့ဩဇာအကြီးမားဆုံး ပုဂ္ဂိုလ် ၁၀၀ စာရင်းတွင် ဖိလစ်ပိုင် သမ္မတ ရိုဒရစ်ဂို ဒူတာတေး ပါဝင်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဧပြီ ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ကမ္ဘာ့ဩဇာ အကြီးမားဆုံး ပုဂ္ဂိုလ် ၁၀၀ စာရင်းအတွက် တိုင်းမ်(စ်) သတင်းမဂ္ဂဇင်းက အွန်လိုင်းမှတစ်ဆင့် စစ်တမ်းကောက်ယူခဲ့ပြီး စာဖတ်ပရိသတ်က မဲပေးရွေးချယ်ခဲ့ကြသည်။

ယခုနှစ်၏ ဩဇာတိက္ကမ အကြီးမားဆုံးပုဂ္ဂိုလ်များ အမည်စာရင်းတွင် မည်သူမည်ဝါတို့ကို ထည့်သွင်းလိုသနည်းဟု တိုင်းမ်(စ်) သတင်းမဂ္ဂဇင်းက ယင်း၏ စာဖတ်ပရိသတ်ကို မေးမြန်းခဲ့သည်။

ဧပြီ ၁၆ ရက် ညသန်းခေါင်ယံတွင် မဲပေးပွဲပြီးဆုံးခဲ့ပြီး စာဖတ်ပရိသတ်၏ ဆန္ဒနှင့်အညီ ကမ္ဘာ့ဩဇာ အကြီးမားဆုံး ပုဂ္ဂိုလ် ၁၀၀ ကို ရွေးချယ်နိုင်ခဲ့သည်။

ဖိလစ်ပိုင်သမ္မတ ဒူတာတေးသည် ယခင် အမေရိကန် သမ္မတဘားရက် အိုဘားမားအား ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သူအဖြစ် ထင်ပေါ်ကျော်ကြားခဲ့ပြီး ကမ္ဘာ့ဩဇာအကြီးမားဆုံး ပုဂ္ဂိုလ်များတွင် ပါဝင်လာသည်။



အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီမှာမူ ပုဂ္ဂိုလ် ၁၀၀ စာရင်းအတွက် အမည်စာရင်းတင်သွင်းခြင်း ခံခဲ့ရသော်လည်း စာဖတ်ပရိတ်သတ်၏ ထောက်ခံမဲကို စုစည်းနိုင်ခြင်း မရှိခဲ့ပေ။

မိုက္ကရိုဆော့ဖ် ကွန်ပျူတာကုမ္ပဏီ၏ အိန္ဒိယနွယ်ဖွား အမှုဆောင်အရာရှိချုပ် ဆတ္တလာနာဒယ်လာ၊ အစ္စရေးဝန်ကြီးချုပ် နေတန်ရာဟု၊ အမေရိကန်အိမ်ဖြူတော် ပြန်ကြားရေး အတွင်းဝန် ရှောင်စပိုက်ဆာနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ သမီး အီဗန်ကာတို့မှာ အဆိုပါစာရင်းတွင် ပါဝင်သည်။ ဒေါ်နယ်ထရန့်မှာမူ ထောက်ခံမဲ ၂ ရာခိုင်နှုန်းရရှိခဲ့သည်။ ကနေဒါဝန်ကြီးချုပ် ဂျပ်စတင် ထရူဒိုဩ၊ ပုပ်ရဟန်းမင်း ဖရန်စစ်၊ မက္ကရိုဆော့ဖ် ပူးတွဲထူထောင်သူ ဘီလ်ဂိတ်၊ ဖေ့စ်ဘွတ် စီအီးအို မာ့ဇူခါဘတ်တို့မှာ ထောက်ခံမဲ ၃ ရာခိုင်နှုန်း အသီးသီးရရှိခဲ့ကြသည်။

**ပီတီအိုင်။**

# တူရကီပြည်လုံးကျွတ် ပြည်သူ့ဆန္ဒခံယူပွဲ၌ သမ္မတ အာဒိုဂန် အောင်ပွဲခံအနိုင်ရရှိ

**အန်ကာရာ ဧပြီ ၁၇**

တူရကီနိုင်ငံ၌ သမ္မတ၏ လုပ်ပိုင်ခွင့်အာဏာများကို မြှင့်တင်ပေးရန် ပြည်သူတို့ လိုလားခြင်း ရှိ၊ မရှိ ဆန္ဒတောင်းခံသည့် ပြည်သူ့ဆန္ဒခံယူပွဲတွင် သမ္မတ ရီဆစ်တေယစ် အာဒိုဂန် အောင်ပွဲခံနိုင်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဧပြီ ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ဧပြီ ၁၆ ရက်က ကျင်းပသော ပြည်လုံးကျွတ် ပြည်သူ့ဆန္ဒခံယူပွဲတွင် ပြည်သူအများစုက ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဘက်မှ ထောက်ခံခဲ့ကြသဖြင့် သမ္မတအနေဖြင့် အပြည့်အဝ အာဏာစက်ချဲ့ထွင်နိုင်ရန် လမ်းပွင့်သွားပြီဖြစ်သည်။

သို့ရာတွင် လူထုဆန္ဒခံယူပွဲရလဒ်ကို သမ္မတအာဒိုဂန်၏ အတိုက်အခံများက ကန့်ကွက်ပြောဆိုခဲ့ကြသည်။ ပြည်သူ့ဆန္ဒခံယူပွဲ မဲပေးမှုတွင် အစိုးရက မသမာမှုများပြုလုပ်ခဲ့သည်ဟု အတိုက်အခံများက စွပ်စွဲကြသည်။

ကာဒစ္စတန်ဒေသ အရှေ့တောင်ပိုင်းရှိ မြို့များတွင်လည်းကောင်း၊ မြို့တော်အန်ကာရာနှင့် တူရကီနိုင်ငံ၏ အကြီးဆုံးမြို့ကြီးဖြစ်သော အစ္စတန်ဘူလ်မြို့တို့တွင် လည်းကောင်း ကန့်ကွက်မဲများက လွှမ်းမိုးခဲ့သည်။ ယင်းမြို့ကြီးများသည် လူထုဆန္ဒခံယူပွဲ မဲဆွယ်စည်းရုံးရေးကာလအတွင်း ယှဉ်ပြိုင်မှု အကြိတ်အနယ်ရှိခဲ့သည်။



သမ္မတ၏ အာဏာများကို တိုးမြှင့်ပေးရေး အဆိုပြုချက်ကို ပြည်သူ ၂၅ သန်းက ထောက်ခံသည်ဟု သမ္မတ အာဒိုဂန်က ပြောကြားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်မှု၏ အဓိက ဦးတည်ချက်မှာ ပါလီမန်စနစ်ကို အစားထိုးကာ သမ္မတအား အခွင့်အာဏာအရပ်ရပ် အပ်နှင်းရန်ဖြစ်ကြောင်း၊ ဝန်ကြီးချုပ်ရုံးကိုလည်း ပြန်လည်ဖျက်သိမ်းမည်ဖြစ်ကြောင်း၊ ပြည်သူ့ဆန္ဒခံယူပွဲတွင် သမ္မတအား လုပ်ပိုင်ခွင့်အာဏာများကို အပြည့်အဝ အပ်နှင်းရန် ထောက်ခံမဲ ၅၁ ဒသမ ၅ ရာခိုင်နှုန်းရရှိကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**

# မြောက်ကိုရီးယားက အမေရိကန်ကိုအကဲမစမ်းသင့်ဟု မိုက်ပန့်စ်ပြော

**ဆိုးလ် ဧပြီ ၁၇**

နျူကလီးယားနှင့် ဒုံးကျည်အစီအစဉ်ကို အရှိန်မြှင့်ပြုလုပ်လာသည့် မြောက်ကိုရီးယားနိုင်ငံကို အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်က ပြင်းထန်သည့် စကားလုံးများဖြင့် သတိပေးစကားပြောကြားလိုက်သည်။ မြောက်ကိုရီးယားအနေဖြင့် သမ္မတဒေါ်နယ်လ်ထရန့်၏ ဆုံးဖြတ်ချက်နှင့် ဤဒေသရှိ အမေရိကန်တပ်များ၏ စစ်ရေးတောင့်တင်းမှုများကို အကဲမစမ်းသင့်ကြောင်း ပန့်စ်က ပြောကြားသည်။

ပန့်စ်က တောင်ကိုရီးယား ဝန်ကြီးချုပ် ဟွမ်ကျိုအန်နှင့် တနင်္လာနေ့တွင် တွေ့ဆုံဆွေးနွေးပြီးနောက် ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ ဟွမ်ကျိုအန်သည် ခေတ္တသမ္မတအဖြစ် တာဝန်ထမ်းဆောင်နေသူလည်းဖြစ်သည်။ အမေရိကန်အနေဖြင့် ကိုရီးယားကျွန်းဆွယ်ကို နျူကလီးယားကင်းစင်ပြီး ငြိမ်းချမ်းသည့်ဒေသဖြစ်လာစေရန် ဆန္ဒရှိသော်လည်း ရွေးချယ်စရာလုပ်ပိုင်ခွင့်အားလုံးသည် စားပွဲပေါ်တွင်သာရှိနေသည်ဟု ပန့်စ်က ပြောကြားသည်။

အမေရိကန်နိုင်ငံက ဆီးရီးယားအစိုးရလေတပ်အခြေစိုက်စခန်းတစ်ခုကို ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုနှင့် အာဖဂန်နစ္စတန်နိုင်ငံရှိ အိုင်အက်စ်စစ်သွေးကြွများကို ဗုံးအားလုံး၏ မိခင်ဟု တင်စားခေါ်ဆိုသည့် အကြီးဆုံးဗုံးကို အသုံးပြုတိုက်ခိုက်ခဲ့မှုများကို ရည်ညွှန်းကာ သမ္မတထရန့်၏ ပြတ်ပြတ်သားသား ဆုံးဖြတ်အရေးယူလှုပ်ရှားမှုများကို ဆီးရီးယားနှင့် အာဖဂန်နစ္စတန်တွင် တစ်ကမ္ဘာလုံးမြင်တွေ့ခဲ့ပြီးဖြစ်ကြောင်း ပန့်စ်က ပြောကြား သည်။

အမေရိကန်-တောင်ကိုရီးယား မဟာမိတ်ဆက်ဆံရေးကိုမြှင့်တင်ရန် မကြာမီကာလအတွင်း တောင်ကိုရီးယားနိုင်ငံတွင် THAAD ဒုံးကျည်ကာကွယ်ရေးစနစ် ဖြန့်ကြက်သွားရန် မိမိနှင့် ပန့်စ်တို့ သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း ဟွမ်ကျိုအန်က ပြောကြားသည်။ ပိတ်ဆို့အရေးယူမှုများဖြင့် မြောက်ကိုရီးယားနိုင်ငံ၏ ရည်မှန်းချက်များကို ရပ်တန့်နိုင်ခြင်းမရှိကြောင်းနှင့် နိုင်ငံတကာအသိုင်းအဝိုင်းက မြောက်ကိုရီးယားနိုင်ငံကို ပိုမိုဖိအားပေးသင့်ကြောင်း ဟွမ်ကျိုအန်က ပြောကြားသည်။

မြောက်ကိုရီးယားအရေးကို တရုတ်နိုင်ငံက ကောင်းမွန်စွာ ကိုင်တွယ်ဖြေရှင်းပေးနိုင်လိမ့်မည်ဟု အမေရိကန်နိုင်ငံက ယုံကြည်ကြောင်းနှင့် အကယ်၍ တရုတ်နိုင်ငံက ကိုင်တွယ်ဖြေရှင်းနိုင်ခြင်းမရှိလျှင် အမေရိကန်နှင့် မဟာမိတ်နိုင်ငံများက ကိုင်တွယ်ဖြေရှင်းသွားမည်ဟု ပန့်စ်က ဆက်လက်ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**



# သက်ကြီးရွယ်အိုများအတွက် အထောက်အကူပြုစက်ရုပ်များကို စီးပွားဖြစ်ထုတ်လုပ်သွားရန် တိုယိုတာရည်မှန်း

**တိုကျို ဧပြီ ၁၇**

ဂျပန်နိုင်ငံရှိ မော်တော်ယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီများသည် နိုင်ငံအတွင်း သက်ကြီးရွယ်အိုဦးရေ တိုးပွားလာမှု၏ အကျိုးဆက်အား ဖြေလျှော့နိုင်စေရေးအတွက် စက်ရုပ်များကို တိုးမြှင့်ထုတ်လုပ်သွားရန် ဦးတည်လျက်ရှိကြောင်း မော်တော်ယာဉ်ထုတ်လုပ်ရေး သတင်းရပ်ကွက်က ပြောကြားသည်။

ဂျပန်နိုင်ငံ၌ မွေးဖွားနှုန်းကျဆင်းလာနေခြင်းကြောင့် ကျန်ကမ္ဘာ့နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် သက်ကြီးရွယ်အိုဦးရေတိုးပွားမှု ပိုမိုမြန်ဆန်လာလျက်ရှိရာ သက်ကြီးရွယ်အိုများအား ကူညီစောင့်ရှောက်ပေးနိုင်သည့် စက်ရုပ်များကို အမြောက်အမြား ထုတ်လုပ်သွားဖွယ်ရှိကြောင်း တိုယိုတာ မော်တော်ကားထုတ်လုပ်ရေး ကော်ပိုရေးရှင်းက ပြောကြားသည်။

ဂျပန်နိုင်ငံ၌ အလုပ်လုပ်ကိုင်နိုင်သူဦးရေ ကျဆင်းလာခြင်းနှင့်အတူ လုပ်သားအင်အား ချို့ငဲ့မှုနှင့် ပင်စင်အသုံးစရိတ်ကြီးလေးမှုတို့ကို ရင်ဆိုင်လာနေရသည်။ တစ်ချိန်တည်းမှာပင် ပြည်တွင်း၌ ကားဝယ်လိုအားကျဆင်းလာနေသည်။

ကမ္ဘာပေါ်ရှိ မော်တော်ယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီများအနက် ဒုတိယအကြီးဆုံးဖြစ်သော တိုယိုတာကုမ္ပဏီသည် သက်ကြီးရွယ်အို အထောက်အကူပြုစက်ရုပ်များကို စီးပွားဖြစ်ထုတ်လုပ်သွားရန် ရည်ရွယ်သည်။ သက်ကြီးရွယ်အိုတို့အတွက် လမ်းလျှောက်မှု ဖေးကူပေးမည့် စက်ရုပ်များအား ငှားရမ်းပေးသည့် ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ကို တိုယိုတာကုမ္ပဏီက ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း၊ လေသင်တုန်း ဝေဒနာခံစားခဲ့ရသူများအတွက် လမ်းလျှောက်မှု ဖေးကူပေးမည့် စက်ရုပ်များကို ငှားရမ်းပေးသွားရန် စီစဉ်ထားကြောင်း တိုယိုတာကုမ္ပဏီ၏ သုတေသနအရာရှိချုပ် တိုရှိဟူပင် အိုင်ဆိုဆေးက ပြောကြားသည်။

မသန်စွမ်းသူများအား ပြန်လည်ထူထောင်ပေးရာတွင် အသုံးပြုနိုင်မည့်စက်ရုပ်များကို တိုယိုတာကုမ္ပဏီက ထုတ်လုပ်လျက်ရှိသည်။

ဂျပန်နိုင်ငံရှိ ဟွန်ဒါမော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီသည် ၂၀၁၅ ခုနှစ်တွင် ခြေထောက်စက်ရုပ်ဟု အမည်ပေးထားသော စက်ရုပ်ကိုအာဆီမိုကချေသည်စက်ရုပ်အပေါ် အခြေခံ၍ နည်းပညာဆန်းဆစ်ကာ ထုတ်လုပ်ခဲ့သည့်နည်းတူ တိုယိုတာကုမ္ပဏီက လမ်းလျှောက်စက်ရုပ်ကို တီထွင်ထုတ်လုပ်ခဲ့သည်။

**ကျိုဒို။**



## ဒုတိယသမ္မတ ဦးမြင့်ဆွေပြောကြားသည့် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား



**နေပြည်တော် ဧပြီ ၁၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး နှစ်သစ်ကူးအခါသမယမှာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ယခုဆိုလျှင် ကျွန်တော်တို့အစိုးရအဖွဲ့ တာဝန်ယူလာသည်မှာ တစ်နှစ်တာ ကာလပြည့်မြောက်ခဲ့ပြီ ဖြစ်ပါတယ်။ တစ်နှစ်တာကာလအတွင်းမှာ ပြည်သူများရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း တိုင်းရင်းသားပြည်သူအားလုံးသဟဇာတ ပြည့်ဝစွာ နေထိုင်နိုင်ရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အသက်သွေးကြောသဖွယ် အရေးကြီးတဲ့ ပြည်တွင်းငြိမ်းချမ်းရေး အမြန်ဆုံးရရှိဖို့ တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိပါတယ်။ ငြိမ်းချမ်းရေးရရှိဖို့အတွက် ပြည်သူများကလည်း လှူဒါန်းငွေများ စိတ်အားထက်သန်စွာ ထည့်ဝင်နေကြတာကိုလည်း အားရကျေနပ်ဖွယ်ရာတွေ့ရှိရပြီး ဒါဟာငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အစိုးရနဲ့ ပြည်သူတစ်သားတည်း ရှိကြောင်း ပြသနေခြင်းလည်းဖြစ်ပါတယ်။

ယခု အချိန်အခါသမယဟာ မြန်မာ့နှစ်သစ်ကူး ကာလဖြစ်တဲ့အတွက် တိုင်းရင်းသားပြည်သူများ စိတ်သစ်၊ လူသစ်၊ အတွေးအခေါ်သစ်များနဲ့ နိုင်ငံတော်အကျိုးကို တစ်ထောင့်တစ်နေရာမှ ပါဝင်ဆောင်ရွက်နိုင်ကြပါစေကြောင်း ထပ်ဆင့် ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ မြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းပြီး ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် ကြိုးစားကြရာမှာ နိုင်ငံတော်အစိုးရနဲ့ ပြည်သူများ အတူပူးပေါင်းပါဝင်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝတိုးတက်ကောင်းမွန်လာစေဖို့ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တစ်နှစ်တာကာလ အစိုးရရဲ့ ဆောင်ရွက်ချက်များကိုလည်း ပြည်သူများ မြင်တွေ့ခဲ့ကြပြီးဖြစ်ပါတယ်။

မြန်မာနှစ်သစ်ကူးဖြစ်တဲ့ ၁၃၇၉ ခုနှစ်ဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွက် ငြိမ်းချမ်းရေး ပုံရိပ်များ ပိုမိုပေါ်ထွန်းလာမယ့်နှစ်၊ ငြိမ်းချမ်းရေး လမ်းကြောင်းပေါ် ဖြောင့်ဖြောင့်တန်းတန်း လျှောက်လှမ်းနိုင်မယ့်နှစ်၊ မြန်မာ့သမိုင်းစာမျက်နှာမှာ တင်ကျန်ရစ်မယ့် နှစ်တစ်နှစ်ဖြစ်ပါစေ၊ ပြောင်းလဲနေတဲ့ ကမ္ဘာ့အလယ်မှာ လိုက်ပါပြောင်းလဲတိုးတက်နိုင်တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အဖြစ် ဂုဏ်ယူဝင့်ကြွားစွာ ရပ်တည်နိုင်ပါစေ၊ ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများသည်လည်း ကာယသုခ၊ စိတ္တသုခနှစ်ဖြာသော သုခနဲ့ ပြည့်စုံပြီးမိမိအကျိုး၊ မိမိရဲ့ ပတ်ဝန်းကျင်အကျိုး၊ နိုင်ငံ့အကျိုးကို ကျေပွန်စွာထမ်းရွက်နိုင်တဲ့ နိုင်ငံသူ၊ နိုင်ငံသားများဖြစ်ကြပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

## ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပြောကြားသည့် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား



**နေပြည်တော် ဧပြီ ၁၇**

မြန်မာနိုင်ငံသူ နိုင်ငံသား တိုင်းရင်းသား ပြည်သူအားလုံး မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ရေကို ပက်ဖျန်းကာ နှစ်သစ်ကိုကြိုဆိုဆင်နွှဲလျက်ရှိနေကြတဲ့ ဒီအချိန်အခါသမယမှာ လူမျိုးဘာသာမခွဲခြားဘဲ အချင်းချင်း မေတ္တာ စေတနာ ကရုဏာများထားပြီး တစ်အူထုံ့ဆင်း ညီရင်းအစ်ကိုစိတ်ဓာတ်နဲ့ ခေတ်သစ်ကို ပျော်ရွှင်လန်းဆန်းစွာ တက်ညီလက်ညီ ချီတက်နိုင်ကြပါစေ။

ဘေးရန်အန္တရာယ်များ ကင်းရှင်းပြီး အောင်မြင်မှုများ ဆွတ်ခူးနိုင်ကြပါစေ။ ကိုယ်ကျန်းမာ စိတ်ချမ်းသာ၍ လိုရာဆန္ဒများ ပြည့်ဝကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။ ပျော်ရွှင်ဖွယ် မင်္ဂလာနှစ်သစ်ဖြစ်ပါစေ။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၏ ၂၀၁၇ ခုနှစ် မြန်မာ့နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား



**နေပြည်တော် ဧပြီ ၁၇**

ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသောသုခနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာမေတ္တာပို့သအပ်ပါတယ်။

ယနေ့အချိန်အခါဟာ မိမိတို့နိုင်ငံတော်ကို ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်နိုင်ရေးအတွက် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလမ်းမပေါ်ကို အခြေချခါစ ကာလဖြစ်ပါတယ်။ ဒီအခြေအနေဟာ နှစ်ပေါင်းများစွာ ခက်ခက်ခဲခဲ ရုန်းကန်လှုပ်ရှားခဲ့ရပြီး ရှားရှားပါးပါးရရှိတဲ့အခွင့်အရေးဖြစ်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်နိုင်ရေးအတွက် အနှောင့်အယှက် အဟန့်အတားများကို စုပေါင်းဖယ်ရှားပေးကြစေလိုပါတယ်။ ဒီမိုကရေစီအရေးအတွက် တစ်နည်းနည်းနဲ့ ဆန့်ကျင်နေတဲ့ ဘေးအန္တရာယ်များကိုလည်း ဝိုင်းဝန်းကာကွယ်ပေးကြစေလိုပါတယ်။ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလမ်းကြောင်းမှ သွေဖည်သွားနိုင်တဲ့ တည်ငြိမ်အေးချမ်းရေးပျက်ပြားစေရန် ဖန်တီးမှုများကိုလည်း စုပေါင်းတားဆီးပေးကြစေလိုပါတယ်။ ကျွန်တော်တို့ အနေနဲ့ကတော့ အများအကျိုးရွက်သယ်ပိုးက၊ ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း၊ မရွံ့မစောင်း ကိုယ့်လမ်းကြောင်းကို၊ စိတ်ကောင်းနဲ့ယှဉ် ရှေးရှုနှင်လော့ ဆိုတဲ့ ရွှေဟင်္သာဆရာတော်ဘုရားကြီးရဲ့ ဆုံးမသြဝါဒအတိုင်း ကျင့်ကြံကြိုးကုတ်အားထုတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒို့အပြင် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသူနိုင်ငံသားများအားလုံး ငြိမ်းချမ်းသာယာဝပြောရေးတို့အတွက် မရှိမဖြစ်လိုအပ်လှတဲ့ ပြည်တွင်းငြိမ်းချမ်းရေးကိုလည်း မိမိတို့ကျရာကဏ္ဍ တစ်ထောင့်တစ်နေရာကနေ တတ်စွမ်းသမျှ ဝိုင်းဝန်းပံ့ပိုးကူညီ ဆောင်ရွက်ပေးကြဖို့ အထူးလိုအပ်လှပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ပါစေ။ နိုင်ငံသူ နိုင်ငံသားများအားလုံး ဘေးမသမ်းဘဲ အေးချမ်းကြပါစေ၊ ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ထပ်လောင်းဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ မြန်မာ့နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား



**နေပြည်တော် ဧပြီ ၁၇**

**ချစ်ခင်လေးစားအပ်တဲ့ တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျာ** မြန်မာနှစ်သစ်ကူး အခါသမယမှာ မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး ကိုယ်စိတ်နှလုံး ရွှင်လန်းချမ်းမြေ့ပါစေ။ မြန်မာနှစ်သစ်ကို မင်္ဂလာရှိစွာဖြင့် ပျော်ရွှင်ချမ်းမြေ့စွာ ဖြတ်သန်းနိုင်ကြပါစေလို့ အမျိုးသားလွှတ်တော်ကိုယ်စား ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

နှစ်ဟောင်းမှသည် နှစ်သစ်သို့ ကူးပြောင်းရာတွင် မိမိတို့နှစ်ဟောင်းမှာ လုပ်ဆောင်ခဲ့သည့် ကိစ္စရပ်များအပေါ် ပြန်လည်သုံးသပ် နှလုံးသွင်းရင်း နှစ်ဟောင်း၏ အဟောင်းအညစ်များကို စွန့်ပယ်ကာ နှစ်သစ်တွင် လုပ်ဆောင်ဖွယ်ရာ ကိစ္စရပ်များကို စိတ်ရင်းစေတနာမှန်၊ ဆန္ဒမှန်ဖြင့် သဒ္ဓါတရားလက်ကိုင်ထားကာ ကိုယ်ကျင့်တရားကောင်းမွန်စွာဖြင့် လုပ်ဆောင်သွားကြဖို့ပဲ ဖြစ်ပါတယ်။

ပြည်ထောင်စုတိုင်းရင်းသားအားလုံး၏ တူညီသောဆန္ဒဖြစ်သည့် ငြိမ်းချမ်းသာယာဝပြောသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ပေါ်လာရေးအတွက် မေတ္တာနှင့်ယှဉ်သည့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာမှာ တိုင်းရင်းသားပြည်သူများ စိတ်သစ်၊ လူသစ်၊ ခွန်အားသစ်များဖြင့် အတူတကွ ပူးပေါင်းပါဝင် လက်တွဲတည်ဆောက်သွားကြဖို့ နှစ်သစ်အခါသမယမှာ အထူးတိုက်တွန်းပြောကြားလိုပါတယ်။

ပြည်သူ့ကိုယ်စားလှယ်များဖြစ်တဲ့ ကျွန်တော်တို့ဟာလည်း ပြည်သူလူထုအကျိုးကို ဖော်ဆောင်ရာမှာ **"ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်"** ဆိုသည့် လွှတ်တော်ဆောင်ပုဒ်အတိုင်း ပြည်သူ့အတွက် အကောင်းမွန်ဆုံး ပိုမိုဖြည့်ဆည်းပေးနိုင်ရေးကို အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကတိပြုပြောကြားလိုပါတယ်။

တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများ ယခုနှစ်သစ်မှစ၍ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ၊ သာယာချမ်းမြေ့သောဘဝကို ပိုင်ဆိုင်နိုင်ကြပါစေ၊ နှစ်သစ်မှာ ဆောင်ရွက်ဖွယ်ရာကိစ္စရပ်များတွင် ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကို သနားတတ်တဲ့ ဂါရဝစိတ်ထားဖြင့် အစဉ်နှလုံးသွင်း ဆောင်ရွက်တတ်သူများ ဖြစ်ကြပါစေကြောင်း ဆန္ဒပြုအပ်ပါတယ်။



**နှစ်ဆန်းတစ်ရက်နေ့က ဇီဝိတဒါနဘေးမဲ့သက်လွှတ်ပွဲကို ရွှေတိဂုံစေတီတော်မြောက်ဘက်မုခ်ရှိ ရှင်ဥပဂုတ္တမင်္ဂလာကန်တော်၌ ကျင်းပစဉ်။** ဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)

# ဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးနိုင်မှုဆိုရာဝယ်. . .

မိုးမိုး(ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန)

နိုင်ငံအလိုက်သော်လည်းကောင်း၊ ဒေသအလိုက်သော်လည်းကောင်း သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးနိုင်မှု အနေအထား(Disaster Risk)ကို ခန့်မှန်းတွက်ချက်နိုင်သည့် နည်းလမ်းများစွာရှိပါသည်။ ယင်းသို့ ခန့်မှန်းတွက်ချက်ခြင်းသည် မည်သည့်အချိန်ကာလတွင် မည်ကဲ့သို့သော ဘေးအန္တရာယ်မျိုးကို ကြုံကြိုက်နိုင်သည်ဟု အတိအကျခန့်မှန်းခြင်းမျိုး မဟုတ်ဘဲ သဘာဝဘေးအန္တရာယ်ဖြစ်ပွားခဲ့ပါက လူ့အသက်နှင့် စည်းစိမ်ဥစ္စာများ၊ အခြေခံအဆောက်အအုံများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ဝန်ဆောင်မှုများ ပျက်စီးဆုံးရှုံးနိုင်မှုအနေအထားကို ခန့်မှန်းတွက်ချက်ခြင်းဖြစ်ပါသည်။ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်မှုကို ခန့်မှန်းတွက်ချက်ရာတွင် လက်ရှိအချိန်အထိ တစ်ကမ္ဘာလုံးက အတည်ပြု၍ စံပြုသတ်မှတ်ကာ တွက်ချက်နေသည့် ပုံသေနည်းလမ်း (Universal and Standard Formula) မရှိသေးပါ။ ထို့ကြောင့် ဘေးအန္တရာယ်ကျရောက်ခြင်းမှ ထိခိုက်ဆုံးရှုံးနိုင်မှုကို ခန့်မှန်းတွက်ချက်ရာတွင် တိုင်းတာသည့် အညွှန်းသတ်မှတ်ချက် (Indicator)များနှင့် တွက်ချက်နည်း ဖော်မြူလာတို့အပေါ် မူတည်ကာ နိုင်ငံတစ်နိုင်ငံချင်းစီအတွက် ရရှိလာသော အညွှန်းကိန်းတန်ဖိုး(Index)များ အသီးသီး ကွာခြားကြခြင်းဖြစ်ပါသည်။ အဆိုပါအညွှန်းကိန်းအဆင့်များကို တွက်ချက်ရာတွင် ဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးနိုင်မှုအနေအထားကို စူးစမ်းလေ့လာနေကြသော အဖွဲ့အစည်းအသီးသီး၏ စိတ်ပါဝင်စားသည့်လုပ်ငန်းနယ်ပယ်၊ ကျွမ်းကျင်မှုတို့အပေါ် မူတည်လျက် ကွဲပြားခြားနားမှုများ ရှိပါသည်။

ကမ္ဘာ့ကုလသမဂ္ဂတက္ကသိုလ် (United Nations University-UNU) နှင့် BEH, University of Stuttgart တို့ပူးပေါင်း၍ ကမ္ဘာ့နိုင်ငံအသီးသီး၏ သဘာဝဘေးအန္တရာယ်များကြောင့် လူမှုစီးပွားဘဝ ထိခိုက်ဆုံးရှုံးနိုင်မှုအခြေအနေ အစီရင်ခံစာ (World Risk Report) ကို ၂၀၁၁ ခုနှစ်ကစတင်၍ နှစ်စဉ်ထုတ်ပြန်လျက်ရှိရာ ၂၀၁၆ ခုနှစ်အတွက် တွေ့ရှိချက်များကို နောက်ဆုံးထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ အစီရင်ခံစာ၌ ကမ္ဘာ့နိုင်ငံစုစုပေါင်း ၁၇၁ နိုင်ငံကို ဆန်းစစ်လေ့လာရာတွင် နိုင်ငံတစ်ခုချင်းစီ၏ ယခင်က ဘေးအန္တရာယ်ကြုံတွေ့ခဲ့သည့် အကြိမ်အရေအတွက်၊ ဘေးအန္တရာယ်အမျိုးမျိုးမှ ခံနိုင်ရည်ရှိမှုအခြေအနေ၊ ဘေးအန္တရာယ်ကျရောက်ချိန်တွင် ချက်ချင်းရင်ဆိုင်တုံ့ပြန်နိုင်မှုအနေအထားနှင့် ရေရှည်တွင် အဆိုပါ ဘေးအန္တရာယ် ကျရောက်မှုများအပေါ် မူတည်ပြီး လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်နိုင်မှုအစရှိသည်တို့ကို စူးစမ်းလေ့လာခဲ့ပါသည်။


အဆိုပါ အစီရင်ခံစာအရ ၁၉၈၀ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ကမ္ဘာ့နိုင်ငံအသီးသီး၏ ဘေးအန္တရာယ်ဖြစ်ပွားခဲ့မှုများကို ဆန်းစစ်လေ့လာရာတွင် ဘေးအန္တရာယ်ဖြစ်ပွားမှုများမှာ နှစ်ကာလအပိုင်းအခြားအလိုက် အစဉ်တစိုက်များပြားလာသကဲ့သို့ အဆိုပါ ကာလများအတွင်း ဘေးအန္တရာယ်များကြောင့် စီးပွားရေးထိခိုက်ဆုံးရှုံးမှုများမှာလည်း တိုးပွားလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် မြေငလျင်ဘေး၊ ရေဘေး၊ မုန်တိုင်းဘေးနှင့် မိုးခေါင်ရေရှားဘေးအန္တရာယ်များအနက် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရေဘေးကို ပျမ်းမျှအားဖြင့် အကြိမ်အရေအတွက် အများဆုံးကြုံတွေ့ခဲ့ရပြီး စီးပွားရေးပျက်စီးဆုံးရှုံးမှုကို အများဆုံးဖြစ်စေခဲ့သည့်ဘေးမှာ မုန်တိုင်းဘေးဖြစ်ကြောင်း တွေ့ရှိရပါသည်။

World Risk Report တွင် တိုင်းတာသည့် အညွှန်းသတ်မှတ်ချက် စုစုပေါင်း ၂၈ ခုကို ထည့်သွင်းတွက်ချက်၍ နိုင်ငံတစ်နိုင်ငံချင်းအလိုက် သဘာဝဘေးဖြစ်ပွားမှုများကြောင့် ထိခိုက်ဆုံးရှုံးနိုင်မှုအဆင့်များကို နိုင်ငံပေါင်း ၁၇၁ နိုင်ငံအတွက် နှိုင်းယှဉ်ဖော်ပြပေးထားပါသည်။ အဆိုပါ အဆင့်သတ်မှတ်ချက်များအရ လေ့လာဆန်းစစ်မှုပြုခဲ့သည့် နိုင်ငံပေါင်း ၁၇၁ နိုင်ငံအနက် မြန်မာနိုင်ငံအနေဖြင့် ဘေးဖြစ်ပွားမှုများကြောင့် ထိခိုက်ဆုံးရှုံးနိုင်မှုအဆင့် ၄၂ တွင် ရှိကြောင်း ဖော်ပြပါရှိပါသည်။

အစီရင်ခံစာအရ မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးနိုင်မှုအနေအထားမှာ အာဆီယံ ၁၀ နိုင်ငံအနက် အဆင့် ၆ နေရာတွင်ရှိကြောင်း ဖော်ပြထားပါသည်။

အစီရင်ခံစာတွင် ထည့်သွင်းတိုင်းတာသည့် အညွှန်းသတ်မှတ်ချက်များအရ မြန်မာနိုင်ငံသည် ဘေးအန္တရာယ်ဖြစ်ပွားချိန်တွင် ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်မှုအားအနည်းဆုံးနိုင်ငံများအနက် အဆင့် ၁၅ ၌ရှိကြောင်း ဖော်ပြပါရှိပါသည်။ အဆိုပါအချက်မှာ အထက်တွင်ဖော်ပြခဲ့သကဲ့သို့ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍတွင် ထိခိုက်ဆုံးရှုံးမှုများပြားသည့်အတွက် နိုင်ငံတော်အဆင့် အကြီးစားဘေးဖြစ်ပွားမှုများတွင် အလျင်အမြန်ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ရာ၌ အဟန့်အတားများစွာကြုံတွေ့ရခြင်းဖြစ်ပါသည်။ ထို့အပြင် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍတွင် ပျက်စီးဆုံးရှုံးမှုများကြောင့် ဘေးသင့်ဒေသများ၏ လတ်တလောနှင့် ရေရှည်ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက်ပါ နှောင့်နှေးကြန့်ကြာမှုများ ဖြစ်စေနိုင်ပါသည်။

၁၉၉၅ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ စာရင်းဇယားများကို အခြေခံကာ ရေးသားခဲ့သည့် Germanwatch \Global Climate Risk Index (CRI) အစီရင်ခံစာတွင် မြန်မာနိုင်ငံအနေဖြင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို အဆိုးဆုံးကြုံတွေ့ရနိုင်သည့် နိုင်ငံပေါင်း ၁၀ နိုင်ငံတွင် ဒုတိယအဆင့်တွင်ရှိကြောင်း ဖော်ပြပါရှိပါသည်။




| | INFORM | WRI | CRI | DRI | ND-GAIN |
|---|---|---|---|---|---|
| INFORM | 1 | | | | |
| WRI | 0.55* | 1 | | | |
| CRI | 0.19* | 0.14 | 1 | | |
| DRI | 0.48* | 0.522* | 0.32* | 1 | |
| ND-GAIN | 0.74* | 0.66* | -0.06 | 0.46* | 1 |

သဘာဝဘေးဖြစ်ပွားမှုများကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ အများဆုံးအနေအထားတွင်ရှိသော နိုင်ငံအများစုမှာ ကျွန်းစုနိုင်ငံများဖြစ်ကြသည့် ဗာနျူအာ၊ တွန်ဂါနှင့် ဖိလစ်ပိုင်နိုင်ငံတို့ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြပါရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးမှုကို အဆိုးဆုံးကြုံတွေ့ရနိုင်သည့် ကဏ္ဍတစ်ခုမှာ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍဖြစ်ပြီး အဆိုပါကဏ္ဍတစ်ခုလုံး၏ ၈၀ ရာခိုင်နှုန်းကျော်မှာ ဘေးအန္တရာယ်ကြုံတွေ့ရချိန်တွင် ပျက်စီးဆုံးရှုံးမှု ခံစားရနိုင်ကြောင်း ဖော်ပြထားပါသည်။ ထို့အပြင် အခြေခံအဆောက်အအုံများ၏ ခိုင်ခံ့မှုအားနည်းခြင်းကြောင့် ဘေးအန္တရာယ်ဖြစ်ပွားချိန်တွင် ထိခိုက်ဆုံးရှုံးမှုများပြားနိုင်ကြောင်း လေ့လာဆန်းစစ်မှုများအရ တွေ့ရှိရပါသည်။

Germanwatch ၏ အစီရင်ခံစာအရ မြန်မာနိုင်ငံအား ဒုတိယအဆင့်တွင် ဖော်ပြထားခြင်းမှာ အထက်တွင် ဖော်ပြထားသကဲ့သို့ အစီရင်ခံစာတွင် ဘေးအန္တရာယ်များကြောင့် လူ့အသက်နှင့် နိုင်ငံ၏ ဂျီဒီပီထိခိုက်ဆုံးရှုံးမှုတစ်ခုတည်းကိုသာ အခြေခံတွက်ချက်ထားခြင်းဖြစ်ပြီး အခြားအရေးပါသောအချက်များဖြစ်သည့် နိုင်ငံ၏စွမ်းဆောင်နိုင်မှုအခြေအနေ၊ ရရှိနိုင်သည့် အရင်းအမြစ် အစရှိသည်တို့ကို ထည့်သွင်း တွက်ချက်ထားခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ၂၀၀၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် လူဦးရေ ၁၄၀၀၀၀ ခန့် သေဆုံးခဲ့ပြီး စီးပွားရေးတိုက်ရိုက်ဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံခန့် ထိခိုက်ဆုံးရှုံးခဲ့သည့် အဖျက်စွမ်းအား ကြီးမားသော နာဂစ်မုန်တိုင်းဘေး တစ်ကြိမ်ကျရောက်ခဲ့ခြင်းသည် ထိခိုက်ဆုံးရှုံးနိုင်ခြေအများဆုံး ၁၀ နိုင်ငံစာရင်းတွင် ဒုတိယဖြစ်ခဲ့ခြင်း၏ အဓိကအကြောင်းအရင်း ဖြစ်ပါသည်။

ထို့အပြင် အထက်ဖော်ပြပါ World Risk Index (WRI) နှင့် Global Climate Risk Index (CRI)တို့အပြင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးနိုင်မှုအခြေအနေကို လေ့လာဆန်းစစ်ထားသော အစီရင်ခံစာများဖြစ်သည့် Notre Dame Global Adaptation Country Index (ND-GAIN)၊ Disaster Risk Index (DRI) နှင့် INFORM အစီရင်ခံစာများလည်းရှိပါသည်။ အဆိုပါ အစီရင်ခံစာများမှ တိုင်းတာသည့် အညွှန်းကိန်းတန်ဖိုးများအကြား ဆီလျော်ညီညွတ်မှုနှင့် အဆိုပါ အညွှန်းကိန်းများ၏ ယုံကြည်ကိုးစားနိုင်မှုအနေအထားကို ဇယားတွင် လေ့လာနိုင်ပါသည်-

ဇယားတွင် အစီရင်ခံစာငါးခုမှ တိုင်းတာသည့် အညွှန်းကိန်းများအကြား ဆက်စပ်မှုအနေအထားကို ဖော်ပြထားပါသည်။ ဖော်ပြပါ အစီရင်ခံစာနှစ်ခုအကြား ဆက်စပ်မှုကိုပြသည့် အညွှန်းကိန်းတန်ဖိုးမှာ အပေါင်း (၁)နီးပါးရှိပါက တိုက်ရိုက်ဆက်စပ်မှုရှိခြင်းကိုဆိုလိုပြီး အညွှန်းကိန်းတန်ဖိုးမှာ အနုတ်(၁)နီးပါးရှိပါက ပြောင်းပြန်ဆက်စပ်မှု ရှိခြင်းကို ဆိုလိုပါသည်။ ထို့အပြင် အညွှန်းကိန်းတန်ဖိုး (၀)နီးပါးတွင် ရှိခြင်းသည် ဖော်ပြပါ အစီရင်ခံစာနှင့် အခြားအစီရင်ခံစာတစ်ခုတွင် အသုံးပြုနေသည့် အညွှန်းကိန်းများအကြား ဆက်စပ်မှုအားနည်းခြင်းကို ဖော်ပြခြင်းဖြစ်ပါသည်။

ဖော်ပြပါ အစီရင်ခံစာငါးခုအနက် ND-GAIN၊ CRI နှင့် INFORM အစီရင်ခံစာသုံးခုအရ မြန်မာနိုင်ငံသည် အခြားအာဆီယံနိုင်ငံများဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့နည်းတူ သဘာဝဘေးနှင့် လူဖန်တီးသည့် ဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးနိုင်မှုများသည့် နိုင်ငံပေါင်း ၂၅ နိုင်ငံတွင် ပါဝင်ကြောင်း ဖော်ပြထားပါသည်။ ကုလသမဂ္ဂမှထုတ်ပြန်သည့် World Risk Report တွင်မူ သဘာဝဘေးအန္တရာယ်ကြောင့် လူမှုစီးပွားဘဝထိခိုက်ဆုံးရှုံးနိုင်မှုအနေအထားကိုသာ လေ့လာခြင်းဖြစ်ပြီး IASC and European Commission တို့မှ ထုတ်ပြန်သည့် INFORM အစီရင်ခံစာတွင်မူ သဘာဝဘေးအန္တရာယ်ကိုသာမက လူဖန်တီးသည့် ဘေးအန္တရာယ်များကိုပါ ထည့်သွင်းလေ့လာထားကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ရာ သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးနိုင်မှုကို ကြိုတင်တွက်ချက်ထားခြင်းအားဖြင့် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများကို စနစ်တကျ ရေးဆွဲဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ (ဥပမာအားဖြင့် မြေငလျင်ဇုန်အတွင်းကျရောက်နေသည့် မြို့ပြဒေသများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင် အဆောက်အအုံဆောက်လုပ်ခြင်းဆိုင်ရာ ပုံစံဒီဇိုင်းများနှင့် စံချိန်စံညွှန်းသတ်မှတ်မှုများကို စီမံဆောင်ရွက်ထားနိုင်မည်ဖြစ်ပါသည်။

ထို့အပြင် အဆိုပါ ထိခိုက်ဆုံးရှုံးနိုင်မှုအနေအထားကို ထည့်သွင်းစဉ်းစား၍ နိုင်ငံတစ်နိုင်ငံ၏ သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့် ဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုလျော့ပါးရေး အစီအမံများကိုလည်း အလေးထားဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် ထိခိုက်ဆုံးရှုံးနိုင်ခြေဆန်းစစ်ချက် (Risk Assessment)များ ပြုလုပ်ထားရန် အရေးကြီးသကဲ့သို့ အဆိုပါ လေ့လာဆန်းစစ်မှုများ၏ တွေ့ရှိချက်များကိုလည်း သက်ဆိုင်သည့် အဖွဲ့အစည်းများနှင့် ပြည်သူများအကြား ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် ဆောင်ရွက်ပေးခြင်းအားဖြင့် ဘေးအန္တရာယ်ဆိုင်ရာ အသိ၊ သတိ ရှိသော လူ့ဘောင်အဖွဲ့အစည်းတစ်ခုကို ထူထောင်နိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

**ထိခိုက်ဆုံးရှုံးနိုင်မှုအနေအထားကို ထည့်သွင်းစဉ်းစား၍ နိုင်ငံတစ်နိုင်ငံ၏ သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် ဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုလျော့ပါးရေး အစီအမံများကိုလည်း အလေးထားဆောင်ရွက်နိုင်မည်ဖြစ်။**

ကျမ်းကိုးစာရင်း-

(i) International Disaster Database
(ii) Post-Nargis Joint Assessment (PONJA) (2009)
(iii) Multi-hazard Risk Assessment in Nargis Affected Areas (2009)
(iv) World Risk Report(2016)
(v) Global Climate Risk Index (2016 )
(vi) Index for Risk Management (2017)

## လှိုင်ကော်မြို့၌ ဇီဇဝါဒါနငါးလွှတ်ပွဲနှင့် မိုးကောင်းဘုရားကြီး ရေသပ္ပာယ်ပူဇော်ပွဲ ပြုလုပ်

**လှိုင်ကော် မေ ၁၇**

ကယားပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် ပထမအကြိမ် ဇီဝိတဒါနငါးလွှတ်ပွဲကို မြန်မာနှစ်ဆန်း ၁ ရက် ယနေ့ နံနက် ၇ နာရီက လှိုင်ကော်မြို့ နောင်ယားကန်သာ၌ ပြုလုပ်ရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့်ဇနီး ဒေါ်မြင့်မြင့်မော်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေးနှင့် ဇနီး ဒေါ်နန်းစောခင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့်အဖွဲ့သည် နောင်ယားကန်သာအတွင်း ဇီဝိတဒါန ငါးများလွှတ်ပေးခဲ့ရာ နောင်ယားကန်သာနှင့် ဘီလူးချောင်းအတွင်း ငါးမြစ်ချင်း ၁၂၀၀၀၊ မြက်စား ငါးကြင်း ၁၂၀၀၀၊ ရွှေဝါငါးကြင်း ၅၆၀၀၀ စုစုပေါင်း ငါးအကောင်ရေ ၈၀၀၀၀ အား ဇီဝိတဒါနငါးများ လွှတ်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ လှိုင်ကော်မြို့ မင်္ဂလာရပ်ကွက်ရှိ ဆုတောင်းပြည့်မဟာမြတ်မုနိ မိုးကောင်းဘုရားကြီးအား ရေသပ္ပာယ်ပူဇော်ပွဲ ပြုလုပ်ရာ ကယားပြည်နယ်သံဃနာယကဥက္ကဋ္ဌ ကျောင်းထိုင်သင်တန်းကျောင်း ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆရာတော်များဦးဆောင်ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့က မိုးကောင်းဘုရားကြီးနှင့် ဂြိုဟ်ပြေ နာမ်ပြေဘုရားများအား ရေသပ္ပာယ်ပူဇော်ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ပြည်တွင်းရေးရာ

**မြန်မာ့နှစ်သစ်မှ**

နိုင်ငံတော်သမ္မတနှင့်ဇနီး၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့နှင့်အတူ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီး၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပျဉ်းမနားမြို့ မဟာဝိသုတာရာမစျေးကုန်းကျောင်းတိုက် ဆရာတော်ထံမှ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဧည့်ပရိသတ်များက ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြရာ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဧည့်ပရိသတ်များက နာယူကြသည်။

ယင်းနောက် ပျဉ်းမနားမြို့ မဟာဝိသုတာရာမစျေးကုန်းကျောင်းတိုက် ဆရာတော်နှင့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်သမ္မတနှင့် ဇနီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဧည့်ပရိသတ်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် ပျဉ်းမနားမြို့ မဟာဝိသုတာရာမစျေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံမှ ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် အန္တရာယ်ကင်းပရိတ်တရားတော် နာယူပွဲသို့ ကြွရောက်တော်မူကြသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဧည့်ပရိသတ်များက နေ့ဆွမ်းဆပ်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**



**အန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲသို့ ကြွရောက်တော်မူကြသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)**



# နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ၌ အန္တရာယ်ကင်းပရိတ်တရားတော်နာယူခြင်း မင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် မေ ၁၇**

၁၃၇၉ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ အန္တရာယ်ကင်း ပရိတ်တရားတော်နာ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်(င)ဆောင်ရှိ အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် ဥတ္တရသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ သာမဏေကျော်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တတေဇောဘာသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ သာမဏေကျော်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တတေဇောဘာသထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်း ပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များထံ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဧည့်ပရိသတ်များက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားဂုဏ်ပြုပူဇော်ပွဲ တက်ရောက်

**မြဝတီ မေ ၁၇**

ကရင်ပြည်နယ် မြဝတီမြို့၌ ရောက်ရှိနေသည့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ယနေ့နံနက်ပိုင်း နှစ်ဆန်းတစ်ရက်နေ့ နှစ်သစ်ကူး အချိန်အခါတွင် မြဝတီခရိုင်၏ ဇီဝိတဒါန ငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွား ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားများသို့ တက်ရောက်သည်။

မြဝတီခရိုင်၏ ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအနီး သောင်ရင်းမြစ်၌ ကျင်းပရာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်ဇနီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝတ်ရွတ်အသင်း၊ ဘာသာရေးအသင်းအဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များက ငါးသားပေါက်များကို သောင်ရင်းမြစ်အတွင်းသို့ ဇီဝိတဒါန ငါးလွှတ်ပေးကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် မြဝတီမြို့ ရွှေမြင်းဝန်စေတီတော် ဂေါပကရုံး၌ ကျန်းမာရေးစောင့်ရှောက်မှု ခံယူနေကြသည့် သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ရွှေမြင်းဝန်စေတီတော် သာသနဟိတကာရီဓမ္မဗိမာန်တော်၌ ကျင်းပသည့် သက်ကြီးဘိုးဘွား ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားသို့တက်ရောက်ပြီး သက်ကြီးဘိုးဘွားများအား ထောက်ပံ့ငွေများနှင့် လှူဖွယ်ပစ္စည်းများ ပေးအပ်ကြသည်။



အဆိုပါ သက်ကြီးဘိုးဘွား ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားသို့ မြဝတီမြို့ပေါ်ရှိ ရပ်ကွက်ကြီး ငါးခုမှ အသက် (၈၀)နှစ်နှင့် အထက် သက်ကြီးဘိုးဘွား ၂၇၄ ဦးကို ဂုဏ်ပြုပူဇော်ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးရောင်တော်ဖွင့် မင်္ဂလာအခမ်းအနားကျင်းပ

**ရန်ကုန် မေ ၁၇**

အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား)၏ (၁၆)ကြိမ်မြောက် မျက်နှာသစ်တော်ရေ ဆက်ကပ်လှူဒါန်းခြင်းနှင့် ရောင်တော်ဖွင့်မင်္ဂလာအခမ်းအနားကို ၁၃၇၉ ခုနှစ် မြန်မာ့နှစ်ဆန်းတစ်ရက် (မေ ၁၇ ရက်) နံနက် ၆ နာရီတွင် ကျောက်တော်ကြီးဘုရား၏ ဂန္ဓကုဋိတိုက်၌ ကျင်းပရာ ရှေးဦးစွာ ဧည့်သည်တော်များနှင့်ဂေါပကများနေရာယူကြပြီး နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ရုပ်ပွားတော်မြတ်ကြီးအား ဆွမ်း၊ ရေချမ်း၊ ပန်း၊ သစ်သီးဆွမ်းများ ဆက်ကပ်လှူဒါန်းပြီး ဩကာသကန်တော့ချိုးဖြင့် ဘုရားကန်တော့၍ အင်္ဂါရှစ်ရပ်နှင့် ပြည့်စုံသော ရှစ်ပါးသီလတော်မြတ်ကို ခံယူဆောက်တည်ပြီး ဧည့်သည်တော်များနှင့် ဂေါပကအဖွဲ့များက ရုပ်ပွားတော်မြတ်ကြီးအား မျက်နှာသစ်တော်ရေ ဆက်ကပ်လှူဒါန်းရန်နှင့် ရောင်တော်ဖွင့်ရန်အတွက် လက်ယာရစ်သုံးပတ်ပတ်ပူဇော်ပြီး ငြမ်းအထက်သို့ တက်ရောက်နေရာယူကာ သံငြမ်းအထက်တော်၌ လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်ကြီးအား မျက်နှာတော်သစ်ခြင်း၊ ဒန်ပူစားခြင်း၊ ယပ်သွင်းပူဇော်ခြင်းများကို မဟာသဒ္ဓမ္မဇောတိကဓဇ ဦးရှိန်အောင်ဗိုလ်က သဗ္ဗဇေယျမင်္ဂလာအောင်ဂါထာတော်ဖြင့် ရွတ်ဖတ်ပူဇော်ပြီး မျက်နှာသစ်ရောင်တော်ဖွင့်အစီအစဉ်များကို ဧည့်သည်တော်များ၊ ဂေါပကအဖွဲ့များက အမွှေးနံ့သာဖျန်းခြင်း၊ မျက်နှာတော်သစ်ခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြင့်)**



နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဝန်ကြီးဌာနများ၊ ရပ်ကွက်များ၊ ဝန်ထမ်းအိမ်ရာများ၊ ဓမ္မာရုံများသို့ ဆရာတော်၊ သံဃာတော်များအားပင့်ဖိတ်ပြီး ပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများ နာကြားကြကာ ကုသိုလ်ကောင်းမှုအစုစုတို့အတွက် အမျှပေးဝေကြသည်။ **(သတင်းစဉ်)**

**▲နေပြည်တော်၌**

ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် လိုဏ်ဂူတော်အတွင်း၌ နဝမအကြိမ် နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲ မင်္ဂလာအခမ်းအနားကိုကျင်းပရာ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်သည့် ပရိတ်တရားတော်များနှင့် အနန္တရာယိကကမ္မဝါစာများကို ဧည့်ပရိသတ်များက နာယူကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ဘုရားဖူးလာပြည်သူများက ဗုဒ္ဓရုပ်ပွားတော်များအား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့အတူ မွန်းလွဲပိုင်းတွင် ကမ္ဘာသူ ကမ္ဘာသားများနှင့် မြန်မာနိုင်ငံသားများ ကျန်းမာချမ်းသာ၍ ဘေးအန္တရာယ် ကင်းရှင်းစေရန် ရည်ရွယ်ပြီး ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာ ရာမဈေးကုန်းကျောင်းတိုက် ပဓာန နာယကဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များက နေပြည်တော်ကောင်စီနယ်မြေအတွင်း ရဟတ်ယာဉ်ဖြင့်လှည့်လည်၍ **(ယာပုံ)**နှစ်သစ်ဦး မင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပြီး ပရိတ်ရေများဖျန်းပက်ကာ မေတ္တာပို့သကြသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေရှိ ထင်ရှားသော သတ္တသတ္တာဟစေတီတော်၊ မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီး၊ ဓာတုဇယဓာတ်ပေါင်းစုစေတီတော်၊ ကိုးခန်းဘုရားကြီး၊ ဆုတောင်းပြည့်လောကမာရဇိန်စေတီ၊ ရန်အောင်မြင်စေတီစသည့် တန်ခိုးကြီးဘုရားစေတီများ၌ ဥပုသ်သီလ ခံယူဆောက်တည်ကြသူများ၊ စတုဒိသာ ကျွေးမွေးလှူဒါန်းကြသူများဖြင့် စည်ကားလျက်ရှိပြီး ဇီဝိတဒါနအဖြစ် ငါးနှင့် ငှက်များကို ဘေးမဲ့လွှတ်ပေးကြသည်ကိုလည်း တွေ့ရသည်။

**■ ရန်ကုန်၌**

ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ပရိတ်တရားတော်များနာယူကြပြီး ရေစက်ချအမျှပေးဝေခြင်း၊ နံနက် ၇ နာရီတွင် ရွှေတိဂုံစေတီတော် ဝတ္တကမြေ အနောက်ဘက်ရှိ ရှင်ဥပဂုတ္တမင်္ဂလာကန်တော်၌ ဇီဝိတဒါန ဘေးမဲ့သက်လွှတ်ပွဲကျင်းပခြင်းနှင့် နံနက် ၈ နာရီတွင် ရင်ပြင်တော်ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ (၂၉)ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲတို့ကို ကျင်းပကြသည်။

ရွှေတိဂုံဘုရားလမ်း ဓမ္မရက္ခိတကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော မဟာဝိဇယစေတီတော် ဂန္ဓကုဋိတိုက်အတွင်းရှိ အပ္ပရာဇိတပလ္လင်ပေါ်၌ သီတင်းသုံးစံပယ်လျက်ရှိသည့် "မုစ္စလိန္ဒာ နဂါးမျိုးနွယ်၊ နဂါးကိုးကောင်တို့က ဆင်းတုတော်အား အသွယ်သွယ်ရစ်ပတ်ကာ ခန္ဓာကိုယ်များကို သက်နှင်းသဖွယ် ကပ်လှူပူဇော်ထားအပ်သော နာဂစိဝရာပဋ္ဌပဋိမာမြတ်စွာဘုရားဆင်းတုတော်မြတ်"ကို ရောင်ခြည်တစ်ထောင် အလင်းဆောင်သည့် ဘာနုရာဇာနေမင်းကြီးသည် မိမိအလင်းရောင်ဖြင့် တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ရက် ၁၃၇၉ ခုနှစ် မြန်မာနှစ်ဆန်း တစ်ရက်နေ့ (၂၀၁၇ ခုနှစ် မေ ၁၇ ရက်) (တနင်္လာနေ့) နံနက် ၈ နာရီ ၃၅ မိနစ်တွင် တစ်ကြိမ်၊ ညနေ ၃ နာရီ ၂၅ မိနစ်တွင် တစ်ကြိမ် နှစ်ကြိမ်တိုင်တိုင် ပူဇော်သည်။

နေမင်းကြီးက မြတ်စွာဘုရားသခင်အား အလင်းရောင်ဖြင့် ဦးခိုက်ပူဇော်ချိန်တွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားအား ဖူးမြော်ပူဇော်၍ ဆုတောင်းအဓိဋ္ဌာန်ပြုကြသည်။

ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်၌ စေတီဝင်းအတွင်းရှိ ကျောင်းတိုက်အသီးသီးမှ ဆရာတော်၊ သံဃာတော်များက နံနက် ၉ နာရီတွင် သီလပေးတရားတော်များကိုလည်းကောင်း၊ မွန်းလွဲ ၁ နာရီခွဲတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကိုလည်းကောင်း ဟောကြားချီးမြှင့်တော်မူကြပြီး စေတနာရှင်၊ အလှူရှင်များက ဘုရားဖူးလာပြည်သူများအား စတုဒိသာများ ကျွေးမွေးလှူဒါန်းကြသည်။

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားသကဲ့သို့ စတုဒိသာကျွေးမွေးလှူဒါန်းသူများမှာ မိသားစုအလိုက်၊ အဖွဲ့အစည်းအလိုက် များပြားသည်ကိုလည်း တွေ့ရသည်။



**ဗိုလ်တထောင် ဆံတော်ဦးစေတီတော်တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားစွာတွေ့ရစဉ်။ (ဓာတ်ပုံ-ဇော်မင်းလတ်)**



**ရွှေတိဂုံစေတီတော် ချမ်းသာကြီးတန်ဆောင်း၌ (၂၉)ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနား ကျင်းပစဉ်။ (ဓာတ်ပုံ-လှမိုး)**

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ မွန်းလွဲ ၁ နာရီတွင် အာရုံခံတန်ဆောင်းအပေါ်ထပ်၌ စေတီတော်ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးသိန်းဦးက နှစ်သစ်မင်္ဂလာအခါတော်နေ့အကြောင်း ဓမ္မပူဇာမင်္ဂလာထောမနာပြောကြား၍ မင်္ဂလသုတ် အမွှန်းရွတ်ဆိုပူဇော်ခြင်း၊ မင်္ဂလသုတ်ပါဠိတော်ကို ဘာသာရေးဝတ်အသင်းသား အသင်းသူများက စုပေါင်းရွတ်ဖတ်ပူဇော်ကြကာ မေတ္တာပို့အမျှပေးဝေကြသည်။

ဝရဒါဌာ ဓာတုစေတိယစွယ်တော်မြတ်စေတီတော်(ရန်ကုန်) ဂေါပကအဖွဲ့က ကြီးမှူး၍ ဆရာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြခြင်း၊ ဆရာတော်များက ပရိတ်တရားတော်များချီးမြှင့်ခြင်း (၁၉)ကြိမ်မြောက် ဇီဝိတဒါန ငါးလွှတ်ပွဲများကို နှစ်ဦးဒါနအဖြစ် ပြုလုပ်ကြသည်။

လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား)၌ (၁၆) ကြိမ်မြောက် မျက်နှာသစ်တော်ရေ ဆက်ကပ်လှူဒါန်းခြင်းနှင့် ရောင်တော်ဖွင့်ခြင်း မင်္ဂလာအခမ်းအနားတို့ကို နံနက် ၆ နာရီတွင် ဂန္ဓကုဋိတိုက်၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဝတ်အသင်းအဖွဲ့များက ရုပ်ပွားတော်မြတ်ကြီးအား ဆွမ်း၊ ရေချမ်း၊ ပန်းနှင့် သစ်သီးဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ရှစ်ပါးသီလခံယူဆောက်တည်ခြင်း၊ မျက်နှာသစ်တော်ရေ ဆက်ကပ်လှူဒါန်းခြင်းနှင့် ရောင်တော်ဖွင့်ခြင်း မင်္ဂလာအခမ်းအနားတို့ကို ဆောင်ရွက်ကြကာ အဘယဒါနအဖြစ် ငါးများဘေးမဲ့လွှတ်ကြပြီး ဓမ္မတေးသီချင်းများဖြင့် ပူဇော်ကြသည်။

သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့က ကြီးမှူး၍ နံနက် အရုဏ်တက်ချိန်တွင် နှစ်သစ်ကူး ဆွမ်းဦးတင်ကပ်လှူခြင်း၊ နံနက် ၁၀ နာရီတွင် ကျိုက်ဝိုင်းရွှေလက်ကောက်ကျောင်း ဆရာတော်ထံမှ ပရိသတ်များက ရှစ်ပါးသီလနှင့် ရေစက်ချတရားတော်တို့ကို ခံယူဆောက်တည်ကြပြီး ရွှေပြည်သာမြို့နယ်မှ စေတနာရှင်၊ အလှူရှင်များက စတုဒိသာများဖြင့် ကျွေးမွေးလှူဒါန်းကြသည်။

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)က ကြီးမှူး၍ (၄၄)ကြိမ်မြောက် မွန်သက်ကြီးပူဇော်ပွဲနှင့် ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား (၁၄)ကြိမ်မြောက် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတို့ကို နံနက် ၉ နာရီက ရွှေတိဂုံဘုရားလမ်းရှိ မွန်ဓမ္မာရုံ၌ကျင်းပရာ ကော်မတီဥက္ကဋ္ဌ နိုင်စိုးအောင်က ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ပြောကြားပြီး မွန်သက်ကြီးဘိုးဘွားများကို ရှိခိုးကန်တော့ကာ သက်ကြီးဘိုးဘွားများကိုယ်စား အဘိုး နိုင်ချစ်ဖေနှင့် အဘွား မိထွေးလှိုင်တို့က ဩဝါဒစကားများပြောကြားကြသည်။

ယင်းနောက် သက်ကြီးဘိုးဘွားများအား ကန်တော့ပစ္စည်းများ လက်ဝယ်အရောက် ဂါရဝပြုပေးအပ်ပြီး ထူးချွန်ကျောင်းသား ကျောင်းသူ ၁၆ ဦးတို့အား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆရာတော်၊ သံဃာတော်များက မော်တော်ယာဉ်များဖြင့် ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များအတွင်းရှိ လမ်းမကြီးများတစ်လျှောက်၌ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ခြင်း၊ ပရိတ်ရေများပက်ဖျန်းခြင်း၊ ရပ်ကွက်များတွင် လမ်းများအလိုက် ဆရာတော်၊ သံဃာတော်များအားပင့်ဖိတ်၍ နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းများ ပြုလုပ်ကြသည်ကို တွေ့ရသည်။

ယနေ့တွင် ပုဂ္ဂလိက အငှားယာဉ်အချို့နှင့် YBS ယာဉ်လိုင်းအချို့တို့ကလည်း ခရီးသွားပြည်သူများထံမှ ယာဉ်စီးခမယူဘဲ ကုသိုလ်ဖြစ် အခမဲ့စီးနင်းခွင့်ပြုကြကြောင်း သိရသည်။

ယနေ့သည် မြန်မာနှစ်ဆန်းတစ်ရက်နေ့ဖြစ်သည့် အားလျော်စွာ ဘုရား၊ ကျောင်း၊ ကန်များ၌ ဥပုသ်သီတင်းခံယူဆောက်တည်ခြင်း၊ ဇီဝိတဒါန ဘေးမဲ့လွှတ်ခြင်း၊ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ကြကာ ခေါင်းလျှော်ပေးခြင်း၊ လက်သည်း ခြေသည်းညှပ်ပေးခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း စသည့် ကုသိုလ်ကောင်းမှု အလှူဒါနအစုစုတို့ ကျင်းပကြသည်ကို ရန်ကုန်တိုင်းဒေသကြီးသာမက မြန်မာပြည်အနှံ့ ကြည်နူးဖွယ်ရာ တွေ့မြင်ရသည်။ ယင်းမှာ မြန်မာတို့၏ ရှေးဘိုးဘွားများလက်ထက်မှစတင်ခဲ့သည့် ကောင်းမြတ်သော ရိုးရာယဉ်ကျေးမှုအစဉ်အလာ လက်ဆင့်ကမ်းအမွေပုံရိပ်ကောင်းများပင် ဖြစ်သည်။

**သတင်း - ရီရီမြင့်၊ မြတ်စန္ဒီ**

**❑မန္တလေး၌**

သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲများ ကျင်းပခြင်း၊ အသက်ဂုဏ်ဝါကြီးမြင့်သည့် ဘိုးဘွားများအား တစ်ကိုယ်ရေသန့်ရှင်းပေးခြင်း၊ ဘုရားပုထိုး၊ စေတီ၊ ကျောင်းကန်၊ ဓမ္မာရုံများသို့သွားရောက်၍ ဗုဒ္ဓရုပ်ပွားတော်များအား ရေသပ္ပာယ်ခြင်း၊ ရဟန်းရှင်လူပြည်သူများအား စတုဒိသာဒါနပြုခြင်း၊ ဘာဝနာတရားပွားများအားထုတ်ခြင်း၊ အလှူဒါနပြုခြင်း၊ တိရစ္ဆာန်များအား ဘေးမဲ့လွှတ်ခြင်း၊ ဇီဝိတဒါနသက်လွှတ်ပွဲများကျင်းပခြင်း၊ သွေးလှူဒါန်းခြင်း စသည့် ကောင်းမှုကုသိုလ်အစုစုတို့ကို မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာမပြတ် ထိန်းသိမ်းစောင့်ရှောက်လျက် ကုသိုလ်ဘာဝနာပွားများကြသူများဖြင့် တိုးမပေါက်အောင် စည်ကားလျက်ရှိသည်။

ထိုသို့ ကုသိုလ်ပွားများကြရာတွင် ယနေ့နံနက် ၄ နာရီတွင် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်အား သဲကုန်းကျောင်း တောင်ပြင်ထီးလင်းတိုက် ရေတော်ဆရာတော် သာသနဓဇ ဓမ္မာစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တဥက္ကဋ္ဌအရှင်သူမြတ်အမှူးပြု၍ မျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး ရွှေသင်္ကန်းကပ်လှူကာ ပန်း၊ ဆွမ်း၊ ရေချမ်းဆက်ကပ်ပူဇော်ကြသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့်ဇနီး ဒေါက်တာယုယုမေ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများသည် ဗုဒ္ဓဘာသာဝင် သူတော်စင် ရဟန်းရှင်လူပြည်သူများ၊ အလှူရှင်များနှင့်အတူ မဟာမုနိရုပ်ရှင်တော်မြတ်အား ဖူးမြော်ကြည်ညိုခြင်း၊ ရွှေသင်္ကန်းကပ်လှူခြင်း၊ ဆွမ်း၊ ပန်း၊ ဆီမီးပူဇော်ခြင်း၊ ဘုရားပရိဝုဏ်ရှိဘုရားဆင်းတုတော်များအား ဆွမ်းသပိတ် ၂၅၀ ကပ်လှူပူဇော်ခြင်းစသည့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြပြီး မဟာမုနိဘုရားကြီးတွင် ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အလားတူ မန္တလေးတောင်တော် ဆုတောင်းပြည့်ဘုရား၊ ကုသိုလ်တော်၊ ကျောက်တော်ကြီး၊အရှေ့ပြင်လုံးဆိုင်ရာ အောင်တော်မူဆုတောင်းပြည့်ဘုရား၊ ဆုတောင်းရ၊ ဆုတောင်းပြည့်ဘုရား၊ ရွှေကျီးမြင်ဘုရား၊ ဘုရားနီဘုရား၊ စွယ်တော်မြတ်စေတီတော်စသည့် တန်ခိုးကြီးဘုရားပုထိုး စေတီတော်များတွင်လည်း ဘုရားဖူးလာပြည်သူများ၊ ကုသိုလ်ပြုကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်၌လည်း ယနေ့နံနက်ပိုင်းမှ မွန်းလွဲပိုင်းအထိ အနယ်နယ်အရပ်ရပ်မှ လူမှုရေးအသင်းအဖွဲ့များ၊ သွေးလှူအသင်းအဖွဲ့များမှ သွေးလှူရှင်များက သန့်စင်သောသွေးများ လာရောက်လှူဒါန်းလျက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး နှင့် အစိုးရအဖွဲ့ဝင်များက သွေးလှူရှင်များအား သွားရောက်အားပေးဂုဏ်ပြုခဲ့ပြီး ဆေးရုံကြီးမှလည်း သွေးလှူရှင်များအား အာဟာရပြည့်အစားအစာများ၊ အားဆေးများ၊ ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်း ပေးအပ်ခဲ့သည်။

ယနေ့မွန်းလွဲ ၁ နာရီတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မိသားစုများ၏ မြန်မာနှစ်ဆန်းတစ်ရက် အန္တရာယ်ကင်းပရိတ်တရားတော် နာယူပွဲကို မြို့တော်ခန်းမ၌ကျင်းပရာ မန္တလေးမြို့တော်ဝန်နှင့်ဇနီး၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဝန်ထမ်းမိသားစုများက ဆရာတော်ကြီးများထံမှ ပရိတ်တရားတော်များ နာယူကြည်ညိုကြကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့သူ မြို့သားများ အန္တရာယ်ကင်းဝေးစေရေးအတွက် ရေတွန်းစက်ရုံများရှိ ရေလှောင်ကန်အတွင်းသို့ ဆရာတော်များ ရွတ်ဖတ်ချီးမြှင့်ပေးသော အန္တရာယ်ကင်းပရိတ်တော်ရေများကို သွန်းလောင်းပေးခဲ့သည်။

အလားတူ ယနေ့ညနေ ၅ နာရီတွင်လည်း ပြန်ကြားရေးဝန်ကြီးဌာနသတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် (မန္တလေး) စာတည်းမှူးဦးလှရွှေနှင့်ဇနီး၊ ဝန်ထမ်းမိသားစုများသည် သတင်းစာတိုက်တွင် တိုက်တော်ကျောင်းတိုက် နာယကဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ပင့်ဖိတ်၍ အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယနေ့ညနေပိုင်းတွင်လည်း မြို့နယ်အသီးသီးရှိ ရပ်ကွက်၊ ဓမ္မာရုံများနှင့် လမ်းများတွင် သံဃာတော်များအား ပင့်ဖိတ်၍ အန္တရာယ်ကင်းပရိတ်တရားတော်နှင့် ကမ္မဝါစာများ နာကြားကြကာ နှစ်သစ်တွင် မကောင်းမှုကင်းစင်၍ ကောင်းမှုမင်္ဂလာများတိုးပွားစေရန် ကုသိုလ်ပွားများကြရာ ယနေ့မြန်မာနှစ်ဆန်းတစ်ရက် နှစ်သစ်မင်္ဂလာအခါသမယတွင် မန္တလေးမြို့တော်တစ်ဝန်းလုံး၌ ကုသိုလ်ပြုသူများ၊ ကုသိုလ်သံများဖြင့် ဝေဆာလျက်ရှိသည်ကို တွေ့မြင်ကြားသိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ နှစ်သစ်ကူး ဆုမွန်စကား



နှစ်ဟောင်းကနေ နှစ်သစ်ကို ကူးတဲ့အချိန်မှာ နိုင်ငံသူ နိုင်ငံသားအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ လိုအင်ဆန္ဒများလည်း ပြည့်စုံကြပါစေ၊ ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းပြီး လိုအပ်ချက်အားလုံးကို စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာနဲ့ ကျော်လွှားနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။ ဒီသင်္ကြန်ဆိုတာ ဗုဒ္ဓဘာသာတွေရဲ့ ယဉ်ကျေးမှုပွဲလေးဖြစ်ပါတယ်။ ဒီပွဲလုပ်တယ်ဆိုတာ အမှန်တော့ ဒီကာလအတွင်းမှာ ကုသိုလ်ကောင်းမှုလုပ်ကြတယ်။ တချို့ကလည်း တရားဘာဝနာပွားတယ်။ တချို့ကလည်း ရဟန်းခံရှင်ပြုလုပ်ကြတယ်။ တချို့လည်း အလှူအတန်းလုပ်ကြတယ်။ တချို့ကလည်း ရိုးရာအပျော်အပါးလေးတွေ လုပ်ကြတာပေါ့။ ဒါက ခွန်အားတစ်ခုတည်ဆောက်တာပဲ။

ဒီ ရတဲ့ ခွန်အားလေးက နောင်နှစ်သစ်ကျရင် အဲဒီခွန်အားနဲ့ အဲဒီနှစ်သစ်ကို ကျော်လွှားနိုင်ဖို့အတွက် ကြိုးစားကြရတာပေါ့။ နိုင်ငံသူ နိုင်ငံသားအားလုံး နှစ်သစ်မှာ အဲဒီခွန်အားနဲ့ ကျော်လွှားနိုင်ဖို့အတွက် အခွင့်အရေးရဖို့လိုတယ်။ အခွင့်အရေး ရအောင်လည်း ဆောင်ရွက်ပေးဖို့တာဝန်ရှိပါတယ်။ ဒီလို ရတဲ့အခွင့်အရေးအပေါ် မူတည်ပြီး နိုင်ငံသူ နိုင်ငံသားအားလုံးက နောင်လာမယ့် ၁၃၇၉ ခုနှစ်မှာလည်း ကျော်လွှားနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။ နောက်တစ်ခုက ငြိမ်းချမ်းရေးပေါ့။ ငြိမ်းချမ်းရေး အရေးကြီးပါတယ်။ တိုင်းပြည် ငြိမ်းချမ်းမှ တိုင်းပြည်တိုးတက်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ခုနကပြောတဲ့ ခွန်အားတွေနဲ့အတူ ငြိမ်းချမ်းရေးရအောင် ကြိုးစားသွားကြဖို့လည်း ဆုမွန်ကောင်းတောင်းပါတယ်။

# မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများ၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားသံများ



ဂျပန်သံအမတ်ကြီး
Tateshi HIGUCHI



တရုတ်သံအမတ်ကြီး
မစ္စတာ ဟုန်လျန်



ဗီယက်နမ်သံအမတ်ကြီး
H.E. Dr. Luan Thuy Duong



အမေရိကန်သံအမတ်ကြီး
စကော့မာစီရယ်



ဥရောပသမဂ္ဂသံအမတ်ကြီး
မစ္စတာ ရိုလန် ကိုဘီယာ



ဗြိတိန်သံအမတ်ကြီး
မစ္စတာ အင်ဒရူး ပက်ထရစ်

### မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး Tateshi HIGUCHI

မြန်မာနှစ်သစ်ကူး အခါသမယမှာ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ မဟာသင်္ကြန်ပွဲတော်ကို မိသားစု၊ သူငယ်ချင်းများနဲ့အတူ ပျော်ရွှင်စွာ ဆင်နွှဲကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ယခု မြန်မာနိုင်ငံဟာ လူမှုရေးနယ်ပယ်မှာသာမက စီးပွားရေးနယ်ပယ်မှာပါ ကြီးမားတဲ့ တိုးတက်ဖြစ်ထွန်းမှုတွေကို ဖော်ဆောင်လျက်ရှိပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ဟာလည်း ယမန်နှစ် နိုဝင်ဘာလမှာ ဂျပန်နိုင်ငံကို တရားဝင် အလည်အပတ်ခရီးလာရောက်ခဲ့ပါတယ်။

ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနဲ့ ထိပ်သီးအစည်းအဝေးပြုလုပ်ခဲ့ပါတယ်။ ဒီနှစ်နိုင်ငံထိပ်သီးအစည်းအဝေးမှာ ပြောကြားခဲ့တဲ့အတိုင်း ဂျပန်နိုင်ငံဟာ အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းပြီး မြန်မာနိုင်ငံရဲ့ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘက်ပေါင်းစုံမှ အပြည့်အဝ ကူညီထောက်ပံ့သွားမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားလိုပါတယ်။

ယခုတစ်နှစ်လုံးဟာ မြန်မာနိုင်ငံသူ နိုင်ငံသားများအတွက် ကောင်းမွန်တဲ့ နှစ်တစ်နှစ်ဖြစ်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်စကားအဖြစ် ပြောကြားလိုက်ပါတယ်ခင်ဗျား။

### မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်

မင်္ဂလာပါ။ ကျွန်တော် ဒီနေရာကနေ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးကို ကိုယ်စားပြုပြီး မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ ပြည်သူများအားလုံး နယ်ပယ်အသီးသီးမှ မိတ်ဆွေများအားလုံးကို နှစ်သစ်ကူး နှုတ်ခွန်းဆက်သလိုက်ပါတယ်။

မိတ်ဆွေများအားလုံး နှစ်သစ်မှာ ပျော်ရွှင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

### မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး H.E. Dr. Luan Thuy Duong

မြန်မာနိုင်ငံသူ နိုင်ငံသားများ နှစ်သစ်မှာ ကျန်းမာချမ်းသာပြီး စီးပွားရေး တိုးတက်အောင်မြင်ပါစေ၊ ကံကောင်းကြပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။

### မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး စကော့မာစီရယ်

မင်္ဂလာပါ။ ပျော်ရွှင်ကျန်းမာသော မြန်မာနှစ်သစ် ဖြစ်ပါစေခင်ဗျာ။ ဒီနှစ်ဟာ အမေရိကန်ပြည်သူတွေနဲ့ မြန်မာပြည်သူတွေကြားက ဆက်ဆံရေးနဲ့ ခင်မင်မှုရဲ့ နှစ်(၇၀)ပြည့်နှစ်ပတ်လည်လည်း ဖြစ်ပါတယ်။

အမေရိကန်ပြည်သူတွေရဲ့ကိုယ်စား ကျွန်တော့်အနေနဲ့ နောက်ထပ်လာမယ့် နှစ်ပေါင်းများစွာမှာလည်း မိတ်ဆွေကောင်းနဲ့ လုပ်ဖော်ကိုင်ဖက်ကောင်းအဖြစ် လက်တွဲသွားဖို့ ရည်ရွယ်မျှော်လင့်ပါတယ်။ မိတ်ဆွေများအားလုံးကို နှစ်သစ်ဆုမွန်ကောင်းတွေ မျှဝေလိုက်ပါတယ်။

### မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး မစ္စတာ ရိုလန် ကိုဘီယာ

EU နိုင်ငံတွေရဲ့ကိုယ်စား ကျန်းမာကြွယ်ဝတဲ့ မင်္ဂလာနှစ်သစ် ၁၃၇၉ ခုနှစ် ဖြစ်ပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

လုပ်ငန်းဆောင်တာတွေ အများကြီး လုပ်ရတဲ့ ထူးခြားတဲ့ နှစ်တစ်နှစ်လို့လည်း ပြောချင်ပါတယ်။ အစီအစဉ်တကျ ကျင်းပခဲ့တဲ့ ကြားဖြတ်ရွေးကောက်ပွဲဟာ တကယ်ပဲ ပညာရှင်ဆန်ဆန် ပြီးမြောက်သွားခဲ့ပါပြီ။

ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ပြီးခဲ့တဲ့နှစ်တွေက ဆောင်ရွက်ပြီးစီးခဲ့တဲ့ လုပ်ငန်းတွေအားလုံးအတွက် ဂုဏ်ပြုချီးကျူးလိုပါတယ်။ EU အနေနဲ့ သင်တို့ရဲ့ ကြိုးစားအားထုတ်မှုကိုကူညီပေးဖို့ အပြုသဘောနဲ့ အထောက်အကူဖြစ်စေတဲ့ မိတ်ဖက်အဖြစ်နဲ့ ဆက်လက်တည်ရှိနေပါတယ်။

မြန်မာနိုင်ငံက ဘောလုံးအားကစားကို အလွန်ပဲ ကြိုက်နှစ်သက်ကြပါတယ်။ ဒါကြောင့် ဘောလုံးနဲ့ တင်စားပြောချင်ပါတယ်။ ဘောလုံးဟာ သိပ်ကို စိတ်ဝင်စားဖို့ကောင်းတဲ့ ကစားနည်းပါ။ ဘာကြောင့်လဲဆိုရင် ကစားသမားအားလုံးဟာ မတူညီတဲ့ စိတ်ဝင်စားဖွယ် ကစားနည်းတွေနဲ့ အသင်းကို ကာကွယ်ပေးရပါတယ်။ ကစားသူအားလုံးက မတူကွဲပြားမှုတွေနဲ့ ကစားကြပါတယ်။ ဒါ့အပြင် ပထမဆုံးအမှတ်ရတဲ့အသင်းဟာ ပြိုင်ပွဲမှာ အနိုင်ရတဲ့ အသင်းတော့ အမြဲတမ်းမဟုတ်ပါဘူး။ အရေးအကြီးဆုံးကတော့ ပြိုင်ပွဲအပြီးမှာ လက်ဆွဲနှုတ်ဆက်နိုင်ဖို့ပါပဲ။ ကစားပွဲရလဒ်ကို လက်ခံကြရမှာပါ။ အမှားလုပ်ခဲ့မိသူတွေကို အနီကတ်ပေးထုတ်ပစ်ရမှာဖြစ်ပြီးတော့ လူတိုင်းဟာ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာရမှာဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့ သိပ်အရေးကြီးတဲ့အချက်ကတော့ သိပ်ကောင်းတဲ့ အသင်းတစ်သင်းဆိုတာ နိုင်ငံတွင်းရှိ မတူညီတဲ့နေရာတွေက လာကြတဲ့ ကစားသမားတွေနဲ့ စုပေါင်းဖွဲ့စည်းထားခြင်းဖြစ်ပါတယ်။ ဒါဟာ နိုင်ငံတကာ ဘောလုံးကစားနည်းပါ။

မြန်မာနိုင်ငံမှာ လှပတဲ့ ကစားနည်းတစ်ခုဖြစ်တဲ့ ခြင်းလုံးလည်းရှိပါတယ်။ ဒီကစားနည်းရဲ့ လှပမှုကတော့ အဖွဲ့ဝင်ကစားသမားအားလုံးဟာ ဘုံရည်ရွယ်ချက်တစ်ခုအောင်မြင်ဖို့အတွက် အတူတူ စုပေါင်းအားထုတ်ကြိုးပမ်းရခြင်းပဲဖြစ်ပါတယ်။

ဒီကစားနည်းက အနိုင်ရရှိဖို့ မဟုတ်ပါဘူး။ ဒီမိုကရေစီအပြောင်းအလဲကို အတူတူပါဝင်ကြပြီး မြန်မာနိုင်ငံအတွက် ကောင်းမွန်တဲ့အရာတွေ ပေးဆောင်နိုင်ဖို့ပဲဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

### မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး မစ္စတာ အင်ဒရူး ပက်ထရစ်

မြန်မာပြည်သူပြည်သားအားလုံး နှစ်သစ်ကူးမှာ ငြိမ်းချမ်းခြင်း၊ ပျော်ရွှင်ခြင်းတွေနဲ့ ပြည့်စုံပြီး လိုအင်ဆန္ဒများ ပြည့်ဝကြပါစေလို့ နှစ်သစ်ဆုတောင်းပို့သလိုက်ပါတယ်။



# တောင်သာ-ကျောက်ပန်းတောင်းလမ်းပေါ်ရှိ လိမ်ပင်တံတားလမ်းလွှဲ မိုးရွာသွန်းမှုများ၍ ရေတိုက်စားပျက်စီး

**တောင်သာ မေ ၁၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်အတွင်း ရန်ကုန်-ပြည်-မန္တလေးလမ်းမိုင်တိုင်အမှတ်(၄၂၃/၃-၄)ကြား တံတားအမှတ်(၁/၄၂၄)(လိမ်ပင်တံတားတည်ဆောက်ဆဲ)တွင် လမ်းလွှဲအား မေ ၁၇ ရက် နံနက် ၆ နာရီခွဲက ရေတိုက်စား၍ ယာဉ်သွားလာမှု ခေတ္တပြတ်တောက်ခဲ့သည်။

အဆိုပါရေတိုက်စားမှုကို တံတားအထူးအဖွဲ့(၅)မှ ပြုပြင်ဆောင်ရွက်လျက်ရှိပြီး ညနေ ၃ နာရီတွင် ယာဉ်များ အဆင်ပြေချောမွေ့စွာ ဖြတ်သန်းသွားလာနိုင်ကြောင်း သိရသည်။

တောင်သာမြို့နယ် တောင်သာ-ကျောက်ပန်းတောင်းလမ်းပေါ်ရှိ အေးရွာကျေးရွာအနီး အသစ်တည်ဆောက်လျက်ရှိသော လိမ်ပင်တံတားလမ်းလွှဲမှာ မိုးရွာသွန်းမှုများ၍ ရေတိုက်စားပျက်စီးခဲ့မှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်းထွန်းဦးဆောင်မှုဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လမ်းဦးစီးဌာနနှင့်တံတားအဖွဲ့တာဝန်ရှိသူများ၊ ဝဲလောင်ရဲစခန်းနှင့် ဝဲလောင်မီးသတ်စခန်းတို့မှ တာဝန်ရှိသူများ စုပေါင်းဆောင်ရွက်မှုဖြင့် ကား၊ ဆိုင်ကယ်များ ဖြတ်သန်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

# ဆိုင်ကလုန်းမုန်တိုင်း မာရသာဖြစ်ပေါ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်း ထိခိုက်ပျက်စီးမှုအနည်းငယ်ရှိ



**နေပြည်တော် မေ ၁၇**

ဆိုင်ကလုန်းမုန်တိုင်း မာရသာသည် ယမန်နေ့ညပိုင်းက ရခိုင်ပြည်နယ် သံတွဲမြို့အနီးမှဖြတ်ကျော်၍ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်ခဲ့သည်။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် မုန်တိုင်း မတိုက်ခတ်မီကပင် ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားမှုများကြောင့် ထိခိုက်ပျက်စီးမှုနည်းပါးခဲ့ကြောင်း သိရသည်။


မာရသာ မုန်တိုင်းကြောင့် မာန်အောင်မြို့တွင် ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းနှင့် လူနေအိမ် အနည်းငယ်ထိခိုက်ပျက်စီးခဲ့ကာ ကာလတန်ဖိုးငွေကျပ် ၅၇ သိန်းကျော်ခန့်ဆုံးရှုံးခဲ့ပြီး ကျောက်ဖြူမြို့နယ် ရုံးချွန်ကျေးရွာအုပ်စု၊ IDP စခန်း အဆောင်အမှတ် (၇)ပြိုလဲ၍ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅ သိန်းဖိုး ခန့်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အလားတူ ရမ်းဗြဲမြို့နယ်တွင်လည်း ဘုန်းတော်ကြီးကျောင်း အမိုးများလန်ခြင်း၊ အုတ်တံတိုင်းပြိုလဲခြင်း၊ ပိုက်ဆိပ်တဲ အလုံး ၇၀ နှင့် ရဲကင်း၊ တိုက်နယ်ဆေးရုံဝန်ထမ်း အိမ်ရာများ အမိုးလန်ခြင်း၊ နေအိမ်များအမိုးလန်ခြင်းတို့ကြောင့် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၄ သိန်းခန့် ပျက်စီးခဲ့ကြောင်း သိရသည်။

ထို့အတူ သံတွဲမြို့နယ်တွင် အိမ်များပြိုလဲခြင်း၊ တဲအိမ်များပြိုလဲခြင်း၊ အမိုးလန်ခြင်းများကြောင့် သံတွဲမြို့နယ်တွင် ငွေကျပ် ၃၇၃၆၀၀၀ နှင့် တောင်ကုတ်မြို့နယ်တွင် ငွေကျပ် ၁၂၆၀၀၀၀ ခန့်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

စစ်တွေ၊ မောင်တော၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ မြေပုံ၊ မင်းပြား၊ ကျောက်တော်၊ မြောက်ဦး၊ ကျိန္တလီမြို့နယ်များတွင် မုန်တိုင်းကြောင့် ပျက်စီးမှုမရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# စပ်လဲ့ရေတံခွန်သို့ သင်္ကြန်ကာလနှင့် နှစ်ဆန်း (၁) ရက်နေ့တို့တွင် လာရောက်လည်ပတ်သူများပြား



**ကျောက်ကြီး မေ ၁၇**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်ရှိ ရှင်သီဝလိခြေတော်ရာ မြတ်တောင်တော်နှင့် စပ်လဲ့ရေတံခွန်သို့ သင်္ကြန်တွင်းကာလနှင့် နှစ်ဆန်း(၁) ရက်နေ့တို့တွင် လာရောက်လည်ပတ်သူ များပြားခဲ့ကြောင်း သိရသည်။

ရှင်သီဝလိခြေတော်ရာသည် လာဘ်လာဘပွင့်လန်းသည်အယူရှိ၍ ရန်ကုန်-မန္တလေး-နေပြည်တော်၊ ရန်ကုန်-ပဲခူး-ဖြူး-ဒိုက်ဦးမြို့များရှိ ဘုရားဖူးဧည့်သည်များက ကား၊ ဆိုင်ကယ်၊ ထော်လာဂျီ၊ သုံးဘီးများဖြင့် မိသားစုလိုက် စုဖွဲ့၍လည်းကောင်း၊ အပေါင်းအသင်းမိတ်ဆွေများဖြင့်စုဖွဲ့၍ လည်းကောင်း နေ့စဉ် လူသောင်းနှင့်ချီ၍ သင်္ကြန်ကာလပွဲတော်ရက်အတွင်း လာရောက်ဖူးမြော်ကြပြီးနောက် ကျောက်ကြီးမြို့နှင့် သုံးမိုင်ခန့်အကွာတွင်ရှိသော စပ်လဲ့ရေတံခွန်မှ ခြောက်မိုင်ခန့်အကွာတွင်ရှိသော ဒေသအခေါ် ကျောက်မဲတောင်ရေတံခွန်(ကရင်အမည်)သဲသောမူ သဲသောခွား (မြန်မာအမည်)မောင်နှံရေတံခွန်သို့ သွားရောက်လည်ပတ်အပန်းဖြေကြပြီး ရေဆော့ကစားကြကြောင်း သိရသည်။

“အခါတိုင်းနှစ်တွေကတော့ စပ်လဲ့ရေတံခွန်မှာပဲ လည်ပတ်ရေကစားကြတာပါ။ ဒီနှစ်ကတော့ မောင်နှံရေတံခွန်ကိုပါ သွားရောက်လည်ပတ်ကြပါတယ်။ အရင်နှစ်တွေထက်စာရင်တော့ လူကပိုစည်တယ်။ လမ်းတွေပါပိတ်ပြီးတော့ ဆိုင်ကယ်နဲ့လာရောက်သူတွေ ပိုများတယ်။ ကျွန်တော်တို့ဆို နှစ်တိုင်းနီးပါး လာရောက်လည်ပတ်တယ်။ ဒီနှစ်လောက်စည်တာ တစ်ခါမှမတွေ့ဖူးဘူး။ အခုနှစ်ဆန်း(၁)ရက်နေ့အထိ လူက မစဲဘူး။ လာလည်နေတုန်းလေ။ လုံခြုံရေးယူထားတဲ့ ရဲတပ်ဖွဲ့ဝင်တွေကတော့ နေရာတိုင်းမှာတွေ့နေရပါတယ်။ အခြားဘာအခက်အခဲမှမတွေ့ရပါဘူး။ သက်ကြီးရွယ်အိုတွေလည်း ကားနဲ့လာရောက်အပန်းဖြေကြပါတယ်။ အလွန်သာယာတယ်လေ။ ခြေတော်ရာတောင်မှာဆိုရင် ဆိုင်ကယ်တွေ တန်းစီပြီး တောင်တက်ဖို့စောင့်နေရတာလေ။ အရင်ကဆို ငါးမိနစ်နဲ့ရောက်တဲ့ခရီးကို အခုဆို တစ်နာရီခွဲစောင့်ပြီးမှ တောင်ပေါ်ရောက်တယ်။ ရေတံခွန်အသစ်ကလည်း သုံးဆင့်ဖြစ်ပြီး အခုမှဖွင့်ခါစဆိုတော့ လာလည်သူများတယ်”ဟု ဖြူးမြို့နယ် ကညွတ်ကွင်းမြို့မှ လာရောက်လည်ပတ်သူ ကိုမင်းမင်းက ပြောသည်။ **ဖြိုးကိုလင်း(ညောင်ဝိုင်း)**

# ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည် လတ်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင် ညိုမည်းလာခြင်းတို့ဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

ခရမ်းလွန်ရောင်ခြည်သည် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်း မြင့်မားစွာကျရောက်နိုင်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းအချိန်အတွင်း သွားလာလှုပ်ရှားသူများ၊ သင်္ကြန်ရေကစားသူများ၊ ကလေးငယ်များနှင့် သက်ကြီးဘိုးဘွားများသည် အောက်ပါအချက်များကို သတိပြုလိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

(၁) အလွန်ပူပြင်းသောနေရောင်အောက်တွင် အလုပ်လုပ်ကိုင်ခြင်း၊ သွားလာလှုပ်ရှားခြင်းနှင့် ခရီးသွားလာခြင်းစသည်တို့ကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။
(၂) မိမိအသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် မျက်နှာ၊ လည်ပင်း၊ ပခုံးတို့ပါ လုံခြုံသောထီး၊ ဦးထုပ် စသည်တို့ကိုဆောင်းသွားပါ။
(၃) အဝတ်လွတ်ကင်းနေသော လက်၊ လည်ပင်းနှင့် ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ(သို့မဟုတ်) SPF 15+ ပါဝင်သောနေရောင်ခံလိမ်းဆေးကို နေရောင်ထဲမထွက်မီ (၁၅)မိနစ်ခန့် ကြိုတင်လိမ်းပါ။ နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး (၂)နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။
(၄) ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်းထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို ၉၉ ရာခိုင်နှုန်းအထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကို တပ်ဆင်သင့်ပါသည်။
(၅) ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၆) ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည်အန္တရာယ်၏ ဆိုးကျိုးများ ပိုမိုထိခိုက်ခံစားရနိုင်သဖြင့်-
   - အသက်တစ်နှစ်အောက် ကလေးငယ်များကို နေပူထဲသို့ ခေါ်ဆောင်ခြင်းမပြုပါနှင့်။
   - ကလေးငယ်များကို အရိပ်ထဲတွင်သာ ကစားစေပါ။
   - ကလေးငယ်များအနေဖြင့် အပြင်ထွက်ရန်လိုအပ်ပါက သနပ်ခါးထူထူ(သို့မဟုတ်)နေရောင်ခံလိမ်းဆေးကို မျက်နှာ၊ လည်ပင်း၊ ပခုံး၊ နောက်ကျော၊ ခြေထောက်နှင့် ခြေဖမိုးများပေါ်သို့ လိမ်းပေးပါ။ ချည်သားထူထူပွပွ အဝတ်အထည်များဝတ်ဆင်ပေးပါ။ နေကာမျက်မှန်တပ်ဆင်ပေးပါ။ ဦးထုပ်၊ ထီးဆောင်းပေးပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ရေအိုးလေးကို မမှောက်ပါနှင့်... အသိများနှင့် ရေဖြည့်ပါ...

**သရက်တန်းစိုးရွှေ(စိတ်ပညာ)**

တိုးတက်ပြောင်းလဲမှုများအတွက် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ဖြတ်သန်းရသည်မှာ သဘာဝပင်ဖြစ်သည်။ တိုးတက်ခြင်းဆိုသော စကားလုံးလေး၏ နောက်ကွယ်တွင် ပေးဆပ်ရင်းနှီးမှုတို့ စိုက်ထုတ်ရစမြဲပင်ဖြစ်ပေသည်။ ပြောင်းလဲခြင်းဆိုသောအရာတွင် လူတိုင်းစိတ်အခြေခံများမှစကာ ပြောင်းလဲရမည့်အခြေအနေတစ်ခုပင်ဖြစ်နေပေသည်။ လက်ရှိကာလတွင် သူလိုငါလိုနေကာ သူလိုငါလိုစိတ်ထားအတိုင်း မပြောင်းလဲဘဲ ဘေးမှလိုက်ကာ ဘေးထိုင်ဘုပြော အပြုသဘောကိုဆန့်ကျင်နေသည်ကိုလည်း တွေ့နေရပေသည်။

တိုင်းပြည်တစ်ပြည်မဆိုထားနှင့် အလုပ်ရုံလေးတစ်ခု၊ လုပ်သားနှစ်ရာခန့်နှင့်လုပ်ဆောင်သော ဌာနလေးတစ်ခုတွင် ပါဝင်လုပ်ဆောင်သူများ အမူအကျင့်ကို လေ့လာသမျှ ရင်လေးစရာပင်ဖြစ်နေပေသည်။ စားသောက်ကုန်ဖြစ်သည့်အတွက် ကွမ်းမစားရေးကြီးကြပ်ပေးသည့်တိုင်အောင် ကွမ်းကိုခိုးစားကာ စည်းကမ်းလိုက်နာမှုနည်းနေတတ်ပေသည်။ စည်းကမ်းဆိုသောအရာကိုပင် အပိုအလုပ်ဟုတွက်ဆကာ လိုက်နာမှုအားနည်းပြီး လွယ်လွယ်တွေး၍ လွယ်လွယ်လေးနေထိုင်ပြုမူနေတတ်ပေသည်။ အိတ်တစ်လုံးထမ်းကာ ကားပေါ်တင်ပြီးသမျှ တာဝန်ကျေလှပြီဆိုသော အတွေးနှင့် အတ္တဆန်စွာပြုမူမှုများရှိနေလျက်ပင်ဖြစ်သည်။

ကျန်းမာရေးနှင့်ညီညွတ်သော ထုတ်ကုန်အတွက် အခြေခံအချက်အလက်လေးများကို လိုက်နာရန်ပြောဆိုခြင်းကိုပင် အရင်တုန်းကလည်း ဒီအတိုင်းလုပ်လာတာဆိုသော ခေတ်မမီသည့် ပြီးပြီးရောစနစ်ကို ဆက်လက်ကျင့်သုံးနေလိုသည်ကို တွေ့နေရပေသည်။ သင်ယူမှုအသစ်များကို အလိုမရှိဘဲ နဂိုကျင်လည်လာသော အကျင့်ဆိုးများကိုပင် ခုံမင်ကာနေတတ်ကြပေသည်။ သင်ကြားပြသလာသော နည်းပညာအသစ်၊ လုပ်ကိုင်ပုံအသစ်၊ စက်ကိရိယာအသစ်တို့ကို စိတ်ဝင်စားမှုနည်းကာ မတိုးတက်သောကာလက သုံးခဲ့သည့် လူအင်အားသုံးသည့်စနစ်ကိုသာ အလိုရှိပြီး နဂိုရှိရင်းမူလစိတ်အတိုင်း ပြုမူနေကြသည်မှာ ဝမ်းနည်းစရာပင်ဖြစ်သည်။ အလုပ်အတွက်သာခိုခြင်းနှင့် အလွယ်လုပ်လိုကြသော်လည်း လုပ်ခကိုမူ အများဆုံးလိုချင်သည်များလည်းရှိနေပေသည်။ ပေးဆပ်လုပ်ဆောင်ကာ အရည်အချင်းဖြင့် ရယူရေး မတွေးသည်က များနေပေသည်။

ခေါင်းဆောင်လုပ်သူက အရာရာသင်ပြလုပ်ဆောင်ရင်း ပင်ပန်းသော လုပ်သားများအတွက် သန့်ပြန့်သော သောက်ရေအိုးစင်လေးများပြုလုပ်ကာ ကုသိုလ်ယူနေတတ်ပေသည်။ ဝန်ထမ်းများစုပေါင်းကာ လုပ်သားများ သောက်သုံးနိုင်ရန် စေတနာအပြည့်ဖြင့် ရေကုန်တိုင်းဖြည့်ပေးနေတတ်ပေသည်။ အလုပ်များခြင်း၊ လုပ်သားများခြင်းကြောင့် ရေအိုးတွင် ရေကုန်သွားသည်နှင့်ကြုံသည့်အခိုက် စိတ်ဓာတ်အောက်တန်းကျသော အမူအကျင့်နှင့် လုပ်သားအချို့မှာ ရေမရှိသည့်အတွက် အရွဲ့တိုက်ကာ အိုးကိုမှောက်ထားခဲ့ပေသည်။ ပထမတစ်ကြိမ် ခွင့်လွှတ်မှုနှင့် ရေဖြည့်ကာ မေတ္တာပွားလိုက်ပါသေးသည်။ ဒုတိယအကြိမ် ခွင့်လွှတ်လိုက်ပါသေးသည်။ တတိယအကြိမ် ရေပြတ်ခိုက် ရေအိုးမှောက်ထားခြင်းများကြုံသမျှ သည်းခံမှုတို့ ကုန်ဆုံးသွားပေသည်။ စေတနာပျက်ယွင်းကာ ရေကုသိုလ်လုပ်သူကိုယ်တိုင်ပင် သူ့ရေအိုးလေးကို ဒေါသဖြင့်ရိုက်ခွဲပစ်လိုက်ပါတော့သည်။ ရေအိုးလေးကွဲသွားသည့်အဆုံး ကျန်လုပ်သားများ ရေအခက်အခဲဖြစ်ကာ ရေရှိရာ ကိုယ်တိုင်ခွက်လေးများဖြင့် သွားရောက်သောက်သည့်အခြေအနေလေးများပင် ဖြစ်သွားပေတော့သည်။

လုပ်သားနှစ်ရာခန့် စုပေါင်းရေဖြည့်ကာ အလိုက်သိလျှင် ရေအိုးစင်လေး အမြဲရေပြည့်နေမှာသေချာလှပေသည်။ လူတိုင်းတာဝန်ကျေပွန်စွာ၊ သိတတ်စွာဖြင့် ကုသိုလ်ပြုနိုင်သည့် အသေးအဖွဲလုပ်ငန်းလေးကိုပင် ကိုယ်တိုင်မလုပ်ချင်ဘဲ ခေါင်းဆောင်များ လုပ်ဆောင်သည်ကို အချောင်သောက်လိုသည့်စိတ်မှာ ရွံစရာအတိဖြစ်နေပေသည်။ ထိုသို့သော စိတ်ဓာတ်ပိုင်ရှင်များအတွက် တိုးတက်ခြင်းဆိုသည်ကို နားလည်နိုင်စွမ်းရှိမည်မထင်တော့ပါချေ။

တိုင်းပြည်တစ်ပြည် တိုးတက်ကောင်းမွန်ရေး ပြည်သူပြည်သားများ စည်းလုံးညီညွတ်ပေးကြရမည်ဖြစ်ပေသည်။ လူ့စွမ်းအားအရင်းအမြစ်ကို တိုးတက်အောင်ပြုလုပ်ရင်း တာဝန်သိခြင်းများဖြင့် ပြုမူလုပ်ဆောင်ရမည်ဖြစ်သည်။ ကိုယ်စီ ကိုယ်စီစည်းကမ်းရှိကာ တိုးတက်သော နည်းပညာများကို လေ့လာသင်ယူရင်း စိတ်ဓာတ်ကောင်းကို မွေးမြူပေးဆပ်ရမည်ဖြစ်ပေသည်။ လက်ရှိကာလတွင် သူများခပ်သောရေကိုသာ သောက်လိုသူ၊ ကိုယ်တိုင်မခပ်လိုသူ၊ ရေအိုးမှောက်ကာ အရွဲ့တိုက်သူများ၏ အမူအကျင့်တို့တွေ့မြင်နေရပေသည်။ ဒီလိုလူမျိုး များနေခဲ့လျှင်ဖြင့် အနာဂတ်ဟူသည် မတွေးရဲစရာပင်ဖြစ်နေပေသည်။ တိုးတက်ခြင်းများအတွက် အခြေခံစိတ်ဓာတ်တို့ကိုပင် ပြောင်းလဲယူရပေတော့မည်။ တိုးတက်ခြင်းများအတွက် ပြည်သူပြည်သားများ အသိဉာဏ်တိုးပွားရင့်သန်ဖို့လိုသွားပါချေပြီ။ တိုးတက်ခြင်းများအတွက် မျိုးဆက်သစ်ကို ကောင်းမွေများပေးဆပ်ဖို့ လိုသွားပါချေပြီ။ တိုးတက်ခြင်းများအတွက် ပညာရေးကို အလေးပေးမြှင့်တင်ရပေတော့မည်။ တိုးတက်ခြင်းများအတွက် စာဖတ်ဖို့လိုနေပါချေပြီ။ တိုးတက်ခြင်းများအတွက် ခံယူမှုကောင်းလေးများ လိုနေပါချေပြီ။ တိုးတက်ခြင်းများအတွက် စိတ်ဓာတ်ကောင်းများ ကိုယ်စီကိုယ်စီရှိရေး စည်းရုံးသင်ကြားပေးရပေလိမ့်မည်။ ရေအိုးလေးများ ရေမရှိလျှင် မမှောက်ဘဲ ရေဖြည့်လိုသည့်စိတ်ဓာတ်တို့ ရှိသင့်လှပေသည်။ သို့အတွက် တိုးတက်ရေးအတွက် အသိပေးပြောကြားလိုသည်က ရေအိုးလေးကို မမှောက်ပါနှင့် အသိများဖြင့် ရေဖြည့်ပါဟူ၍သာ. . .။

# ရန်ကုန်မြို့နေ ပြည်သူများ အန္တရာယ်ကင်းစေရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်များက ရေကူးရေလျှောင်ကန်အတွင်း ပရိတ်ရေများ သွန်းလောင်း

**ရန်ကုန် မေ ၁၇**

ရန်ကုန်မြို့နေ ပြည်သူများ နှစ်သစ်ကူးကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက ဘေးအန္တရာယ်ကင်း ပရိတ်တရားတော်နာယူခြင်းနှင့် ပရိတ်ရေသွန်းလောင်းခြင်း မင်္ဂလာအခမ်းအနားကို မြန်မာနှစ်ဆန်းတစ်ရက်(မေ ၁၇ရက်) နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့တော်ခန်းမနှင့် မရမ်းကုန်းမြို့နယ်ရှိ ရေကူးရေတွန်းစက်ရုံတို့၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ ဆင်မင်းကျောင်းဆရာတော် အဘိဇဓမဟာရဋ္ဌဂုရု ဘဒ္ဒန္တသြဘာသဘိဝံသ အမှူးပြုသော ပင့်လျှောက်ထားသည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့်ဇနီး ဒေါ်ခင်မြမြအောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဝင်များ၊ ဌာနမှူးများ၊ ၎င်းတို့၏ဇနီးများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆင်မင်းကျောင်းဆရာတော်ထံမှ ရန်ကုန်မြို့တော်ဝန်နှင့်ဇနီး၊ အမှူးပြုသော ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။ ဆက်လက်၍ ရန်ကုန်မြို့တော်ဝန်က ပရိတ်ရေနှင့် ပရိတ်ပန်းများကို ဆရာတော်ကြီးများထံ ဆက်ကပ်သည်။

ထို့နောက် ဆရာတော်၊သံဃာတော်များက အန္တရာယ်ကင်းပရိတ်တော်များနှင့် အနန္တရာယိက ကမ္မဝါစာများကို ရွတ်ဖတ်သရဇ္ဈာယ် ချီးမြှင့်တော်မူကြပြီး တာဝန်ရှိသူများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ ဆင်မင်းကျောင်းဆရာတော်အမှူးပြုသော ဆရာတော်၊ သံဃာတော်များသည် မရမ်းကုန်းမြို့နယ်ရှိ ရေကူး ရေတွန်းစက်ရုံသို့ ကြွရောက်တော်မူကြပြီး ရန်ကုန်မြို့နေပြည်သူများအား နေ့စဉ်ဖြန့်ဝေပေးလျက်ရှိသည့် ရေလှောင်ကန်အတွင်းသို့ ပရိတ်ရေများ သွန်းလောင်းပေးကြကာ ရန်ကုန်မြို့တော်ဝန်နှင့်ဇနီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုများကလည်း ရန်ကုန်မြို့နေပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရန် ပရိတ်ရေများကို မေတ္တာပို့ သွန်းလောင်းပေးခဲ့ကြကြောင်း သိရသည်။

**သတင်း - ကျော်စိုး**
**ဓာတ်ပုံ-စောသိန်းဝင်း**




# ရွှေပြည်သာ၌ ဘုရားမဲ၊ ရဟန်းခံရှင်ပြုနှင့် သက်ကြီးပူဇော်ပွဲကျင်းပ

**ရန်ကုန် မေ ၁၇**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည် သာမြို့နယ် (၅/၈) ရပ်ကွက် သစ်ခွပန်းခြံမိသားစု၏ သင်္ကြန်ကာလ ဘုရားမဲ၊ ရဟန်းခံရှင်ပြုအလှူတော် နှင့်အတူ (၂၈)ကြိမ်မြောက် သက်ကြီး ပူဇော်ပွဲကို ပန်းခြံအတွင်းရှိ လောကအမြင်စာကြည့်တိုက် ဓမ္မာရုံ၌ ယနေ့ နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပင့်သံဃာနှင့် ဒုလ္လဘရဟန်း၊ သာမဏေများသို့ လှူဖွယ်ဝတ္ထုများ ဆက်ကပ်၍ ပန်းခြံ အတွင်းရှိ အသက်(၇၀)နှင့်အထက် ဘိုးဘွားများကို ရှိခိုးကန်တော့ခဲ့ကြ သည်။ ဓမ္မာရုံအကျိုးတော်ဆောင်အဖွဲ့နှင့်အတူ သီးခြားအလှူရှင် ရှစ်ဦး တို့၏ လှူဒါန်းငွေများကို ဘိုးဘွား ၂၆ ဦးသို့ ပေးအပ်လှူဒါန်းခဲ့ပြီး ဆွမ်းကပ် ခြင်း၊ ဧည့်သည်တော်များအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခြင်းတို့ ဆောင်ရွက်ခဲ့ပြီး ဘုရားငါးဆူမဲပေါက်သူများသို့လည်း အိမ်အရောက် ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**ကိုမိုး(ရွှေပြည်သာ)**

❑

# နှစ်ဆန်း(၁)ရက် ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲကျင်းပ

**ထားဝယ် မေ ၁၇**

တနင်္သာရီတိုင်းဒေသကြီးမှ ကြီးမှူးကျင်းပသည့် ၁၃၇၉ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက် ဇီဝိတဒါနငါးလွှတ်ပွဲကို ယနေ့နံနက် ၇ နာရီက ထားဝယ်မြို့ ဒေါင်းငူ/တံငါရပ်ကွက် ဆိပ်ကမ်းသာဘောတံတား၌ ကျင်းပသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကြည်စိုး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအမျိုးသမီးရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကကတစ်ငါးသားပေါက် ၂၀၀၀၀ အား ဆိပ်ကမ်းသာဘောတံတားပေါ်မှ ထားဝယ်မြစ်အတွင်းသို့ ကုသိုလ်ပြုဇီဝိတဒါနငါးလွှတ်ပေးသည်။

ထို့နောက် သက်ကြီးပူဇော်ပွဲကို နံနက် ၉ နာရီတွင် သာသနာ့ဗိမာန်တော်ကြီး၌ ဆက်လက်ကျင်းပရာ အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်စား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်းက အဘိုးအဘွားများအား ပူဇော်ကန်တော့ခြင်းအကြောင်း အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက အဘိုးအဘွားများအား ပူဇော်ကန်တော့ခဲ့ကြသည်။

ဆက်လက်၍ အဘိုးအဘွားများကိုယ်စား အဘွား ဒေါ်သန်းရီက ဝမ်းမြောက်စကားပြောကြားပြီး ဆုတောင်းမေတ္တာပို့သ၍ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကြည်စိုးနှင့် တာဝန်ရှိသူများက အဘိုးအဘွားများအား ကန်တော့လက်ဆောင်ပစ္စည်းများပေးအပ်ကာ တက်ရောက်လာသော အဘိုးအဘွား ၅၃ ဦးအား အမှတ်-၁၂ ခုတင်(၁၀၀) တပ်မတော်ဆေးရုံမှ ဗိုလ်မှူးနေဝင်းနိုင်နှင့်အဖွဲ့ဝင်များ၊ ထားဝယ်ပြည်သူ့ဆေးရုံကြီး ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာဇော်မြင့်နှင့်အဖွဲ့ဝင်များက ကျန်းမာရေးဆေးစစ်ကုသပေးသည်။

သက်ကြီးပူဇော်ပွဲသို့ မတက်ရောက်နိုင်သော အဘိုးအဘွား ၁၅၆ ဦးအား တာဝန်ရှိသူများက ကန်တော့လက်ဆောင်ပစ္စည်းများ အိမ်တိုင်ရာရောက်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မန္တလေး၌ ထရန်စဖော်မာ အသစ်များတိုးချဲ့တပ်ဆင်

**မန္တလေး မေ ၁၇**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် 230/33/11kv မြောက်ပြင် ပင်မဓာတ်အားခွဲရုံရှိ 100×2 MvA ထရန်စဖော်မာများ ဝန်အားပြည့်လာခြင်းကြောင့် ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရန်အတွက် 100MvA ထရန်စဖော်မာ အသစ်တစ်လုံးတည်ဆောက်၍ ဖီဒါခွဲကာ ဓာတ်အားပေးခြင်းအား မေ ၁၂ ရက်က ဆောင်ရွက်ခဲ့ကြသည်။ ထို့အပြင် ချမ်းမြသာစည်မြို့နယ် ချမ်း/တောင်ရပ်ကွက်နှင့် (၈-၇) ရပ်ကွက်တွင်လည်း ပြည်သူများဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရန်အတွက် 315kVa ထရန်စဖော်မာအသစ်နှစ်လုံးတည်ဆောက်ပေးခဲ့ကြောင်း ခရိုင်/မြို့နယ် လျှပ်စစ်မန်နေဂျာထံမှ သိရှိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# ပြည်သူနဲ့အတူ

❖ အစိုးရဆိုတာ
ကြောက်စရာမဟုတ်။
❖ ပြည်သူ့အသံအမှန်စကား
နိုးကြားဖော်ထုတ်။
❖ အစိုးရဆိုတာ
အာဏာရှင်မဟုတ်
❖ ပြည်သူနဲ့တစ်သားတည်း
ရိုးသားကြိုးကုတ်။
❖ ပြည်သူကသဘောတူ
ကြည်ဖြူလေမှ။
❖ ပြည်သူနဲ့အတူ
ညီညာကူမှ
❖ တိုင်းကားပြည်သာစေကြောင်း
ကောင်းစားမည်ပ။ ။

ခင်မောင်ဌေး(ပညာရေး)



# မန္တလေးမြို့ နှလုံးလှပင်လယ် Online ပရဟိတအဖွဲ့ ဆောမြို့နယ် ပြည်သူများအား ဆေးဝါးကုသပေး

**ဆော မေ ၁၇**

မန္တလေးမြို့ (၁၆)လမ်း နှလုံးလှပင်လယ် Online ပရဟိတမိသားစု ပညာရေး၊ ကျန်းမာရေး၊ သဘာဝဘေးအန္တရာယ်အမျိုးမျိုးအတွက် ကူညီစောင့်ရှောက်ပံ့ပိုးမှုအဖွဲ့မှ ဆရာဝန်၊ ဆရာမများ ပါဝင်သည့်အဖွဲ့သည် သင်္ကြန်ကာလတွင် ဂန့်ဂေါခရိုင် ဆောမြို့နယ်သို့ရောက်ရှိ၍ ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးပေးပြီး ဆေးဝါးများ အခမဲ့ဝန်ဆောင်ကုသပေးကြရာ ဆောမြို့နယ်၏ လူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် ယောလူငယ်အဖွဲ့ကလည်း အဆိုပါအဖွဲ့အတွက် လိုအပ်သည်များ ပူးပေါင်းပါဝင်ဆောင်ရွက်ကြသည်။

ထိုသို့ ကုသရာတွင် မေ ၁၃ ရက်က လက်ပန်းကျေးရွာကို ဗဟိုပြု၍ ပြည်သူ ၈၀၀ ကျော်တို့အားလည်းကောင်း၊ မေ ၁၅ ရက်က အကြည်ကတင်းကျေးရွာကိုဗဟိုပြု၍ ပြည်သူ ၇၀၀ ကျော်တို့အားလည်းကောင်း ကျန်းမာရေးစစ်ဆေးပေး၍ ဆေးဝါးများအခမဲ့ဝန်ဆောင်မှုပေးခဲ့ကာ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား ဆေးရုံတက်ရောက်ကုသနိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

"လာရောက်ဆေးစစ်ခံယူသူတွေထဲမှာ ဒေသခံပြည်သူတွေသာမက ချင်းပြည်နယ်ဘက်မှ ပြည်သူတွေလည်းပါတယ်။ အငန်စားသုံးမှုများလို့ ဖြစ်ပွားတဲ့ရောဂါတွေနဲ့ သွားနဲ့ခံတွင်းရောဂါတွေများတယ်လို့ သိရပါတယ်။ ဆရာဝန်တွေနဲ့ ကျွန်တော်တို့အဖွဲ့တွေ ဆောမြို့နယ်ပြီးရင် ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်ဘက်က မဆွာတီရွာအပါအဝင် ကျေးရွာ လေးရွာကို ဗဟိုပြုပြီးတော့ ကျေးရွာ ၅၀ မှာရှိတဲ့ ပြည်သူတွေအတွက် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ကြမှာဖြစ်ပါတယ်"ဟု ယောလူငယ်အဖွဲ့ခေါင်းဆောင် ကိုခင်ဇော်လွင်က ပြောသည်။

**(၄၆၅)**

# “NINANO”တေးဗီဒီယိုနဲ့အတူ မင်ဇီရဲ့ ပထမဆုံးသောတစ်ကိုယ်တော်တေးအယ်လ်ဘမ် စတင်ထုတ်လွှင့်




ပရိသတ်များကြာရှည်စွာ စောင့်မျှော်ခဲ့ရတဲ့ တောင်ကိုရီးယားနာမည်ကျော် တေးသံရှင်တစ်ဦးဖြစ်တဲ့ မင်ဇီရဲ့ ပထမဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ်ဟာ လတ်တလောမှာတော့ ပရိသတ်ရှေ့ရောက်လာခဲ့ပြီဖြစ်ပါတယ်။ “2NE1” ရဲ့ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သူ မင်ဇီက သူ့ရဲ့ ပထမဆုံးထွက်ရှိမယ့် တေးအယ်လ်ဘမ်ကို “MINZY WORK 01 UNO” လို့ အမည်ပေးထားပြီး တေးအယ်လ်ဘမ်အပြည့်အစုံတော့မဟုတ်ဘဲ မီနီတေးအယ်လ်ဘမ်တစ်ခုအဖြစ်သာ ထုတ်လွှင့်ခဲ့ခြင်းဖြစ်ပါတယ်။ ထူးခြားတာကတော့ မင်ဇီက သူ့ရဲ့ စတူရီယိုတေးအယ်လ်ဘမ်ကို ထုတ်လွှင့်ချိန်မှာ တစ်ပြိုင်နက်တည်း တေးအယ်လ်ဘမ်မှာပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ “NINANO”ရဲ့ တေးဗီဒီယိုကိုလည်း ထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။

မင်ဇီရဲ့ မီနီတေးအယ်လ်ဘမ်ကိုတော့ ပြီးခဲ့တဲ့ ဧပြီ ၁၆ ရက်က စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပြီး ယင်းအယ်လ်ဘမ်ရဲ့ ခေါင်းစီးတေးဖြစ်တဲ့ “NINANO” ရဲ့ တေးဗီဒီယိုကိုပါ ပူးတွဲထုတ်လွှင့်ခဲ့တာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။ “ NINANO ” တေးသီချင်းဟာ ပေ့ါပ်တေးသီချင်းတစ်ပုဒ်ဖြစ်ပြီး “2NE1” အဖွဲ့မှာရှိစဉ်က မင်ဇီ သီဆိုနေကျ ဟစ်ဟော့ပ်စတိုင်ကိုလည်း တွေ့မြင်ခဲ့ရပါတယ်။ မြူးကြွတဲ့တီးလုံးနဲ့အတူ ကကွက်ဆန်းတွေနဲ့ အသက်သွင်းထားတဲ့ ပေ့ါပ်အကတေးသီချင်းတစ်ပုဒ်လို့လည်း ဆိုနိုင်ပါတယ်။

“MINZY WORK 01 UNO” တေးအယ်လ်ဘမ်မှာတော့ တေးသီချင်းခြောက်ပုဒ်ပါဝင်နေတာကို တွေ့ခဲ့ရပါတယ်။ ယင်းတေးသီချင်းတွေအနက်က သုံးပုဒ်ကို အခြားသောတေးသံရှင်တွေက ပါဝင်အားဖြည့် သီဆိုပေးထားတာတွေ့ရပြီး နာမည်ကျော် တေးသံရှင်တွေဖြစ်ကြသော ဂျေပ့ါခ်နဲ့ ဖလောစစ်ခ်တို့နဲ့ တွဲဖက်သီဆိုထားတဲ့ တေးသီချင်းတွေလည်း ပါဝင်နေတာတွေ့ရပါတယ်။ တေးသီချင်းခြောက်ပုဒ်အနက် လေးပုဒ်ကိုသာအင်္ဂလိပ်လိုအမည်ပေးထားပြီး “Superwoman”၊ “NINANO”၊ “Flashlight”နဲ့ “Beautiful Lie” တို့ဖြစ်ကြကာ ကျန်နှစ်ပုဒ်ကိုတော့ ကိုရီးယားလိုသာအမည်ရေးသားဖော်ပြထားတာကို တွေ့ရပါတယ်။ တေးသီချင်းခြောက်ပုဒ်အနက် “Beautiful Lie”ကိုတော့ မင်ဇီ ကိုယ်တိုင် ရေးသားစပ်ဆိုထားတာဖြစ်ကြောင်းလည်း သိရပါတယ်။

တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် ရပ်တည်လိုကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် “2NE1”တေးဂီတအဖွဲ့မှ နှုတ်ထွက်သွားခဲ့တဲ့ မင်ဇီဟာ နှုတ်ထွက်သွားပြီးနောက် တစ်နှစ်ကျော်ကြာသည်အထိ တစ်ကိုယ်တော်တေးအယ်လ်ဘမ်ကို ထုတ်လွှင့်နိုင်ခဲ့ခြင်းမရှိပါဘူး။ ဒ့ါအပြင် အခြားသော တေးဂီတအဖွဲ့တစ်ဖွဲ့နဲ့ ပူးပေါင်းကာ တေးဂီတလှုပ်ရှားမှုတွေကိုပြုလုပ်ခဲ့ပါတယ်။ ဒီလိုတစ်ကိုယ်တော်တေးသံရှင်တစ်ဦးဖြစ်လာဖို့ နှောင့်နှေးနေခဲ့တဲ့ မင်ဇီဟာ ပြီးခဲ့တဲ့လအတွင်း တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ်ထွက်ရှိတော့မှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့ကာ လတ်တလောမှာမှ ပထမဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ်ကို မီနီတေးအယ်လ်ဘမ်အနေနဲ့ ထုတ်လွှင့်နိုင်ခဲ့တာ ဖြစ်ပါတယ်။ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် ခြေလှမ်းစလာတဲ့ မင်ဇီအတွက် ကံကောင်းမှုတွေ ယူဆောင်လာမှာလားဆိုတာကိုတော့ တေးအယ်လ်ဘမ်သစ်အပေါ် ပရိသတ်တွေရဲ့ တုံ့ပြန်အားပေးမှုကို စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ မင်ဇီဟာ ရုပ်သံဖျော်ဖြေမှုတစ်ခုကိုလည်း တေးအယ်လ်ဘမ်ထွက်ရှိပြီးနောက်နေ့မှာ ပြုလုပ်ခဲ့ကြောင်းလည်း သိရပါတယ်။

## လေဒီဂါဂါရဲ့ တေးသီချင်းသစ် “The Cure” စတင်ထုတ်လွှင့်

ပေ့ါပ်ဆိုတော် လေဒီဂါဂါဟာ လတ်တလောမှာ ယခုနှစ်ရဲ့ တေးဂီတပွဲတော်ကို ပါဝင်ဆင်နွှဲခဲ့ပြီးနောက် မကြာမီမှာ သူ့ရဲ့တစ်ကိုယ်တော်တေးသီချင်းသစ်တစ်ပုဒ်ဖြစ်တဲ့ “The Cure” ကို စတင်ထုတ်လွှင့်ခဲ့ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ စနေနေ့က လေဒီဂါဂါဟာ “Coachella” တေးဂီတပွဲတော်မှာ အခြားသော နာမည်ကျော်တေးသံရှင်တွေနဲ့အတူ ပါဝင်ဆင်နွှဲခဲ့ပြီး နောက်ဆုံးမိနစ်ကိုးဆယ် ဖျော်ဖြေပွဲအတွင်း ပရိသတ်တွေအတွက် အံ့အားသင့်ဖွယ်သတင်းဖြစ်တဲ့ သူ့ရဲ့တစ်ကိုယ်တော်တေးသီချင်းကို စတင်ထုတ်လွှင့်တော့မှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ကာ လတ်တလောမှာတော့ သူ့ရဲ့တစ်ကိုယ်တော်တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ “The Cure”ကို အွန်လိုင်းတေးဂီတဝက်ဘ်ဆိုက်ဒ်တွေကနေတစ်ဆင့် စတင်ထုတ်လွှင့်ခဲ့ပြီးဖြစ်ကြောင်း သိရပါတယ်။

“ The Cure ”တေးသီချင်းစတင်ထုတ်လွှင့်ကြောင်းကိုလည်း လေဒီဂါဂါက သူ့ရဲ့လူမှုကွန်ရက် မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ် သို့လည်း ယူဆောင်လာခဲ့ပါတယ်။ လေဒီဂါဂါက “The Cure”လို့ စာတန်းရေးထိုးထားတာတဲ့ သူ့ရဲ့ဓာတ်ပုံတစ်ပုံကို အင်စတာဂရမ်စာမျက်နှာပေါ်မှာ ပြီးခဲ့တဲ့ ဧပြီ ၁၆ ရက်က ဖော်ပြခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။



# ဇူလိုင်လအတွင်း လက်ထပ်ကြတော့မယ့် အဲရစ်နဲ့ နာဟေမီ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့အနုပညာကြယ်ပွင့်စုံတွဲတစ်တွဲဟာမကြာမီလက်ထပ်တော့မှာ ဖြစ်ပါတယ်။ သူတို့နှစ်ဦးကတော့ တေးသံရှင်တစ်ဦးအဖြစ်သာမက သရုပ်ဆောင်တစ်ဦးအဖြစ်ပါကျော်ကြားတဲ့ အဲရစ်မန်နဲ့ မင်းသမီးတစ်ဦးဖြစ်သူ နာဟေမီတို့ပဲ ဖြစ်ကြပါတယ်။ အဆိုပါကြယ်ပွင့်စုံတွဲဟာတော့ လာမယ့်ဇူလိုင်လအတွင်း လက်ထပ်ပွဲကျင်းပသွားမှာဖြစ်ကြောင်း လတ်တလောမှာ တရားဝင် ထုတ်ဖော်ပြောကြားလာခဲ့ခြင်းဖြစ်တယ်လို့လည်း သိရပါတယ်။

အမေရိကန်-ကိုရီးယားလူမျိုးစပ် တစ်ဦးဖြစ်တဲ့ အဲရစ်ဟာ တောင်ကိုရီးယားနိုင်ငံမှာ အနုပညာလှုပ်ရှားမှုတွေကို လုပ်ဆောင်နေသူတစ်ဦးဖြစ်ပြီး “SHINHWA” တေးဂီတအဖွဲ့ရဲ့ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါတယ်။ အဲရစ်က သူ့ရဲ့မင်္ဂလာသတင်းကို ပြီးခဲ့တဲ့ ဧပြီ ၁၇ ရက်မှာ သူ့ရဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ပရိသတ်တွေကို အသိပေးပြောကြားခဲ့တာ ဖြစ်ပါတယ်။

အဲရစ်က “ကျွန်တော်ကိုတစ်ဘဝလုံးဂရုစိုက်သွားမယ့် သူငယ်ချင်းလိုလူမျိုးနဲ့ တွေ့ဆုံခဲ့ပြီးပါပြီ။ ပြီးတော့ ကျွန်တော့်အနေနဲ့ လေးစားစရာကောင်းတဲ့ မင်္ဂလာပွဲတစ်ပွဲကိုတိတ်တဆိတ်ကျင်းပသွားမှာပါ။ ဒီမင်္ဂလာပွဲကိုတော့ ကျွန်တော့်ရဲ့ မိသားစုဝင်တွေ၊ သူငယ်ချင်းတွေနဲ့အတူ လာမယ့် ဇူလိုင် ၁ ရက်မှာ ဘုရားကျောင်းတစ်ကျောင်းမှာ ကျင်းပသွားဖို့ ရည်ရွယ်ထားပါတယ်”လို့ သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။

ဆက်လက်ပြီး သူ့ကို အစဉ်တစိုက်အားပေးလာခဲ့ကြတဲ့ ပရိသတ်တွေအတွက်လည်း ၁၉ နှစ်တာကာလအတွင်း “SHINHWA” ကိုအားပေးခဲ့ကြတဲ့အတွက် ကျေးဇူးအထူးတင်ရှိကြောင်းနဲ့ ပရိသတ်တွေရဲ့ ချစ်ခင်အားပေးမှုတွေကိုလက်ခံရရှိထားပြီး အကြွေးတင်နေတဲ့စိတ်နဲ့ ဆတက်ထမ်းပိုး ကြိုးစားသွားမှာဖြစ်ကြောင်းလည်း ထုတ်ဖော်ပြောကြားလာခဲ့ပါတယ်။

မော်ဒယ်လ်တစ်ဦးအဖြစ် အနုပညာလှုပ်ရှားမှုတွေ စတင်ခဲ့ရာမှ သရုပ်ဆောင်တစ်ဦးအဖြစ်ပါ အောင်မြင်လာခဲ့တဲ့ နာဟေမီနဲ့ အဲရစ်တို့ဟာ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်အတွင်း ချစ်သူတွေဖြစ်နေကြောင်း ကောလာဟလတွေပေါ် ထွက်လာခဲ့ပေမယ့် အဲဒီအချိန်တုန်းက ကာယကံရှင်တွေက ငြင်းချက်ထုတ်ခဲ့ကြပါတယ်။ ဒါပေမယ့် ကောလဟာလတွေ မကြာခဏဆိုသလိုပေါ် ထွက်လာခဲ့ပြီး ယခုနှစ် ဖေဖော်ဝါရီလအတွင်းမှာတော့ နှစ်ဦးသားချစ်သူတွေဖြစ်နေကြကြောင်း တရားဝင်ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။ အဲရစ်ဖွင့်ဟခဲ့တဲ့ မင်္ဂလာသတင်းနဲ့ ပတ်သက်ပြီး အသေးစိတ်ကိုတော့ အေဂျင်စီတွေက လတ်တလောအချိန်အထိ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိသေးကြောင်းလည်း သိရပါတယ်။

အေးပြည့်
စုစည်းသည်

# ကွာရှင်းထားလည်း အပြုံးမပျက်ပါ

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းက တရားဝင်ကွာရှင်းလိုက်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တဲ့ တစ်ချိန်က ဟောလိဝုဒ်ရဲ့ နာမည်ကျော်စုံတွဲတစ်တွဲဖြစ်တဲ့ ဘန်အက်ဖ်လက်ခ်နဲ့ ဂျနီဖာဂါနာတို့ဟာ လတ်တလောမှာ နှစ်ဦးသားကို အတူမြင်တွေ့ခဲ့ရချိန်မှာတော့ ရယ်မောနေကြတာကို တွေ့မြင်ခဲ့ရပါတယ်။ ဒီလိုလမ်းခွဲလိုက်ပြီဖြစ်တဲ့ အခြေအနေမှာတောင် နှစ်ဦးသား အပြုံးမပျက်ဆက်ဆံနိုင်ကြတဲ့ သူတို့နှစ်ဦးကိုတော့ ထူးခြားတဲ့ စုံတွဲတစ်တွဲအဖြစ် မီဒီယာတွေက ဖော်ပြခဲ့ကြပါတယ်။

ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ဘုရားကျောင်းကို ရင်သွေးလေးတွေနဲ့အတူ တက်ရောက်လာခဲ့ကြတဲ့ ဘန်အက်ဖ်လက်ခ်နဲ့ ဂျနီဖာဂါနာတို့ဟာ ရယ်မောရင်းစကားတွေပြောနေကြတာကို မီဒီယာတွေက ဓာတ်ပုံရိုက်ယူထားနိုင်ခဲ့တာ ဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ချစ်သူတွေအဖြစ်မှ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ပြီးခဲ့တဲ့ နှစ်နှစ်ခန့်က ထုတ်ဖော်ပြောကြားလာခဲ့ခြင်းဖြစ်ကာ ဆယ်နှစ်ကျော်ကြာခဲ့တဲ့ အိမ်ထောင်ရေးဟာလည်း လတ်တလောမှာ အဆုံးသတ်လိုက်ပြီဖြစ်ကာ တရားဝင်ကွာရှင်းမှုတွေကို လုပ်ဆောင်နေပြီဖြစ်ကြောင်း ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းက တရားဝင်ပြောကြားခဲ့တာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ လအတွင်းကလည်း သူတို့နှစ်ဦးဟာ ရင်သွေးလေးတွေဖြစ်ကြတဲ့ အသက်(၁၁)နှစ်အရွယ် ဗိုင်အိုလက်အက်ဖ်လက်ခ်၊ (၈)နှစ်အရွယ် ဆယ်ရက်ဖီနာအက်ဖ်လက်ခ်နဲ့ (၅)နှစ်အရွယ် ဆမ်မြူရယ်အက်ဖ်လက်ခ်တို့နဲ့ အတူတွဲကာ ဘုရားကျောင်းတက်တာကို တွေ့ခဲ့ရကြောင်းလည်း သိရပါတယ်။



အချစ်တွေကုန်လို့လမ်းခွဲခဲ့ကြတဲ့ ဟောလိဝုဒ်ကြယ်ပွင့်စုံတွဲတွေရဲ့ ဇာတ်လမ်းတွေထဲမှာတော့ ဘန်အက်ဖ်လက်ခ်နဲ့ ဂျနီဖာ ဂါနာတို့ရဲ့ဇာတ်လမ်းဟာ အနည်းငယ်ထူးခြားနေပါတယ်။ လမ်းခွဲလိုက်တဲ့ စုံတွဲတွေဟာ နောက်ပိုင်းမှာ တစ်အိမ်တည်း အတူနေကြဖို့ရာဝေးလို့ အခေါ်အပြောမပျက်နေနိုင်သူတွေတောင် ရှားပါတယ်။ ကွာရှင်းကြပြီးနောက်တစ်ဦးနဲ့တစ်ဦး ဒေါသတွေနဲ့ တရားစွဲဆိုမှုတွေ ပြုလုပ်ကြတာမျိုးကိုတောင် အချို့သောစုံတွဲတွေမှာ တွေ့မြင်ခဲ့ရပါတယ်။ ဒီလို လမ်းခွဲပြီးနောက်မှာ ကလေးတွေကို စောင့်ရှောက်ဖို့အတွက် တစ်အိမ်းတည်းမှာအတူတူ မိသားစုနဲ့အတူ နေထိုင်ကာ နှစ်ဦးအကြားမှာလည်း သူငယ်ချင်းလို ဆက်ဆံရေးမျိုးဆက်လက်တည်ရှိနေတဲ့ ဘန်အက်ဖ်လက်ခ်နဲ့ ဂျနီဖာဂါနာတို့ဟာ တကယ့်ကို ထူးခြားနေတာဖြစ်ပါတယ်။ မကြာသေးမီက ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာလည်း ဘန်အက်ဖ်လက်ခ်က ဂျနီဖာဟာ သူ့အတွက်သာမက ကလေးတွေအတွက်ပါ အကောင်းဆုံးအမျိုးသမီးတစ်ယောက်ဖြစ်ခဲ့ကြောင်းနဲ့ ဂျနီဖာကို ချီးကျူးစကားတွေကိုလည်း ဆိုခဲ့တယ်လို့ သိရပါတယ်။

ဒီလိုအတူတွဲတွေ့နေရတဲ့အတွက် သူတို့နှစ်ဦးရဲ့ ဆက်ဆံရေးနဲ့ပတ်သက်ပြီး အနာဂတ်မှာ ပြန်လည်လက်တွဲကြဦးမှာလားရယ်လို့ မီဒီယာတွေက စိတ်ဝင်စားနေကြပေမယ့် ကာယကံရှင်တွေကတော့ သူတို့ရဲ့အချစ်ရေးနဲ့ ပတ်သက်ပြီး မေးခွန်းတွေထပ်မံကြုံလာပါကလည်း ကလေးတွေကို အတူစောင့်ရှောက်နေခြင်းသာဖြစ်တယ်လို့ ထပ်မံဖြေကြားဦးမှာဖြစ်တယ်လို့လည်း ဟောလိဝုဒ်မီဒီယာတစ်ခုက ဝေဖန်ရေးသားခဲ့ပါတယ်။ ဒါပေမယ့် လတ်တလောမှာတော့ ကွာရှင်းလိုက်ပြီဖြစ်တဲ့ သတင်းနဲ့အတူ မီဒီယာတွေရဲ့ သံသယတွေဟာလည်း လျော့ပါးသွားတော့မှာ ဖြစ်ပါတယ်။

ဟောလိဝုဒ်ရဲ့ နာမည်ကျော်စုံတွဲတစ်တွဲဖြစ်ခဲ့တဲ့ ဘန်အက်ဖ်လက်ခ်နဲ့ ဂျနီဖာဂါနာတို့နှစ်ဦးရဲ့ တရားဝင်ကွာရှင်းဖို့ဆောင်ရွက်နေတဲ့လုပ်ငန်းတွေနဲ့ ကလေးတွေရဲ့ စောင့်ရှောက်ခွင့်အတွက် တရားဝင်ဖြစ်စေဖို့ ကြိုးပမ်းနေတာတွေဟာ အနည်းဆုံး နောက်ထပ်ခြောက်လခန့်အကြာမှသာ အဆုံးသတ်နိုင်မှာဖြစ်ကြောင်းလည်း အီးအွန်လိုင်းဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

## မော်ရင်ဟိုရဲ့ မန်ယူအသင်းလိုဂိုကို လက်ညှိုးထိုးအောင်ပွဲခံမှုကြောင့် တွစ်တာစာမျက်နှာပေါ်တွင် တုံ့ပြန်မှုအမြောက်အမြား ရရှိခဲ့

မန်ယူက ချယ်လ်ဆီးအသင်းကိုအနိုင်ရတဲ့ပွဲစဉ်မှာ မန်ယူနည်းပြ မော်ရင်ဟိုက မန်ယူအသင်းလိုဂိုကို လက်ညှိုးညွှန်အောင်ပွဲခံခဲ့တဲ့အတွက် တွစ်တာစာမျက်နှာပေါ်မှတစ်ဆင့် တုံ့ပြန်မှုအမြောက်အမြားကို လက်ခံရရှိခဲ့သည်။ မော်ရင်ဟိုက သူ့အသင်းဟောင်း ချယ်လ်ဆီးအသင်းကို ရင်ဆိုင်ချိန်မှာ နည်းဗျူဟာ၊ လူထုတ်ပုံအားလုံးပြောင်းလဲခဲ့တာကြောင့် မန်ယူအသင်းနဲ့ အကိုက်ညီဆုံးစာရင်းကို မော်ရင်ဟို ရှာဖွေနိုင်ခဲ့ပြီဖြစ်ကြောင်း အင်ဒီပန်းဒင့် သတင်းဌာနက သုံးသပ်အဖြေထုတ်သည်။

သို့သော် မော်ရင်ဟိုရဲ့လှောင်ပြောင်တဲ့ သဘောဆန်ဆန်အပြုအမူက ချယ်လ်ဆီး ပရိသတ်များကို စိတ်ကသိကအောင့်ဖြစ်စေခဲ့ပြီး မန်ယူနှင့် ချယ်လ်ဆီးပရိသတ်များရဲ့ မှတ်ချက်များ တွစ်တာစာမျက်နှာပေါ်တွင် ပလူပျံအောင် နေရယူထားသည်ကို တွေ့ရသည်။ မန်ယူပရိသတ်များက မော်ရင်ဟိုရဲ့အပြုအမူအတွက် အပေါင်းလက္ခဏာဆောင်တဲ့ မှတ်ချက်များကို ရေးသားခဲ့ကြသော်လည်း ချယ်လ်ဆီးပရိသတ်များကမူ မန်ယူအသင်းတံဆိပ်ကို လက်ညှိုးထိုးပြီး ချယ်လ်ဆီးပရိသတ်များကို လေးစားမှုပေးတယ်ဆိုတဲ့ စကားမျိုး နောက်တစ်ကြိမ်မကြားလိုတော့ကြောင်း စသဖြင့် စသဖြင့် အမျိုးမျိုးရေးသားခဲ့ကြသည်။ **(ရှိုင်ယန်ဟောဒင်)**






## ချယ်လ်ဆီးအသင်းကို နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းကြောင့် မန်ယူအသင်း ၂၂ ပွဲဆက်တိုက် ရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့

မန်ယူအသင်းသည် ချယ်လ်ဆီးအသင်းနှင့် ပွဲစဉ်တွင် နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် ပရီမီယာလိဂ်တွင် ၂၂ ပွဲဆက်တိုက် ရှုံးပွဲမရှိ စံချိန်တင်နိုင်ခဲ့ပြီး ၁၂ ပွဲအနိုင်ရရှိကာ ၁၀ ပွဲသရေရလဒ် ထွက်ပေါ်ထားခြင်းဖြစ်သည်။ အဆိုပါရှုံးပွဲမရှိစံချိန်သည် ၂၀၁၀-၂၀၁၁ နောက်ပိုင်း မန်ယူအသင်းအတွက် တစ်ရာသီအတွင်း အရှည်ကြာဆုံးရှုံးပွဲမရှိ စံချိန်ဖြစ်လာခဲ့ပြီး ၂၀၁၀-၂၀၁၁ ဘောလုံးရာသီက ၂၄ ပွဲအထိ ရှုံးပွဲမရှိ စံချိန်တင်ထားခဲ့သည့် အသင်းဖြစ်သည်။

ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှ ဦးဆောင်ထားဆဲဖြစ်သည့် ချယ်လ်ဆီးအသင်းမှာမူ ပရီမီယာလိဂ်ပွဲစဉ်(၃၂)တွင် မန်ယူအသင်းအား ရှုံးနိမ့်ခဲ့ရခြင်းကြောင့် လက်ရှိအမှတ်ပေးဇယား၌ ဒုတိယနေရာတွင် ရပ်တည်လျက်ရှိသည့် စပါးအသင်းအား လေးမှတ်အကွာဖြင့်သာ ဦးဆောင်နိုင်ခွင့် ရရှိခဲ့သည်။

မန်ယူအသင်းနှင့် ချယ်လ်ဆီးအသင်းတို့၏ ပွဲစဉ်တွင် ချယ်လ်ဆီးအသင်းနည်းပြ ကွန်တီသည် ယခင်ပွဲစဉ်များ ကစားခဲ့သည့် ပွဲထွက် အခင်းအကျင်းအတိုင်း ပွဲထွက်လာခဲ့ပြီး မန်ယူအသင်းနည်းပြ မော်ရင်ဟိုမှာ လူငယ်ကစားသမား အများစုကိုသာ ရွေးချယ်ပွဲထွက် ကစားစေခဲ့သည်။ ထို့ကြောင့် ပရီမီယာလိဂ် ဖလားချန်ပီယံဆုဖလားကို ဆွတ်ခူးရန် ရေပန်းစားနေသည့် ချယ်လ်ဆီးအသင်း၏ ကွင်းလယ်နှင့် တိုက်စစ်ကို မန်ယူအသင်းကစားသမားများက အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့သည်။

ယင်းပွဲစဉ်တွင် မန်ယူအသင်းအတွက် ပထမဆုံးဦးဆောင်ဂိုးကို တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်က ပွဲကစားချိန် ခုနစ်မိနစ်တွင် သွင်းယူပေးခဲ့ပြီး ဒုတိယပိုင်းပွဲကစားချိန် ၄၉ မိနစ်တွင် ကွင်းလယ်ကစားသမား ဟာရဲရားက ဒုတိယဦးဆောင်ဂိုးထပ်မံသွင်းယူပေးခဲ့သည်။ အဆိုပါသွင်းဂိုးနှစ်ဂိုးဖြင့်ပင် မန်ယူအသင်းက ချယ်လ်ဆီးအသင်းကို နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ **(ငွေကြယ်)**

## ချန်ပီယံလိဂ်သုံးသပ်ချက်များ

### ရီးယဲလ်နှင့် ပွဲစဉ်ကို လီဝန်ဒေါစကီး ပါဝင်နိုင်ရန် ရှိနေ

ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး လီဝန်ဒေါစကီးမှာ ရီးယဲလ်နဲ့ ပွဲစဉ်မတိုင်မီ လေ့ကျင့်ရေးပြန်ဆင်းနိုင်ပြီဖြစ်သဖြင့် ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ရင်ဆိုင်ရမယ့် ချန်ပီယံလိဂ် ဒုတိယအကျော့ပွဲစဉ်တွင် ပါဝင်နိုင်ရန်ရှိနေပြီသည်။ လီဝန်ဒေါစကီးမှာ ပခုံးဒဏ်ရာကြောင့် ရီးယဲလ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့တဲ့ ချန်ပီယံလိဂ်ပထမအကျော့တွင် ပါဝင်ကစား နိုင်ခြင်းမရှိခဲ့သလို လေဗာကူဆင်နှင့် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့တဲ့ ပွဲစဉ်ကိုလည်း လွဲချော်ခဲ့ပြီးဖြစ်သည်။

လီဝန်ဒေါစကီးက သူ့အနေနဲ့ လေ့ကျင့်ရေးပြန်ဆင်းနိုင်ပြီဖြစ်သလို အရာအားလုံးအဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ဘိုင်ယန်အသင်းဝက်ဘ်ဆိုက်မှတစ်ဆင့် ပြောကြားခဲ့သည်။ ဘိုင်ယန်မှာ ပထမအကျော့ က တိုက်စစ်နေရာတွင် မူလာကို ထည့်သွင်း၍ တောင်ပံတိုးအား၊ ကွင်းလယ်ကစားအားတို့ဖြင့် ရီးယဲလ်ကို အကောင်းဆုံးထိန်းချုပ်ကစားခဲ့သည်။ သို့သော် မာတီနက်ဇ် ထုတ်ပယ်ခံရပြီးနောက် တစ်ယောက်လျော့အနေအထားတွင် စီရိုနယ်လ်ဒိုရဲ့ သွင်းဂိုးတစ်ဂိုးကို ထပ်မံခွင့်ပြုခဲ့ရသဖြင့် ပွဲအပြီးတွင် ရီးယဲလ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့ရသည်။

ဘိုင်ယန်နည်းပြ အန်စလော့တီက ဘိုင်ယန်အနေဖြင့် အခွင့်အရေးကောင်းမြောက်မြားစွာကို ဂိုးအဖြစ်မပြောင်းလဲနိုင်ခြင်းက ယခုရလဒ်ကို ထွက်ပေါ်စေခဲ့ကြောင်းဆိုခဲ့သော်လည်း ဘိုင်ယန်ရဲ့ ချန်ပီယံလိဂ်အိပ်မက်သေဆုံးခဲ့ပြီဆိုသည့်အချက်ကိုမူ ပယ်ချခဲ့သည်။ သို့သော် ယခုပွဲစဉ်တွင် တိုက်စစ်မှူး လီဝန်ဒေါစကီး ပါဝင်နိုင်မည်ဖြစ်သဖြင့် ဘိုင်ယန်တိုက်စစ်ပိုင်း ပိုမိုထက်မြက်လာနိုင်သည်။ လီဝန်ဒေါစကီးကို ရီးယဲလ်ကလည်း ခေါ်ယူရန် ချိတ်ဆက်ခဲ့ဖူးပြီး ဘိုင်ယန်အလုပ် အမှုဆောင်ချုပ် ရူမင်နစ်ဂ်က မိမိတို့ကစားသမားမှာ ရောင်းချတဲ့စာရင်းတွင် မပါဝင်သော ကစားသမားဖြစ်ကြောင်း တုံ့ပြန်ခဲ့သည်။ လီဝန်ဒေါစကီးမှာ ယခုနှစ်ဘောလုံး ရာသီတွင် လိဂ်သွင်းဂိုး ၂၆ ဂိုးနဲ့ ချန်ပီယံလိဂ် ရှစ်ပွဲတွင် ခုနစ်ဂိုးအထိ သွင်းယူထားနိုင်သူဖြစ်သည်။ **(ရှိုင်ယန်ဟောဒင်)**




### ဘာစီလိုနာ ပြန်လာနိုင်ဦးမယ်လို့ နေမာယုံကြည်

ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဘာစီလိုနာအသင်းက ဂျူဗင်တပ်အသင်းကို သုံးဂိုးပြတ်ဖြင့် အရေးနိမ့်ထားသော်လည်း ဘာစီလိုနာအသင်းအနေဖြင့် ပီအက်စ်ဂျီနှင့်ပွဲစဉ် ကကဲ့သို့ နောက်တစ်ကြိမ် ပြန်လာနိုင်ဦးမယ်လို့ ယုံကြည်ကြောင်း နေမာက ပြောကြားခဲ့သည်။

နေမာက "ကျွန်တော်တို့ ထပ်လုပ်ပြနိုင်ဦးမယ်လို့ ယုံကြည်ထားပါတယ်။ ကျွန်တော်တို့အသင်းဟာ ဘယ်အသင်းရဲ့ နောက်မှာပဲရှိခဲ့ရှိခဲ့ အမြဲတမ်း စွမ်းဆောင်ပြနိုင်ခဲ့တဲ့အသင်းပါ။ ကျွန်တော်တို့ လုပ်ပြနိုင်ပါတယ်" လို့ အင်တာဗျူး တစ်ခုတွင်ထည့်သွင်းပြောကြားခဲ့သည်။

ဘာစီလိုနာအသင်းမှာ ပီအက်စ်ဂျီအသင်းကို ပဲရစ်တွင် လေးဂိုးပြတ်ဖြင့် အရေးနိမ့်ခဲ့ပြီးနောက် နျူးကမ့်ကွင်းတွင် ခြောက်ဂိုး-တစ်ဂိုးဖြင့် ပြန်လည်အနိုင်ယူကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။ ချန်ပီယံလိဂ်တွင် လေးဂိုးပြတ်ဖြင့် အရေးနိမ့်ထားတဲ့ ဘယ်အသင်းကမှ နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့ဖူးသည့် အစဉ်အလာမရှိသော်လည်း ဘာစီလိုနာအသင်းက ယင်းမှတ်တမ်းကို ချိုးဖျက်ကာ သမိုင်းသစ်ရေးထိုးနိုင်ခဲ့ပြီးဖြစ်သည်။ နေမာက ဂျူဗင်တပ်မှာ ဖွဲ့စည်းမှုကောင်းကောင်းဖြင့် တည်ဆောက်ထားသဖြင့် အနိုင်ရလဒ်အတွက် ခက်ခက်ခဲခဲ အားထုတ်ရမည်ကို သိထားသော်လည်း အစွမ်းကုန်ပေးဆပ်ခြင်းဖြင့် အနိုင်ရလဒ်ကို ဖော်ဆောင်သွားမည်ဖြစ်ကြောင်း ပရိသတ်များကို ကတိပြုစကားဆိုခဲ့သည်။

ဘာကာကွင်းလယ်လူ ရာကီတစ်ကလည်း ပြီးခဲ့တဲ့ရက်ပိုင်းကပင် ပီအက်စ်ဂျီအသင်းနဲ့ ပွဲစဉ်ကကဲ့သို့ လုပ်ဆောင်ပြရန် ကစားသမားများကလည်း မိမိတို့ကိုယ်မိမိတို့ ယုံကြည်ထားကြသလို ပရိသတ်များကလည်း မိမိတို့ကို ယုံကြည်မှုရှိကြောင်း တုံ့ပြန်ခဲ့သည်။ **(ရှိုင်ယန်ဟောဒင်)**

## ချယ်လ်ဆီးရဲ့ အရှုံးအတွက် မိမိမှာသာ တာဝန်ရှိဟု ကွန်တီဆို

ချယ်လ်ဆီးနည်းပြ ကွန်တီက မန်ယူအသင်းကို ရှုံးနိမ့်ခြင်းအတွက် မိမိတွင် တာဝန်ရှိပြီး မန်ယူအသင်းမှာ အနိုင်ရလိုစိတ်အပြည့်ဖြင့် ကစားခဲ့ကာ အနိုင်ရလဒ်နှင့် ထိုက်တန်ကြောင်း ပြောကြားခဲ့သည်။ ချယ်လ်ဆီးအသင်းသည် မတ်လအတွင်း အမှတ်ပေးဇယားကို ၁၀ မှတ်ဖြတ်ကာ ဦးဆောင်နိုင်ခဲ့သော်လည်း ပဲလေ့စ်နဲ့ မန်ယူအသင်းတို့ကို ရှုံးနိမ့်ခဲ့သဖြင့် ဒုတိယနေရာမှ စပါးနဲ့ လေးမှတ်သာ ကွာဟတော့သည်။

ပြိုင်ဘက်အသင်းမှာ အနိုင်ရလိုစိတ်အပြည့်ဖြင့် ကစားနေချိန်တွင် နည်းပြဖြစ်သူက အပြောင်းအလဲတစ်ရပ်ကို ဖော်ဆောင်ပေးရမည်ဖြစ်သော်လည်း ထိုသို့ မလုပ်ဆောင်နိုင်ခြင်းက မိမိအမှားသာလျှင်ဖြစ်ကြောင်း ကွန်တီက ဆိုခဲ့သည်။ ချယ်လ်ဆီးအသင်း ရှုံးပွဲနှစ်ပွဲတွေ့ခြေချော်နေချိန် စပါးအသင်း၏ ခုနစ်ပွဲဆက် အနိုင်ရလဒ်ကြောင့်လည်း ချယ်လ်ဆီးကို ဖိအားတိုးစေခဲ့သည်။

ကွန်တီက ချန်ပီယံဆုဖလားအတွက် အသင်းသားအားလုံးစုစည်း ညီညွတ်ရန် လိုအပ်ပြီး အက်ဖ်အေဖလားအကြိုဗိုလ်လုပွဲစဉ်အဖြစ် စပါးအသင်းနှင့် ကစားရမည့်ပွဲစဉ်မှာ ပိုမိုစိတ်ဝင်စားစရာဖြစ်လာကြောင်း ဆိုခဲ့သည်။ ဆက်လက်၍ ကွန်တီက စပါးအသင်းရဲ့ အနိုင်ရလိုစိတ်အပြည့်ဖြင့် ကစားမှုကို မိမိတို့အသင်းလည်း အတုယူရမည်ဖြစ်ကြောင်းဆိုခဲ့သေးသည်။ ချယ်လ်ဆီးနဲ့ စပါးအသင်းတို့ လက်ကျန်ခြောက်ပွဲသာ ကစားရန် ကျန်ရှိနေချိန်တွင် လေးမှတ်သာ ကွာဟတော့သည့်အနေအထားကလည်း ပရီမီယာလိဂ်ပြိုင်ပွဲကို စိတ်ဝင်စားစရာ ပိုမိုကောင်းမွန်လာစေခဲ့သည်။ **(ရှိုင်ယန်ဟောဒင်)**



## မောင်တောမြို့နယ် ဇင်ပိုင်ညာကျေးရွာလမ်းဆုံ၌ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် မေ ၁၇**
မောင်တောမြို့နယ် ဇင်ပိုင်ညာကျေးရွာလမ်းဆုံ၌ ယမန်နေ့ မွန်းလွဲပိုင်းက ဈေးဆိုင်ခန်း ၁၂ ခန်း မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် ဇင်ပိုင်ညာကျေးရွာလမ်းဆုံတွင် မေ ၁၆ ရက် မွန်းလွဲပိုင်းက ဒိုးတန်းကျေးရွာနေ ဆော်တန်ဟူဆောင်း(၂၅)နှစ် ဖွင့်လှစ်ထားသည့် စက်သုံးဆီအရောင်းဆိုင်၌ ဆေးလိပ်သောက်ရာမှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

မီးလောင်မှုကြောင့် ဈေးဆိုင်ခန်း ၁၂ ခန်း မီးလောင်ခဲ့ရာ တန်ဖိုးငွေကျပ် ၂၄၀၀၀၀ ခန့် ဆုံးရှုံးခဲ့ပြီး ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ဆော်တန်ဟူဆောင်းအား နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။
**(သတင်းစဉ်)**



## မောင်တောမြို့နယ် ကြိမ်ချောင်းတောင်ကျေးရွာသား တစ်ဦးပျောက်ဆုံး

**နေပြည်တော် မေ ၁၇**
ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကြိမ်ချောင်းတောင်ကျေးရွာနေ မာမတ်တာလောင် (ခ) ဇော်လှိုင် (၄၂) နှစ်သည် ယမန်နေ့ နံနက်ပိုင်းက ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

မောင်တောမြို့နယ် ကြိမ်ချောင်းတောင်ကျေးရွာနေ ဆောက်လုပ်ရေးလုပ်ငန်း လုပ်ကိုင်သူ မာမတ်တာလောင်သည် မေ ၁၆ ရက် နံနက် ၈ နာရီ မိနစ် ၂၀ ခန့်တွင် နေအိမ်မှ ဆိုင်ကယ်ဖြင့် ဂျက်ချောင်းကျေးရွာအား ဖြတ်သွားစဉ် လူတစ်စုက ဖမ်းဆီးခေါ်ဆောင်သွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ နယ်ခြားစောင့်ရဲတပ်ဖွဲ့များက လောင်းဒုံ၊ စေတီပြင်၊ ဆင်သေပြင်၊ ငါးစားကြူး၊ ပန်းမြောင်၊ ဂျက်ချောင်းနှင့် မြာစင်ကျေးရွာများအတွင်း ပိတ်ဆို့ရှာဖွေခြင်း၊ အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ရာ ထူးခြားမှုမရှိသဖြင့် ဥပဒေနှင့်အညီအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**(သတင်းစဉ်)**

## မန်းရွှေစက်တော်ဘုရားပွဲ မုန်တိုင်းလာ၍ ဈေးသည်များ၊ တည်းခိုဆောင်ပိုင်ရှင်များ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပြီး အားလုံးအန္တရာယ်ကင်း

**မန်းရွှေစက်တော် မေ ၁၇**
အထင်ကရသမိုင်းဝင်မန်းရွှေစက်တော် ဘုရားပွဲတော်ကာလမပြီးခင် မုန်တိုင်းလာ၍ ဈေးသည်များ၊ တည်းခိုဆောင်ပိုင်ရှင်များ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပြီး အားလုံးအန္တရာယ်ကင်းကြောင်း မုန်တိုင်းကြောင့် မန်းရွှေစက်တော်ဘုရားဖူးများ ပြန်လည်ထွက်ခွာရန် ဂေါပကအဖွဲ့မှ ကြေညာပေးလိုက်ခြင်းတို့ကြောင့် အန္တရာယ်ကင်းရှင်းကြောင်း၊ လူမှုကွန်ရက် ဖေ့ဘုတ်များမှလည်း တွင်ကျယ်စွာ အသိပေးခြင်းတို့ကြောင့် ကြိုတင်ကာကွယ်လိုက်နိုင်ကြောင်း သိရသည်။

ဆိုင်ကလုန်းမုန်တိုင်း မာရသာကြောင့် မန်းရွှေစက်တော်ဘုရားသို့ လာရောက်သည့် ဘုရားဖူးများ အန္တရာယ်ကင်းရှင်းရေးအတွက် ဘုရားဖူးဧည့်သည်များ မန်းချောင်းအတွင်းမှ ပြန်လည်ထွက်ခွာပေးကြပါရန်နှင့် ရွှေစက်တော် ဘုရားပွဲတော်အတွင်းရှိ ဈေးဆိုင်များ၊ တည်းကျောင်းများ ရွှေ့ပြောင်းပေးကြပါရန် မေ ၁၆ ရက်က မင်းဘူးခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ကြေညာချက်ထုတ်ပြန်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါမုန်တိုင်း မာရသာကြောင့် မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ် မန်းရွှေစက်တော်ဘုရားပွဲတော်ကွင်းအတွင်းသို့ မန်းချောင်းရေများ တက်လာကာ လူကူးဝါးတံတားများ ရေမြုပ်မျောပါခဲ့ပြီး မန်းချောင်း၏ ဝဲဘက်နံဘေးရှိ အောက်ခြေတော်ရာကိုလည်း ဖန်အုပ်ဆောင်းဖြင့် ပြန်လည်ဖုံးအုပ်ထားပြီးဖြစ်ကြောင်း ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သိန်းထံမှ သိရသည်။

"မန်းချောင်းရေက အခုမနက်ပိုင်းမှာ အောက်ခြေတော်ရာ တန်ဆောင်းရဲ့ အောက်ဆုံးလှေကားထစ်နားထိ တက်လာပါတယ်။ ပွဲတော်တွင်း လမ်းမထဲမှာ လမ်းလျှောက်ရင် ရေက ပေါင်လယ်လောက် ရောက်ပါတယ်။ အောက်ခြေတော်ရာ ဖန်အုပ်ဆောင်းကို ပြန်ဖုံးထားပြီး အထက်စက်တော်ရာကိုလည်း ပိတ်ပြီးသွားပါပြီ။ ပွဲတော်ထဲက အထူးတံတားပေါ်က ကားတွေ ဖြတ်သန်းရပေမယ့် အခြားနေရာတွေက ကားသွားလို့ မရတော့ပါဘူး။ ဈေးသည်တွေ၊ လူတွေက ကြိုပြီးပြောင်းရွှေ့ထားတော့ ဘာအန္တရာယ်မှ မရှိခဲ့ပါဘူး။ အဆောက်အအုံတွေ မျောပါတာမျိုးလည်း မရှိသေးပါဘူး" ဟု ဦးမြင့်သိန်းက ပြောကြားသည်။

ယင်းမန်းရွှေစက်တော်၌ လာရောက်ရောင်းချသည့် ဈေးသည်တစ်ဦးကလည်း "တော်ပါသေးတယ်။ တစ်ခါကြုံတွေ့ထားတော့ ဘုရားဖူးတွေ၊ ဈေးသယ်တွေရော အသိတရားတွေရှိလာကြလို့ပေါ့။ မန်းရွှေစက်တော်ဘုရားပွဲတော်မှာ ကြီးကြပ်နေကြတဲ့ ဂေါပကလူကြီးတွေကလည်း ကြိုတင်အသိပေးလိုက်တော့ ဘာအန္တရာယ်မှမဖြစ်ကြပါဘူး"ဟု ပြောသည်။ **(ဇွဲထက်ရှင်)**



## မန္တလေးအထွေထွေရောဂါကုဆေးရုံသို့ သင်္ကြန်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိသူ ၈၁၃ ဦးနှင့် သေဆုံးသူ ၁၇ ဦးရောက်ရှိ

**မန္တလေး မေ ၁၇**
မန္တလေးမြို့ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း အပျော်လွန်လည်ပတ်မှုကြောင့် သင်္ကြန်အကြိုနေ့မှ အတက်နေ့အထိ မန္တလေးအထွေထွေရောဂါကုဆေးရုံသို့ ထိခိုက်ဒဏ်ရာရရှိသူ ၈၁၃ ဦးနှင့် သေဆုံးသူ ၁၇ ဦး ရောက်ရှိလာကြောင်း ယင်းဆေးရုံကြီး မှတ်တမ်းများအရ သိရသည်။

အဆိုပါ ထိခိုက်ဒဏ်ရာရရှိသူများအနက် ပြင်ပလူနာအဖြစ် ၄၈၃ ဦး လာရောက်ပြသကြပြီး အတွင်းလူနာအဖြစ် တက်ရောက်ကုသသူ ၃၃၀ ဦးနှင့် သေဆုံးပြီးနောက်ရောက်ရှိလာသူ ၁၇ ဦးရှိကြောင်း ယင်းဆေးရုံကြီး ဆေးလုပ်ငန်းမှူးဆက်ဆံရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းလွင်က ပြောသည်။

"သေဆုံးပြီး ရောက်လာတဲ့သူတွေက ယောက်ျားလေး ၁၆ ဦးနှင့် မိန်းကလေး တစ်ဦးဖြစ်ပါတယ်။ ဒီနှစ်သင်္ကြန်အတွင်းမှာ ရောက်လာတဲ့ လူနာတွေရဲ့ မှတ်တမ်းအရ မန္တလေးခရိုင်အတွင်းမှာ ယာဉ်မတော်တဆမှုကြောင့် ရောက်လာသူနည်းပါးသလို အခုရောက်ရှိလာတဲ့ သေဆုံးသူတွေကလည်း မန္တလေးတိုင်းဒေသကြီးရဲ့ အနီးဝန်းကျင် မြို့နယ်တွေက ဖြစ်ပွားပြီး ရောက်လာသူတွေဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် သင်္ကြန်ပွဲတော်ကာလအတွင်းက မန္တလေးအထွေထွေရောဂါကုဆေးရုံသို့ လာရောက်ပြသကြသည့် လူနာပေါင်း ၇၇၇ ရှိပြီး ယင်းတို့အနက် ပြင်ပလူနာ ၄၈၀ ဦး၊ အတွင်းလူနာ ၂၈၁ ဦး၊ သေဆုံးပြီးမှ ဆေးရုံကြီးသို့ရောက်ရှိလာသူ ၁၆ ဦးနှင့် ဆေးရုံရောက်ရှိပြီးမှ သေဆုံးသူ ၁၄ ဦးရှိခဲ့ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

## ပုံနှိပ်စက်ရောင်းချသူများအားဖိတ်ကြားခြင်း

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် အသုံးပြုရန်အတွက် စွမ်းဆောင်ရည်မြင့်မားပြီး နှစ်တာရှည်အသုံးခံနိုင်သည့် 4 Hi Tower 4 Unit ရောင်စုံပတ်လည်ပုံနှိပ်စက်ဝယ်ယူရန်ရှိပါသည်။ သို့ဖြစ်ပါ၍ ပုံနှိပ်စက်ရောင်းချလိုသည့် ပြည်တွင်း/ပြည်ပကုမ္ပဏီများအနေဖြင့် မိမိတို့ရောင်းချလိုသည့် စက်အရည်အသွေးများကို လာရောက်မိတ်ဆက် ရှင်းလင်းပြသနိုင်ရေးအတွက် (၁၈-၄-၂၀၁၇) ရက်နေ့မှ (၂၄-၄-၂၀၁၇)ရက်နေ့အတွင်း အောက်ပါလိပ်စာသို့ ဆက်သွယ်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ**
**ဒုတိယညွှန်ကြားရေးမှူး(စီမံ)၊**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၂၃၊ ၄၁၂၀၂၈**

## ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၇**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၂၆၃ စီး၊ သွင်းကုန် ၃၈၉ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။
**(ကြေးမုံ)**

## ၂၀၁၇ ခုနှစ် သင်္ကြန်ကာလအတွင်း ပြစ်မှုပေါင်း ၁၂၀၀ ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၂၈၅ ဦးနှင့် ဒဏ်ရာရရှိသူ ၁၀၇၃ ဦးရှိ

**နေပြည်တော် မေ ၁၇**
သင်္ကြန်ကာလအတွင်း အဘက်ဘက်မှလုံခြုံရေးများ ဆောင်ရွက်နေသော်လည်း ပြစ်မှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။ သင်္ကြန်နောက်ဆုံးနေ့ဖြစ်သော အတက်နေ့တွင် ပြစ်မှုပေါင်း ၆၁ မှုဖြစ်ပွားခဲ့သည်။ ဖြစ်ပွားခဲ့သော ပြစ်မှုများမှာ လူသတ်မှု တစ်မှုမှ သေဆုံးသူ တစ်ဦး၊ ယာဉ်တိုက်မှု ငါးမှုမှ ဒဏ်ရာရရှိသူ ၁၃ ဦး၊ နာကျင်စေမှု ၂၀ မှ ဒဏ်ရာရရှိသူ ၂၉ ဦး၊ အခြားအမှု ခုနစ်မှု၊ လက်နက်မှု နှစ်မှု၊ ယစ်မျိုးဖမ်းဆီးမှု နှစ်မှု၊ ခိုးမှု၊ ခါးပိုက်နှိုက် မသင်္ကာမှု ၂၃ မှု၊ သေမှုသေခင်း တစ်မှုမှ သေဆုံးသူ တစ်ဦးရှိခဲ့ရာ စုစုပေါင်း ၆၁ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ နှစ်ဦး ဒဏ်ရာရရှိသူ ၄၂ ဦး ရှိခဲ့သည်။

သို့ပါ၍ ၂၀၁၇ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း စုစုပေါင်းပြစ်မှု ၁၂၀၀ ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၂၈၅ ဦး၊ ဒဏ်ရာရရှိသူ ၁၀၇၃ ဦးရှိခဲ့သည်။

ယမန်နှစ် ၂၀၁၆ ခုနှစ် မဟာသင်္ကြန်ကာလတွင် ပြစ်မှုပေါင်း ၉၆၇ မှု၊ သေဆုံးသူ ၂၇၂ ဦး၊ ဒဏ်ရာရရှိသူ ၁၀၈၆ ဦးရှိခဲ့၍ ယခုနှစ်တွင် ၂၀၁၆ ခုနှစ် မဟာသင်္ကြန်ကာလထက် အမှုပေါင်း ၂၃၃ မှုပိုမိုဖြစ်ပွားခဲ့ပြီး ယမန်နှစ်ကထက် သေဆုံးသူ ၁၃ ဦး ပိုများခဲ့ကြောင်း သိရသည်။

၂၀၁၇ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မဟာသင်္ကြန်နှင့် ပတ်သက်၍ ဖြစ်ပွားခဲ့သောပြစ်မှုများမှာ နေပြည်တော် ပြည်ထောင်စုနယ်မြေ၌ ၃၉ မှု၊ သေဆုံးသူ ၁၀ ဦး၊ ဒဏ်ရာရရှိသူ ၂၈ ဦး၊ ကချင်ပြည်နယ်၌ ၃၄ မှု၊ သေဆုံးသူ ကိုးဦး၊ ဒဏ်ရာရရှိသူ ၁၅ ဦး၊ ကယားပြည်နယ်၌ ခုနစ်မှု၊ သေဆုံးသူ တစ်ဦး၊ ဒဏ်ရာရရှိသူ ခြောက်ဦး၊ ကရင်ပြည်နယ်၌ ၁၅ မှု၊ သေဆုံးသူ ငါးဦး၊ ဒဏ်ရာရရှိသူ ၃၁ ဦး၊ ချင်းပြည်နယ်၌ သုံးမှု၊ သေဆုံးသူ တစ်ဦး၊ ဒဏ်ရာရရှိသူတစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ၁၆၇ မှု၊ သေဆုံးသူ ၂၆ ဦး၊ ဒဏ်ရာရရှိသူ ၁၉၄ ဦး၊ တနင်္သာရီတိုင်းဒေသကြီး၌ ၄၂ မှု၊ သေဆုံးသူ ၁၁ ဦး၊ ဒဏ်ရာရရှိသူ ၃၅ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ ၁၅၄ မှု၊ သေဆုံးသူ ၃၇ ဦး၊ ဒဏ်ရာရရှိသူ ၁၈၃ ဦး၊ မကွေးတိုင်းဒေသကြီး၌ ၅၆ မှု၊ သေဆုံးသူ ၁၁ ဦး၊ ဒဏ်ရာရရှိသူ ၄၅ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၁၆၀ မှု၊ သေဆုံးသူ ၃၆ ဦး၊ ဒဏ်ရာရရှိသူ ၁၃၆ ဦး၊ မွန်ပြည်နယ်၌ အမှု ၅၀၊ သေဆုံးသူ ၂၀ ဦး၊ ဒဏ်ရာရရှိသူ ၆၆ ဦး၊ ရခိုင်ပြည်နယ်၌ ၄၇ မှု၊ သေဆုံးသူ ၁၇ ဦး၊ ဒဏ်ရာရရှိသူ ၆၆ ဦး၊ ရန်ကုန်တိုင်းဒေသကြီး၌ ၂၂၃ မှု၊ သေဆုံးသူ ၄၄ ဦး၊ ဒဏ်ရာရရှိသူ ၁၁၁ ဦး၊ ရှမ်းပြည်နယ်၌ ၅၉ မှု၊ သေဆုံးသူ ၂၉ ဦး၊ ဒဏ်ရာရရှိသူ ၅၂ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၌ ၁၄၄ မှု၊ သေဆုံးသူ ၂၈ ဦး၊ ဒဏ်ရာရရှိသူ ၁၀၄ ဦးရှိကြောင်း သိရသည်။

ထို့အတူ မဟာသင်္ကြန်နှင့်မပတ်သက်သော သင်္ကြန်ကာလ လေးရက်အတွင်း ပြစ်မှုပေါင်း ၉၉၂ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၂၆၉ ဦးနှင့် ဒဏ်ရာရရှိခဲ့သူ ၈၇၉ ဦးရှိကြောင်း သိရသည်။

သို့ပါ၍ ၂၀၁၇ ခုနှစ် မဟာသင်္ကြန်ကာလ လေးရက်အတွင်း သင်္ကြန်နှင့်ပတ်သက်၍ ဖြစ်ပွားသောပြစ်မှု ၁၂၀၀၊ သေဆုံးသူ ၂၈၅ ဦး၊ ဒဏ်ရာရရှိခဲ့သူ ၁၀၇၃ ဦးရှိခဲ့၍ မဟာသင်္ကြန်ကာလအတွင်း စုစုပေါင်း ပြစ်မှု ၂၁၉၂ မှု၊ သေဆုံးသူ ၅၅၄ ဦး၊ ဒဏ်ရာရရှိခဲ့သူ ၁၈၅၂ ဦးရှိခဲ့ကြောင်း သိရသည်။
**သန်းဦး (လေးမျက်နှာ)**

## အထက်မြန်မာပြည်

## မဘိမ်းမြို့၌ သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲပြုလုပ်

**မဘိမ်း မေ ၁၇**
၁၃၇၉ ခုနှစ် နှစ်ဆန်းတစ်ရက်နေ့တွင် မြန်မာ့ယဉ်ကျေးမှုထုံးတမ်းစဉ်လာအရ သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲကို မေ ၁၇ ရက် နံနက် ၈ နာရီက ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်ခရိုင် မဘိမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်း၏ဦးဆောင်မှုဖြင့် မဘိမ်းမြို့ရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ စေတနာရှင်ပြည်သူများ စုပေါင်းပြီး အသက် (၇၅) နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများကို ပူဇော်ကန်တော့ခဲ့သည်။

သက်ကြီးဘိုးဘွား ၂၀ အား တစ်ဦးလျှင်ငွေကျပ် ၅၇၀၀၀ နှုန်းဖြင့် စုစုပေါင်း ၁၁၄၀၀၀၀ နှင့် ဆေးဝါးများ၊ အသုံးအဆောင်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

**ထိန်လင်းဦး(ပြန်/ဆက်)**

## သက်ကြီးပူဇော်ပွဲ နှင့် ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပ



**မိတ္ထီလာ မေ ၁၇**
မိတ္ထီလာတွင် မြန်မာနှစ်ဆန်းတစ်ရက်နေ့ မေ ၁၇ ရက် နံနက် ၈ နာရီက သက်ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲကို ကန်တော်မင်္ဂလာခန်းမနှင့် မိတ္ထီလာတောင်ကန်၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ သက်ကြီးပူဇော်ပွဲကို ကန်တော်မင်္ဂလာခန်းမတွင် ကျင်းပရာ မိုးရွာသွန်းနေသည့် ရာသီဥတုအခြေအနေကြောင့် အပူဇော်ခံ သက်ကြီးဘိုးဘွား ၄၀ အနက် တက်ရောက်လာကြသည့် ဘိုးဘွား ခုနစ်ဦးအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်မိုး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်အသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။

ဆက်လက်၍ ဇီဝိတဒါနငါးလွှတ်ပွဲအား အထက (၁) ကန်ပတ်လမ်းအနီး မိတ္ထီလာတောင်ကန်တွင် ကျင်းပရာ မြန်မာ့နှစ်ဆန်း(၁)ရက်ကောင်းမှုကုသိုလ်အဖြစ် ငါးသားပေါက်ငယ်များအား မိတ္ထီလာကန်အတွင်းသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဇီဝိတဒါနငါးလွှတ်ပွဲသို့ တက်ရောက်လာကြသူများက ဇီဝိတဒါနအဖြစ်လွှတ်ပေးကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ခေတ်မီရှာဖွေကယ်ဆယ်ရေးသုံး ဘက်စုံပစ္စည်းများပါသောယာဉ် မုံရွာမြို့နယ်မီးသတ်ဦးစီးဌာနတွင် အသုံးပြုမည်



**မုံရွာ မေ ၁၇**
သဘာဝဘေးအန္တရာယ်နှင့် လူ့အသက်ကယ်ရာတွင်အသုံးပြုသည့် ခေတ်မီပစ္စည်းများပါဝင်သော ဘက်စုံသုံးယာဉ်တစ်စီး မုံရွာမြို့မီးသတ်ဦးစီးဌာနသို့ ရောက်ရှိကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း မုံရွာခရိုင်မီးသတ်ဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ရှာဖွေကယ်ဆယ်ရေးပစ္စည်းများပါသော တရုတ်နိုင်ငံထုတ်ယာဉ်သည် အမေရိကန်၊ ဂျာမနီ၊ ဂျပန်နိုင်ငံထုတ် ခေတ်မီပစ္စည်း ၁၀ မျိုးပါဝင်သော ကျပ် ၇၇၉ သိန်းတန်ဖိုးရှိကြောင်း သိရသည်။

"ခေတ်မီပစ္စည်းတွေဖြစ်တဲ့ အမှောင်ထုဖြိုခွဲမီးချောင်း၊ ဝန်ချီကရိန်းစက်၊ မီးခိုးမှုတ်စက်၊ အသက်ကယ်ကြိုးပစ်သေနတ်၊ ဟိုက်ဒရောလစ်စနစ်သုံးကားများ၊ ပိမိပါက မတင်ထုတ်သည့်ကိရိယာ၊ အဆောက်အအုံပြိုကျတာ၊ သံချောင်းတွေကြားပိတ်မိတာတွေကို အလွယ်ဖြတ်နိုင်တဲ့ပစ္စည်းနဲ့ သံတိုင်တွေကို ဆန့်ထုတ်ဖြဲတာ၊ သံချောင်းဖြတ်တာ၊ အုတ်ခွဲတာနဲ့ ချိန်းစောဝန်မတင်စက်တွေပါပါတယ်။ အသက်ကယ်စရာဖြစ်ရပ်တွေကြုံရင် မုံရွာမြို့နယ်မီးသတ်စခန်းကိုအကြောင်းကြားနိုင်ပါတယ်" ဟုမုံရွာခရိုင်မီးသတ်ဦးစီးဌာန တာဝန်ရှိသူကပြောပြသည်။

ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလကလည်း ကသာ၊ ရွှေဘို၊ မုံရွာ၊ စစ်ကိုင်းမြို့များရှိ မီးသတ်ဦးစီးဌာနများသို့ စစ်ကိုင်းတိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ တိုင်းအစိုးရဘတ်ဂျက်ငွေဖြင့်ဝယ်ယူထားသော နယ်သာလန်နိုင်ငံထုတ် အသက်ကယ်လုပ်ငန်းသုံးပစ္စည်းများကို ထောက်ပံ့ပေးထားကြောင်းသိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# သစ်သားအစားထိုး ပြည်တွင်းဖြစ် ဖိုက်ဘာဂလပ်(စ်) ထုတ်ကုန်များ တွင်ကျယ်စွာထုတ်လုပ်ရောင်းချလာ



**မန္တလေး မေ ၁၇**
ဖွံ့ဖြိုးတိုးတက်လာသောခေတ်တွင် သစ်သားပန်းပုများ၊ သစ်သားဖြင့်ပြုလုပ်သော ပရိဘောဂများနှင့် အခြားအလှဆင်ပစ္စည်းများအစား ပြည်တွင်းဖြစ် ဖိုက်ဘာဂလပ်(စ်)ထုတ်ကုန်များကို အစားထိုး အသုံးပြုလာကြသည်။

ဖိုက်ဘာဂလပ်(စ်)ထုတ်ကုန်လုပ်ငန်းများအတွက် ကုန်ကြမ်းကို နိုင်ငံခြားမှတင်သွင်းပြီး လိုအပ်သည့်ပုံစံများကို မိုထုတ်ကာ ပြည်တွင်း၌ပင် တွင်ကျယ်စွာထုတ်လုပ်လာသည်။ လက်ရှိကာလတွင် ဖိုက်ဘာဖြင့်ပြုလုပ်သောပစ္စည်းများကို သစ်သားအစားထိုးအဖြစ်အသုံးပြုလာသည်။ ဖိုက်ဘာဂလပ်(စ်)မှာအကျိုးကျေးဇူးများစွာရှိပြီး အားသာချက်များလည်းရှိနေသည်။ ဖိုက်ဘာဂလပ်(စ်)ဖြင့်ပရိဘောဂပစ္စည်းများပြုလုပ်ခြင်းဖြင့် သဘာဝသစ်တောများကို ထိန်းသိမ်းပြီးဖြစ်နေသည်။

ဖိုက်ဘာဂလပ်(စ်)၏အားသာချက်မှာ ပလတ်စတစ်များနှင့်မတူဘဲ ရေ၏သဘာဝဂုဏ်သတ္တိကို ထိန်းသိမ်းပေးထားနိုင်ခြင်း၊ ရာသီဥတုနှင့်လိုက်လျောညီထွေရှိစေရန် ဖန်တီးပေးခြင်း၊ နှစ်ရှည်အသုံးပြုနိုင်ခြင်း၊ ပေါ့ပါးခိုင်ခံ့ခြင်း၊ ဆွေးမြည့်ပျက်စီးမှုနည်းပါးခြင်း၊ ပြုပြင်ထိန်းသိမ်းရလွယ်ကူခြင်းဆိုသော အားသာချက်များရှိသည်။

လက်ရှိကာလတွင် ကစားကွင်းသုံးဖိုက်ဘာထုတ်ကုန်များ၊ အပန်းဖြေဥယျာဉ်သုံး ဖိုက်ဘာထုတ်ကုန်များ၊ ဘူတာ၊ ဆေးရုံသုံး ဖိုက်ဘာထုတ်ကုန်များ၊ ကျောင်းသုံး၊ ရုံးသုံး၊ အိမ်သုံးဖိုက်ဘာထုတ်ကုန်များ၊ ဖိုက်ဘာရေတိုင်ကီနှင့် ဖိုက်ဖာကန်အမျိုးမျိုး၊ ကားဖိုက်ဘာအလှဆင်ခြင်းနှင့် ဆက်စပ်ပစ္စည်းများကို ထုတ်လုပ်ရောင်းချလျက်ရှိသည်။

ဖိုက်ဘာဂလပ်(စ်)ဖြင့်ပြုလုပ်သော အရုပ်ငယ်တစ်ခုလျှင် အနည်းဆုံးငွေကျပ် ၃၀၀၀၀ မှ ၁၃ သိန်းကျော်အထိ အရုပ်အရွယ်အမျိုးအစားလိုက် ဈေးနှုန်းအမျိုးမျိုးရှိသည်။ ကျောင်းများတွင်လည်း စာရေးခုံများ၊ စားပွဲခုံကလေးများကိုပင် ဖိုက်ဘာဖြင့်ပြုလုပ်လာသည်။ မူကြိုကျောင်းများ၊ ကိုယ်ပိုင်အထက်တန်းကျောင်းများတွင် စာရေးစားပွဲနှင့် ခုံများကို ဖိုက်ဘာခုံများအဖြစ် အသုံးပြုလာသည်။ စာရေးခုံအုပ်စုံကျောင်းသားငါးယောက်ထိုင်နိုင်သည့် အရွယ်အစားများကိုလည်း စာအုပ်ထည့်စရာများဖြင့်ပါ ပြုလုပ်ပေးလေ့ရှိသည်။

လက်ရှိကာလတွင် အိမ်တွင်းအလှဆင်အရုပ်ငယ်များ၊ တိရစ္ဆာန်ပုံအမျိုးမျိုး၊ ရေကန်အမျိုးမျိုးနှင့် ကျောင်းသုံး၊ ရုံးသုံးများအတွက် တွင်ကျယ်စွာပြုလုပ်ရောင်းချလျက်ရှိသည်။ ပန်ဒါဝက်ဝံ၊ သစ်ကုလားအုပ်မိသားစု၊ မြင်းရုပ်၊ ကျွဲပုံ၊ ကြက်တူရွေး၊ ခွေးရုပ်နှင့် အခြားလှပသောအရုပ်ကလေးများကို တွင်ကျယ်စွာရောင်းချနေရသည်။

ဖိုက်ဘာပစ္စည်း ကျောင်းသုံး၊ ရုံးသုံးများကို အနည်းဆုံး ငါးနှစ်အာမခံဖြင့် ရောင်းချပေးသည်။ အထူးသဖြင့် အလှဆင်ပစ္စည်းများ၊ အရုပ်များကို လှပစွာဖြင့် အနုပညာလက်ရာမြောက်အောင် ထုတ်လုပ်ရောင်းချလျက်ရှိသည်။

**နွေနဒီ(မြစ်ငယ်)**

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှူးကြီးမှူး၍ သက်ကြီးပူဇော်ပွဲနှင့် သက်လွှတ်ပွဲကျင်းပ

**မန္တလေး မေ ၁၇**
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှူးကြီးမှူး၍ ၁၃၇၉ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက် သက်ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါနသက်လွှတ်ပွဲအခမ်းအနားကို မေ ၁၇ ရက် နံနက် ၇ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်း၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြားရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့အစည်းဝင်များ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မန္တလေးမြို့ရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများသည် ၂၆ လမ်း၊ ၇၀ လမ်းနှင့် ၇၁ လမ်းကြားရှိ သတ်မှတ်နေရာတွင် ကျုံးအတွင်းသို့ ဇီဝိတဒါနငါးလွှတ်ခြင်း၊ မြို့တော်ခန်းမရှေ့တွင် ခို၊ စာကလေးနှင့် ငှက်များအား ဇီဝိတဒါန သက်လွှတ်ပေးကြသည်။

ယင်းနောက် နံနက် ၈ နာရီတွင် မြန်မာနှစ်ဆန်းတစ်ရက် သက်ကြီးပူဇော်ပွဲကို မြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးခရိုင်အတွင်းရှိ အသက် (၈၀) နှစ်နှင့်အထက် အဘိုးအဘွားများတက်ရောက်ကြပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ဂါရဝပြုနှုတ်ခွန်းဆက်စကားပြောကြားပြီး တက်ရောက်လာသော တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အဘိုးအဘွားများအား ကန်တော့ပစ္စည်းများပေးအပ်ကြသည်။ ယင်းနောက် အဘိုးအဘွားများကိုယ်စား အဘိုးနှင့်အဘွားတစ်ဦးစီတို့က ဆုပေးစကားများပြောကြားခဲ့ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## ရမည်းသင်းမြို့နယ်၌ အသက် (၈၅) နှစ်အထက် အဘိုး၊ အဘွားများအား သက်ကြီးပူဇော်

**ရမည်းသင်း မေ ၁၇**
မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ရန်အောင်မြင်သာသနာ့ဗိမာန်တွင် မေ ၁၇ ရက် နံနက် ၈ နာရီခွဲက မြို့ပေါ်ရပ်ကွက်ကြီးများမှ အသက် (၈၅) နှစ်အထက် အဘိုးအဘွားများကို သက်ကြီးပူဇော်ပွဲပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ အခမ်းအနားတက်ရောက်လာကြသည့် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းညိုနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်မြက်အောင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက နမောတဿသုံးကြိမ်းရွတ်ဆိုဖွင့်လှစ်ပြီး တက်ရောက်လာသူများက အဘိုး၊ အဘွားများကို ကန်တော့ခံလှူဖွယ်ပစ္စည်းများကို လက်ရောက်ပေးအပ်ခဲ့ကြသည်။



အဆိုပါ သက်ကြီးပူဇော်ပွဲ အသက် (၈၅) နှစ်အထက် အဘိုး၊ အဘွား ၁၁၈ ဦး ပူဇော်ကန်တော့မည်ဖြစ်ရာ မတက်ရောက်နိုင်သည့် အဘိုး၊ အဘွားများအား ရမည်းသင်း ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးဝန်ထမ်းများမှ ရပ်ကွက်အလိုက် လက်ရောက်ပူဇော်ကန်တော့သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်မာနှစ်ဆန်းတစ်ရက် နေ့ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ကန်တော့ပွဲ အခမ်းအနား ကော့သောင်းမြို့၌ကျင်းပ



**ကော့သောင်း မေ ၁၇**

မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် နှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားကို ကော့သောင်းမြို့ မြို့မဆိပ်ကမ်းတံတား၌ မေ ၁၇ ရက် နံနက် ၇ နာရီကပြုလုပ်ရာ အခမ်းအနားသို့ ကော့သောင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သက်နှင့်ဇနီး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တက်ရောက်လာကြသော ဧည့်သည်တော်များက ရေချိုငါးများဖြစ်ကြသည့် ကျောက်ငါး၊ ကကတစ်ငါး၊ ကကပေါင်းငါးနှင့် ကဏန်းများကို အသီးသီး ဇီဝိတဒါနအဖြစ် ကုသိုလ်ယူ ပင်လယ်အတွင်းသို့ ဘေးမဲ့လွှတ်ချပေးကြသည်။

ဆက်လက်၍ နံနက် ၈ နာရီတွင် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ကုသိုလ်ဒါနအဖြစ် သက်ကြီးဘိုးဘွားများ ပူဇော်ကန်တော့ပွဲကို ပြည်တော်အေးသာသနာ့ဗိမာန်တော်တွင် ပြုလုပ်ရာ တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စေတနာရှင်များက သက်ကြီးဘိုးဘွား ၁၃၈ ဦးအား အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းပေးအပ်ကြပြီး လက်အုပ်ချီမိုး ကန်တော့ကြသည်။ ထို့နောက် ဘိုးဘွားများကိုယ်စား သက်ကြီးအဘိုးတစ်ဦးက ပြုသမျှကုသိုလ်အဖို့ဘာဂအတွက် ဆုတောင်းမေတ္တာပြန်လည်ပို့သသည်။ ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဌာနမှ ဝန်ထမ်းများက သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစစ်ဆေးပြုစုစောင့်ရှောက်မှု ဒါနပြုခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

---



## မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်လဲကျ

**မင်္ဂလာတောင်ညွန့် မေ ၁၇**

မင်္ဂလာတောင်ညွန့်မြို့နယ် ကန်/မြောက်ရပ်ကွက် အထက်ပန်းဆိုးတန်းလမ်း ကန်တော်ကြီးထိပ်ရှိ လုံးပတ်သုံးပေခန့်ရှိ မဟော်ဂနီပင်ကြီးမှာ မေ ၁၆ ရက် နံနက် ၁၀ နာရီက မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လမ်းပေါ်သို့ လဲကျခဲ့ရာ ဓာတ်တိုင်ငါးတိုင်ကျိုးကျခဲ့ရသည်။

မင်္ဂလာတောင်ညွန့်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရာဇာဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ဦး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးတင်ထွန်း၊ တောင်ပိုင်းခရိုင်စည်ပင်ပန်းဥယာဉ်မှူး ဦးအောင်ဇော်ဦးနှင့် ဝန်ထမ်းများ၊ တာဝန်ရှိသူများက ပူးပေါင်းရှင်းလင်းခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး**

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အသက် ၈၅ နှစ်အထက်ဘိုးဘွားများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကျင်းပ

**ပဲခူး မေ ၁၇**

ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်၌ မေ ၁၇ ရက် မြန်မာနှစ်ဆန်း(၁)ရက်နေ့ နံက် ၉ နာရီက အသက် ၈၅ နှစ်အထက်ဘိုးဘွားများအား ပူဇော်ကန်တော့ပွဲ အခမ်းအနား ပြုလုပ်သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် မြန်မာနှစ်ဆန်း(၁)ရက်နေ့သည် မြန်မာ့ယဉ်ကျေးမှုနယ်ပယ်၌ မင်္ဂလာရှိပြီး လန်းဆန်းသစ်လွင်သည့် နေ့ထူးနေ့မြတ်ဖြစ်ကြောင်း၊ ဂါရဝေါစဆိုသည့်မင်္ဂလာတရားတော်နှင့်အညီ ရိုသေသင့်ရိုသေထိုက်သူများ၊ ပူဇော်သင့်ပူဇော်ထိုက်သူများကို ပူဇော်ကန်တော့ခြင်းဖြစ်ကြောင်း၊ နှစ်သစ်မင်္ဂလာအခါသမယမှာ စိတ်သစ်၊ လူသစ်၊ ခွန်အားသစ်နှင့် ဘာသာ၊ သာသနာအကျိုး၊ မိသားစုအကျိုး၊ ရပ်ရွာအကျိုး၊ ပြည်သူနဲ့နိုင်ငံအကျိုးပြုလုပ်ငန်းများကို ဆတက်ထမ်းပိုး တိုးတက်ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုတောင်းစကားပြောကြားသည်။

ထို့နောက် အဘိုးအဘွားများအားကန်တော့ချိုးဖြင့် လက်အုပ်ချီကန်တော့ကြပြီး လွှတ်တော်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့် ဝန်ကြီးများ၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများက အဘိုးအဘွားများအား အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ကန်တော့ခံအဘိုးတစ်ဦးက ဆုပေးစကားပြောကြားပြီး အဘိုးအဘွားများအား ပြည်သူ့ကျန်းမာရေးဌာန မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းဒေသကြီး(၄) မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာကိုဦး ဦးဆောင်သော ဝန်ထမ်းများက မျက်စိကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးကြသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှဦးဆောင်၍ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်း အခမ်းအနားတွင် ပဲခူးမြို့ပေါ်ရပ်ကွက်အသီးသီးရှိ အသက် ၈၅ နှစ်အထက်အဘိုး ၂၅၉ ဦး၊ အဘွား ၅၈၈ ဦး စုစုပေါင်း ၈၄၇ ဦးအား ပူဇော်ကန်တော့ခြင်းဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတွင် ဘိုးဘွားများ ပူဇော်ကန်တော့ရန်အစိုးရအဖွဲ့မှ လှူဒါန်းငွေများပေးအပ်ထားရှိသည်။

ထို့အတူ ပဲခူးမြို့ပေါ်ရပ်ကွက်အသီးသီးရှိ လမ်းအသီးသီးတွင်လည်း နှစ်ဦးဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ဘိုးဘွားများအားပူဇော်ကန်တော့ခြင်း၊ အန္တရာယ်ကင်းပရိတ်တရားတော်များနာယူခြင်းစသည့်ကုသိုလ်ကောင်းမှုများပြုလုပ်ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

---

## နှစ်ဦးဆွမ်းအလှူမင်္ဂလာနှင့် သက်ကြီးပူဇော်ပွဲကျင်းပ

**ဘုတ်ပြင်း မေ ၁၇**

၁၃၇၈-၇၉ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ နှစ်ဦးဆွမ်းအလှူနှင့် သက်ကြီးပူဇော်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သပြေခန်းမ၌ ယနေ့ နံနက် ၅ နာရီက ပြုလုပ်သည်။

ရှေးဦးစွာ ဧည့်ပရိသတ်များက ဘုတ်ပြင်းမြို့ ဓမ္မဝိဇယပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တကုဏ္ဍာစရိယထံမှ ငါးပါးသီလဆောက်တည်၍ နှစ်ဦးတရားတော်များနာယူကြသည်။ ယင်းနောက် ဧည့်ပရိသတ်များက လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ပြီး ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ သက်ကြီးပူဇော်ပွဲအခမ်းအနားကို ကျင်းပရာ မြို့ပေါ်ရပ်ကွက်များမှ အသက်(၇၅)နှစ်အထက် သက်ကြီးဘိုးဘွားများကို ကန့်တော့ချိုးဖြင့် ပူဇော်ကန်တော့ကြသည်။ သက်ကြီးဘိုးဘွား ၅၈ ဦးအား ကန်တော့ခံပစ္စည်းများ ဆေးဝါးများဖြင့် ကန်တော့ကြပြီး အဘိုး/အဘွားကိုယ်စားအဘိုးတစ်ဦး၊ အဘွားတစ်ဦးတို့က ဆုတောင်းမေတ္တာများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ဘုတ်ပြင်း(ပြန်/ဆက်)**



## ဆိုင်ကလုန်းမုန်တိုင်း မာရသာကြောင့် ပျက်စီးသည့်နေအိမ်များအား ပြည်နယ်စီမံဘဏ္ဍာဝန်ကြီးသွားရောက်ကြည့်ရှု၍ လိုအပ်သည်များကိုပေါင်းစပ်ဆောင်ရွက်

**ပေလီ မေ ၁၇**

ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်း၊ သံတွဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်၊ ပေလီမြို့အုပ်ချုပ်ရေးမှူး ဦးကျော်သူလှိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများလိုက်ပါလာသောအဖွဲ့သည် မေ ၁၇ ရက် နံနက် ၇ နာရီက ပေလီကမ်းခြေတစ်လျှောက်ရှိ ဆိုင်ကလုန်းမုန်တိုင်းမာရသာကြောင့် ပျက်စီးဆုံးရှုံးသွားသည့် နေအိမ်များသို့ သွားရောက်၍ လိုအပ်သည်များကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါဆိုင်ကလုန်းမုန်းတိုင်းကြောင့် ဇီးဖြူကုန်းရပ်ကွက် ခနိမိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ နေအိမ်ငါးလုံး၊ စပါးကြီးရပ်ကွက်တွင် ခနိမိုး၊ ပျဉ်ခင်း၊ ပျဉ်ကာနေအိမ်ငါးလုံး၊ ဂေါ့ရပ်ကွက်၊ ဖတွင် ခနိမိုး၊ ပျဉ်ခင်း၊ ထရံကာ နေအိမ်ရှစ်လုံးနှင့် သွပ်မိုး၊ ပျဉ်ခင်း၊ ထရံကာ အုန်းပင်ပိနေအိမ်တစ်လုံး၊ မြပြင်ရပ်ကွက်တွင် သစ်ပင်ပိနေအိမ် ခနိမိုး၊ ထရံကာ၊ ပျဉ်ခင်းတစ်လုံး၊ ဂျိတ္တောရပ်ကွက်တွင် ခနိမိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ နေအိမ်သုံးလုံး၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ နေအိမ်တစ်လုံးနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း တစ်ကျောင်း စုစုပေါင်း ၂၅ လုံးမှာ ခေါင်းမိုးအနည်းလန် ပျက်စီးသွားကြောင်းသိရပြီး ပျက်စီးသွားသည့်နေအိမ်များအား နယ်မြေခံတပ်ရင်းတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်၍ ဒေသအစီအစဉ်ဖြင့် ပြုပြင်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အပူဒဏ်ကြောင့်ကျန်းမာရေး ပြဿနာများဆိုင်ရာ နှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းမှုကြောင့် ချွေးထွက်လွန်ကာ ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားဓာတ်များဆုံးရှုံးမှု ပိုမိုများပြားတတ်ပါသည်။ ပြည်သူလူထုအနေဖြင့် အပူဒဏ်ကြောင့်ဖြစ်ပွားတတ်သော ကျန်းမာရေးပြဿနာများတွေ့ရှိပါက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို သိရှိလိုက်နာနိုင်ပါရန် နှိုးဆော်အပ်ပါသည်။

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း (Heat exhaustion) ခံစားရပါက အောက်ဖော်ပြပါ ရောဂါလက္ခဏာများ ပေါ်ပေါက်နိုင်ပါသည်။

- ပျို့ခြင်း (သို့) ဂနာမငြိမ်ဖြစ်ခြင်း
- ခေါင်းမူးနောက်ခြင်း
- ကြွက်သားများ ကြွက်တက်ခြင်းနှင့် အားပျော့ခြင်း
- မူးမိုက်ခြင်း
- ခေါင်းကိုက်ခြင်း
- နုံးချည့်ခြင်း
- ရေဆာခြင်း
- ချွေးအလွန်အကျွံထွက်ခြင်း
- ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း

ရောဂါပိုမိုပြင်းထန်ဆိုးရွားလာ၍ အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke) ခံစားရပါက အောက်ဖော်ပြပါရောဂါလက္ခဏာများ ပေါ်ပေါက်နိုင်ပါသည်။

- အရေပြားပူ၍ခြောက်သွေ့ခြင်း (သို့) ချွေးအလွန်အကျွံထွက်ခြင်း
- စိတ်ရှုပ်ထွေးခြင်း
- သတိလစ်ခြင်း
- တက်ခြင်း
- ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်ခြင်း

အဆိုပါလက္ခဏာများခံစားရပါက ဦးစွာဆောင်ရွက်ရန်-

(၁) အရိပ်ရ၍အေးမြသော၊ လေဝင်လေထွက်ကောင်းသော နေရာသို့ ပြောင်းရွှေ့ထားပါ။
(၂) ရေနှင့်ဓာတ်ဆားရည်များကို တိုက်ကျွေးပါ။
(၃) ရေအေးပတ်တိုက်ပါ။ (နဖူး၊ လည်ပင်း၊ ချိုင်းကြားနှင့် ပေါင်ခြံတို့ကို ရေအေး ပတ်ရွှဲရွှဲတိုက်ပေးခြင်းဖြင့် ခန္ဓာကိုယ်တွင် အပူချိန်အမြန်ကျစေပါသည်။)

**နီးစပ်ရာဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနများသို့ အမြန်ဆုံးပို့ပေးပါ။**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# နှစ်ဟောင်းကိုသုံးသပ်၍ နှစ်သစ်တွင် အကောင်းဆုံးကြိုးပမ်းသွားကြပါစို့

မောင်သောင်းဝင်း(တမန်ဟောင်း)

၁၃၇၉ ခုနှစ်ဦးတန်ခူးလပြည့်ကျော် ၆ ရက်နေ့သည် မြန်မာနှစ်ဆန်းတစ်ရက်နေ့ဖြစ်သည်။ နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ရောက်ရှိလာပြီဖြစ်သည်။ နှစ်ဟောင်းကုန်ဆုံးမှုနှင့်အတူ ကျွန်ုပ်တို့အားလုံးလက်ခံလိုက်ရသောအချက်သည် အသက်တစ်နှစ်ကြီးသွားခြင်းပင်ဖြစ်သည်။ ထိုတစ်နှစ်အတွင်း လူတစ်ဦးတစ်ယောက်ချင်းစီတွင် အပြောင်းအလဲများစွာကို ကြုံတွေ့ခဲ့ကြရမည်ဖြစ်သည်။ ထိုအတွေ့အကြုံများတွင် အကောင်းနှင့်အဆိုးဒွန်တွဲနေမည်ဖြစ်သည်။ လူတိုင်း၏တူညီသောရည်မှန်းချက်သည် အောင်မြင်တိုးတက် ကြီးပွားလိုသောဆန္ဒပင်ဖြစ်သည်။ သို့သော်အောင်မြင်မှုကို အမြဲတစေမရရှိနိုင်ပေ။ တစ်ခါတစ်ရံကျရှုံးမှုနှင့်လည်း ကြုံတွေ့ရနိုင်ပေသည်။

**ကြိုးပမ်းအားထုတ်မှုပေါ်တွင်မူတည်**

အမှန်စင်စစ်မှာမူ ထိုကျရှုံးမှုများသည်အောင်မြင်မှု၏ဒေါက်တိုင်များ Failures are pillars of the success. ပင်ဖြစ်ကြသည်။ တချို့သောအောင်မြင်သူများသည် ဘဝတစ်ကွေ့တွင် ကျရှုံးမှုနှင့်လည်းကြုံတွေ့ခဲ့ရလေ့ရှိသည်။ ထို့ကြောင့် အောင်မြင်မှုနှင့်ကျရှုံးမှုတို့သည် လူတစ်ဦးတစ်ယောက်ချင်းစီ၏ ကြိုးပမ်းအားထုတ်မှုများပေါ်တွင် မူတည်နေကြမည်ဖြစ်သည်။

စာရေးသူတို့အားလုံးသည် ကုန်လွန်ခဲ့သောတစ်နှစ်အတွင်း အခြေခံအားဖြင့်တူညီသောအချိန်များ ရရှိခဲ့သည်မှာ အသေအချာပင်ဖြစ်သည်။ ထိုသို့သာတူညီမျှရရှိထားသောအချိန်ကို အကျိုးရှိစွာအသုံးချနိုင်ခဲ့သူသည် တစ်နှစ်အတွင်းအောင်မြင်မှုများစွာရရှိထားမည်ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ တန်ဖိုးရှိသောအချိန်ကို အလဟဿဖြုန်းတီးခဲ့သူသည် ဆုံးရှုံးမှုများနှင့်သာကြုံတွေ့နေရမည် သာဖြစ်သည်။

**ကြိုတင်ပြင်ဆင်**

နှစ်ဟောင်းတွင် မည်သို့မည်ပုံဖြတ်သန်းခဲ့သည်ဖြစ်စေ နှစ်သစ်တွင် စိတ်သစ်ခွန်အားသစ်များဖြင့် အကောင်းဆုံးဖြတ်သန်းနိုင်ရန် ကြိုတင်ပြင်ဆင်ထားရန်လိုအပ်မည်ဖြစ်သည်။ ဤနေရာတွင် အနောက်တိုင်းသားများ၏ ကောင်းမွန်သောအလေ့အထကို တင်ပြသွားလိုပါသည်။ ထို့အလေ့အထကား အခြားမဟုတ်ချေ။ အနောက်တိုင်းသားများသည် နှစ်ကုန်ခါနီးအချိန်တွင် နှစ်သစ်သန္နိဋ္ဌာန်များ (New Year Resolutions) ချမှတ်လေ့ရှိကြသည်။ ထိုသန္နိဋ္ဌာန်ကိုလည်း ရုပ်လုံးပေါ်အောင်ကြိုးပမ်းလေ့ရှိကြသည်။

ထို့ကြောင့် ကျွန်ုပ်တို့အားလုံးအနေဖြင့် မြန်မာနှစ်သစ်စိတ်ကူးအိပ်မက်အသစ်လေးများ ကိုယ်စီချမှတ်သွားသင့်ပေသည်။ လူတစ်ဦးသည် စိတ်ကူးအိပ်မက်ရှိနေမှသာလျှင် တက်ကြွလန်းဆန်းနေပြီး ထိုစိတ်ကူးအိပ်မက်ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ ထိုသို့စိတ်ကူးအိပ်မက်မရှိသူသည် အောင်မြင်မှုအတွက် လမ်းစပျောက်နေမည်ဖြစ်သည်။

နှစ်သစ်သန္နိဋ္ဌာန်များအား နေ့စဉ်မှတ်တမ်းတွင် ရေးထားသင့်ပေသည်။ ထိုသို့မှတ်တမ်းမရေးနိုင်ဘူးဆိုလျှင် ရင်ထဲ၊ အသည်းထဲတွင် စွဲမြဲအောင်မှတ်ထားရန်လိုအပ်ပါသည်။ သို့မှသာလျှင် နှစ်ကုန်လျှင် တစ်နှစ်အတွင်း ကြိုးပမ်းအားထုတ်ခဲ့မှုများကို ပြန်လည်သုံးသပ်နိုင်မည်ဖြစ်သည်။

**ခွဲခြားဆန်းစစ်**

အထူးသဖြင့် အားနည်းချက်နှင့် အားသာချက်များကို ခွဲခြားဆန်းစစ် ဖော်ထုတ်နိုင်မည်ဖြစ်သည်။ နှစ်ဟောင်းတွင်ကြုံတွေ့ခဲ့ရသော အားနည်းချက်များမှ သင်ခန်းစာဖော်ထုတ်ကာ နှစ်သစ်တွင် အဘက်ဘက်မှ ပြုပြင်ကြိုးပမ်းသွားရန် လိုအပ်မည်ဖြစ်သည်။ နှစ်ဟောင်းတွင် သီလ၊ ဥစ္စာ၊ ပညာတစ်ခုခုမျှမရရှိခဲ့လျှင် တန်ဖိုးရှိသောအချိန်များကို အချည်းအနှီးဖြုန်းတီးခဲ့ခြင်းသာဖြစ်သည်။ ဘာသာရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့်နယ်ပယ်တစ်ခုခုတွင် သိသာသောအောင်မြင်မှုများ မရရှိခဲ့ဘူးဆိုလျှင် နှစ်သစ်တွင် အောင်မြင်မှုရရှိစေရန် ကြိုတင်ပြင်ဆင်မှုလုပ်ရတော့မည်ဖြစ်သည်။

ထို့အတူ နိုင်ငံတစ်နိုင်ငံကို တာဝန်ယူအုပ်ချုပ်ရသောအစိုးရတစ်ရပ်အနေဖြင့်လည်း တိုင်းပြည်နှင့် လူမျိုးအတွက် နှစ်သစ်သန္နိဋ္ဌာန်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားသင့်ပါသည်။ ထိုသို့ ဆောင်ရွက်သွားမည်ဆိုလျှင် တိုင်းပြည်အတွင်းဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များ ရရှိနေမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။

> **“မြန်မာနှစ်သစ်တွင် တိုင်းရင်းသားများအကြားရှိ ကွာဟချက်များကို တတ်နိုင်သမျှလျှော့ချ . . . ဝန်ထမ်းများသည် သင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း အပြည့်အဝ အနားယူ . . . နှစ်သစ်အတွက် စိတ်သစ်၊ ခွန်အားသစ်များဖြင့် ချီတက်ရန် အသင့်ဖြစ်နေ . . .”**

**ပြည်သူနှင့်အတူ**

ပြည်သူများက ရွေးချယ်တင်မြှောက်ထားသော ဒီမိုကရေစီအစိုးရသည် “ပြည်သူနှင့်အတူ” ဆိုသောဆောင်ပုဒ်နှင့်အညီ မြန်မာနှစ်သစ်ကို ချီတက်သွားရန်အခိုင်အမာဆုံးဖြတ်ထားပြီးဖြစ်သည်။ မြန်မာနှစ်သစ်တွင် ပြည်သူနှင့်အတူ အေးအတူပူအမျှ အတူတကွရှိနေမည်ဟုလည်း နိုင်ငံသားတစ်ယောက်အနေဖြင့် ရိုးသားခိုင်မာစွာ ယုံကြည်ထားပါသည်။

ဒီမိုကရေစီအစိုးရသည် ၁၃၇၈ ခုနှစ်အတွင်း ထူးခြားသောမှတ်တိုင်များ စိုက်ထူနိုင်ခဲ့ပါသည်။ အထူးသဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို တစိုက်မတ်မတ်ဆောင်ရွက်နိုင်ခဲ့သည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ) ကို အောင်မြင်စွာကျင်းပပြီး တိုင်းရင်းသားညီအစ်ကိုများ၏ ရင်ထဲကလာသောအသံကို နားထောင်နိုင်ခဲ့သည်။ နိုင်ငံတကာဆက်ဆံရေးတွင်လည်း ထူးခြားသောအောင်မြင်မှုများရရှိခဲ့သည်။ ယခင်က တချို့သောနိုင်ငံများ၏ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် ပိတ်ဆို့မှုများကို အတိုင်းအတာတစ်ခုအထိ ရုပ်သိမ်းပေးအောင်ဆောင်ရွက်နိုင်ခဲ့သည်။

**ကွာဟချက်များလျှော့ချ**

အထူးသဖြင့် ကျွန်ုပ်တို့အားလုံးသည် မြန်မာနှစ်သစ်တွင် တိုင်းရင်းသားများအကြားရှိ ကွာဟချက်များကို တတ်နိုင်သမျှလျှော့ချကာ သာတူညီမျှရှိနေအောင် ကြိုးပမ်းသွားကြရမည်ဖြစ်သည်။ အစိုးရနှင့်ပြည်သူတို့အနေဖြင့်လည်း “ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ” ဆိုသလို အပြန်အလှန် အမှီသဟဲပြုသွားရန် လိုအပ်မည်ထင်ပါသည်။ သို့မှသာလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဟန်ချက်ညီညီ ဖော်ဆောင်နိုင်မည်ဖြစ်သည်။

အထူးသဖြင့် တိုင်းရင်းသားပြည်သူများအကြားတွင် စည်းလုံးညီညွတ်မှုကို ပိုမိုကျစ်လျစ်ခိုင်မာအောင် တည်ဆောက်သွားကြရမည်ဖြစ်သည်။ ထိုမှတစ်ဆင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အပြည့်အဝ ထူထောင်နိုင်မည်ဖြစ်သည်။

**ခွန်အားသစ်များဖြင့်ချီတက်**

နိုင်ငံသားအားလုံး၊ အထူးသဖြင့် ဝန်ထမ်းများသည် သင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း အပြည့်အဝ အနားယူခဲ့ကြပြီးဖြစ်သည်။ နှစ်သစ်အတွက် စိတ်သစ်၊ ခွန်အားသစ်များဖြင့်ချီတက်ရန် အသင့်ဖြစ်နေမည်ဟု ထင်ပါသည်။ လုပ်ငန်းခွင်တွင် မိမိကျရာအခန်းကဏ္ဍကို ပီပြင်စွာ ထမ်းဆောင်သွားခြင်းဖြင့် နိုင်ငံကြီးသားတစ်ဦး၏ ဂုဏ်သိက္ခာကို မြှင့်တင်သွားစေလိုပါသည်။ ထိုသို့မဟုတ်ဘဲ ရေသာခိုအချောင်လိုက်နေမည်ဆိုလျှင် တိုင်းပြည်နှင့်လူမျိုးအတွက် လူပိုတစ်ယောက်လိုဖြစ်နေမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် လူမသေမီ နာမည် မသေအောင်လည်း ပြုမူကျင့်ကြံနေထိုင်သွားသင့်ပါသည်။ သာဓကအနေဖြင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် မွန်မြတ်စွာကျဆုံးသွားသော်လည်း အာဇာနည်ခေါင်းဆောင်ကြီး၏နာမည်ကို ကျွန်ုပ်တို့၏ရင်ထဲ၊ အသည်းထဲတွင် ထာဝစဉ်သတိရနေဆဲပင်ဖြစ်သည်။ နောင်မျိုးဆက်သစ်များသည်လည်း အားကျသတိရနေမည်မှာဧကန်မုချပင်ဖြစ်သည်။

**မကောင်းမှုရှောင်၊ ကောင်းမှုဆောင်**

မြန်မာနှစ်သစ်တွင် ကျန်းမာရေ၊ ဘာသာရေး၊ စာဖတ်ခြင်း၊ ငွေကြေးစုဆောင်းခြင်းနှင့် ပရဟိတလုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်သွားရန် အကြံပြုသွားလိုပါသည်။ ထိုအရာများကိုသာ မပျက်မကွက်လုပ်ဆောင်နိုင်မည်ဆိုလျှင် “ကာယ၊ စိတ္တ” နှစ်ဖြာသောသုခနှင့်ပြည့်စုံနေကြမည်ဖြစ်သည်။ အထူးသဖြင့် နေ့စဉ် ကိုယ်စီတာဝန်များထမ်းဆောင်ကြရာတွင်“မကောင်းမှုရှောင်၊ ကောင်းမှုဆောင်” လျက် စိတ်ကိုသာဖြူစင်စွာထားမည်ဆိုလျှင် တူသောအကျိုးပေးပြီး အောင်မြင်မှုများကိုလက်ဝယ်ပိုင်ဆိုင်နိုင်ကြမည်ဖြစ်သည်။

ကျန်းမာရေးသည် လူတစ်ဦးအတွက် များစွာအရေးပါလျက်ရှိသည်။ ကျန်းမာရေး၏တန်ဖိုးကို မကျန်းမာသည့်အချိန်မှသာ သိရှိကြသည်။ ငွေကြေးခနမည်မျှပင် ပြည့်စုံကြွယ်ဝနေစေကာမူ ကျန်းမာရေးချို့တဲ့နေသူတစ်ဦးသည် လူသေတစ်ဦးနှင့်မခြားလှပေ။ ထို့ကြောင့် နှစ်သစ်တွင် ကျန်းမာရေးကိုအထောက်အကူပြုမည့်လေ့ကျင့်ခန်းတစ်ခုခု ပြုလုပ်သွားသင့်ပေသည်။ ထိုနည်းတူစွာ ဘာသာတရားနှင့်အညီ ကျင့်ကြံနေထိုင်သူတစ်ဦးသည်လည်း အကုသိုလ်ကင်းစင်နေမည်ဖြစ်သည်။ ထို့ကြောင့် ဒါန၊ သီလ၊ ဘာဝနာတို့ကို တတ်နိုင်သမျှအချိန်ပေးဆောင်ရွက်သွားသင့်ပေသည်။

**စာဖတ်ခြင်းသည်ဘဝပြောင်းလဲစေ**

စာဖတ်ခြင်းသည်လူတစ်ဦး၏ဘဝကို များစွာတိုးတက်ပြောင်းလဲစေနိုင်သည်။ အကောင်းနှင့်အဆိုးကိုခွဲခြားနိုင်သောဉာဏ်ပညာကို ထိုစာပေမှသာရရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့်တိုးတက်မှုများဆတက်ထမ်းပိုးပိုင်ဆိုင်နိုင်စေရန်အတွက် မြန်မာနှစ်သစ်တွင် သုတ၊ ရသစာပေပေါင်းစုံကို ဖတ်ရှုသွားသင့်ပါသည်။ ထို့အပြင် ခနငွေကြေးသည်လည်း လူတစ်ဦးအသက်ရှင်နေထိုင်ရာတွင် တစ်စိတ်တစ်ဒေသအားဖြင့် အရေးပါလျက်ရှိသည်။ ထို့ကြောင့် အိုစာ၊ နာစာအတွက် ငွေကြေးကိုတတ်နိုင်သမျှချွေတာစုဆောင်းသွားရန်လိုအပ်ပါသည်။ အသုံးနှင့်အဖြုန်းကို ခွဲခြားစိစစ်ပြီး အပိုအသုံးစရိတ်များကို တတ်နိုင်သမျှ လျှော့ချသွားသင့်ပါသည်။

သူတစ်ပါး၏အခက်အခဲကို ငွေအား၊ လူအားဖြင့်တတ်နိုင်သမျှကူညီခြင်းကို ပရဟိတလုပ်ငန်းဟု ဆိုနိုင်ပါသည်။ မျက်မှောက်ခေတ်ကမ္ဘာကြီးတွင် လူသားတို့သည် သဘာဝဘေးအန္တရာယ်ပေါင်းစုံနှင့် ကြုံတွေ့ခံစားနေကြရသည်။ ထိုသို့သောအခြေအနေမျိုးတွင် ပရဟိတအသင်းအဖွဲ့များသည် ငွေကြေး ချို့တဲ့သူများနှင့် ဘေးအန္တရာယ်သင့်ပြည်သူများအတွက် များစွာအရေးပါလျက်ရှိသည်။ ထို့ကြောင့် နှစ်သစ်တွင်ပရိဟိတလုပ်ငန်းများကိုတတ်နိုင်သမျှ ဆောင်ရွက်သွားသင့်ပေသည်။

**အကောင်းဆုံးကြိုးပမ်း**

ခြုံ၍တင်ပြရလျှင် မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ်ကုန်ဆုံး၍ ၁၃၇၉ ခုနှစ်သို့ ရောက်ရှိလာပြီဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့အားလုံးသည် နှစ်သစ်အတွက် ချမှတ်ထားသော သန္နိဋ္ဌာန်များနှင့် စိတ်ကူးအိပ်မက်များကို ရုပ်လုံးပေါ်လာစေရန်အတွက် စိတ်သစ်၊ ခွန်အားသစ်များနှင့် အကောင်းဆုံးကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်သည်။ နှစ်ဟောင်းတွင် လုပ်ငန်းတာဝန်အသီးသီးကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ၌ အောင်မြင်မှုရရှိခဲ့သည့်လုပ်ငန်းများရှိသလို မပြီးပြတ်သေးသောလုပ်ငန်းတာဝန်များလည်း ကျန်ရှိနေဦးမည်ဖြစ်သည်။

ထိုသို့လုပ်ငန်းအသီးသီးကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ တွေ့ကြုံရသော အားသာချက်နှင့်အားနည်းချက်များမှ သင်ခန်းစာများဖော်ထုတ်ပြီးနောက် နှစ်သစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို တတ်နိုင်သမျှ အမှားအယွင်းနည်းနည်းဖြင့် အချိန်မီပြီးစီးအောင်ဆောင်ရွက်နိုင်ရေးအတွက် စိတ်သစ်၊ ခွန်အားသစ်များဖြင့် ကြိုတင်ပြင်ဆင်ကြိုးစားသွားရန် လိုအပ်မည်ဖြစ်ပါသည်။

ထို့အပြင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားညီအစ်ကိုများအကြား ဆွေးနွေးတိုင်ပင်လျက်ရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင်လည်း ကျရာအခန်းကဏ္ဍမှ တတ်နိုင်သမျှ တာဝန်ကျေပွန်အောင်ထမ်းဆောင်လျက် တိုင်းပြည်နှင့်လူမျိုးအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်သည့် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများအဖြစ် ရပ်တည်နိုင်အောင် အဘက်ဘက်မှ ကြိုတင်ပြင်ဆင်ကာ ဖြူစင်သောစိတ်စေတနာဖြင့် အကောင်းဆုံးကြိုးပမ်းဆောင်ရွက်သွားနိုင်ကြပါစေ။ ။

# ကောင်းမျိုးတွေ အထွေထွေနှင့် တိုးပွားစေသော်

ခင်မောင်ငွေး(ပညာရေး)

မြန်မာတို့၏ အစဉ်အလာမပျက်ကျင်းပသည့် အတာသင်္ကြန်နှစ်သစ်ကူးပွဲတော်ကား သာယာချမ်းမြေ့ဖွယ်ပြီးဆုံးခဲ့လေပြီ။ အတာကူးသည့် နွေဦးကာလကား ပူပြင်းလှပါသည်။ သို့သော်လည်း အေးမြလှသည့် အတာရေနှင့်အတူ အတာသင်္ကြန်ပွဲကား တူးပို့တူးပို့သံညံမစဲ၊ သံချပ်ထိုးသံညံမစဲ လတန်ခူး၏အပူရှိန်ကို အန်တုကာ အပြိုင်ကြဲခဲ့လေပြီ။

အချိန်ကာလတို့သည် စက္ကန့်မိနစ်မခြား ကုန်လွန်နေကြလေသည်။ ဥတုရာသီတို့လည်း အလီလီ ပြောင်းလဲနေကြလေသည်။ ရော်ရွက်ဝါတို့ ကြွေကျမြေခကြ၏။ ပုရစ်အဖူးတို့စိရိရိထွက်ပြူလာကြ၏။ အဟောင်းအဟောင်းတို့နေရာတွင် အသစ်အသစ်တို့ အစားထိုးဝင်ရောက်လာမြဲဖြစ်၏။

### လိုက်ပါပြောင်းလဲ

ထို့အတူ ခေတ်တို့စနစ်တို့သည်လည်း ရပ်တန့်မနေ။ ပြည်သူတို့၏ ဆန္ဒနှင့်အညီ လိုက်ပါပြောင်းလဲနေကြ၏။ ပြည်သူတို့နှင့်အတူ လိုက်ပါပြောင်းလဲရာတွင် ပြောင်းလဲခြင်းအဟုန်မြင့်မားမှု၊ အောင်မြင်စွာ လျှောက်လှမ်းနိုင်မှုဆိုသည်မှာ ပြည်သူလူထုတစ်ရပ်လုံးပါဝင်လိုက်ပါပြောင်းလဲနိုင်မှုနှင့် တိုက်ရိုက်အချိုးကျနေခြင်းပင်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ယင်းသို့ အချိန်ကာလများ၊ ခေတ်စနစ်များ ပြောင်းလဲခြင်းနှင့်အတူ ပြောင်းလဲသင့်သည့်ပြည်သူတို့၏ စိတ်ထားများ(mindset)လည်း လိုက်ပါပြောင်းလဲရမည်ဖြစ်၏။ ပြုပြင်ပြောင်းလဲသည်ဆိုရာတွင်လည်း အပေါ်ယံ (မဟိဒ္ဓ) ပြောင်းလဲခြင်းမျိုးမဟုတ်ဘဲ မိမိတို့၏ အတွင်း (အဇ္ဈတ္တ) မှပါ လိုလားနှစ်ခြိုက်စွာ ပြုပြင်ပြောင်းလဲနိုင်ဖို့ လိုအပ်လှပါသည်။

### ဘဝ၏အနက်အဓိပ္ပာယ်

လူသားတို့သည် မွေးဖွားသည်မှ သေဆုံးသည်အထိ ဘဝတစ်သက်တာ အလုပ်လုပ်ကြရသူများဖြစ်၏။ အလုပ်သည် တစ်ကဏ္ဍပင်ဖြစ်၏။ ကိုယ်ဖြင့်လုပ်လျှင် ကာယကံ၊ နှုတ်ဖြင့်လုပ်လျှင် ဝစီကံ၊ စိတ်ဖြင့်လုပ်လျှင် မနောကံဟု ဆိုရလေသည်။ သို့ဖြစ်၍ အသက်ရှင်နေသမျှကာလပတ်လုံး ဤအလုပ်သုံးမျိုးတွင် တစ်မျိုးမျိုးမှုပင် ရှောင်လွှဲ၍မရဘဲ လုပ်နေကြရမည်သာဖြစ်၏။ ဤသို့ အလုပ်လုပ်နေရခြင်းသည်ပင် ဘဝ၏အနက်အဓိပ္ပာယ်ပင်ဖြစ်၏။

လောကဝေါဟာရအားဖြင့် "အလုပ်"၊ ဒေသနာဝေါဟာရအားဖြင့် "ကံ" သည် ကာယကံ၊ ဝစီကံ၊ မနောကံဟူ၍ သုံးမျိုးရှိပြီး ကောင်း၊ မကောင်းအားဖြင့်နှစ်မျိုးသာရှိလေသည်။ ကောင်းသောကံကို "ကုသိုလ်" ဟူ၍ဆိုကာ မကောင်းသောကံကို "အကုသိုလ်" ဟု ဆိုလေသည်။

လူသားတို့သည်သံသရာ၌ ကျင်လည်နေသမျှကာလပတ်လုံး ကုသိုလ်နှင့်အကုသိုလ်နှစ်မျိုးအနက် တစ်မျိုးမျိုးကိုသာ အမြဲပြုလုပ်နေကြရလေသည်။ ကုသိုလ်အလုပ်ဖြစ်ချင်ဖြစ်မည် (ဝါ) အကုသိုလ်အလုပ်ဖြစ်ချင်ဖြစ်မည်။ နှစ်မျိုးအနက် တစ်မျိုးမျိုးသာဖြစ်သည်။ ကြားအလုပ်ဟူ၍မရှိ။ မလုပ်ဘဲနှင့်လည်း နေ၍မရပေ။ ကောင်းသောအလုပ်သည် ကုသိုလ်ကံဖြစ်၏။ မကောင်းသောအလုပ်သည် အကုသိုလ်ကံပင်ဖြစ်၏။ အလုပ်ဟူသမျှသည် ကောင်း-မကောင်းနှစ်မျိုးသာရှိပြီး ကြားအလုပ်ဟူ၍မရှိ။ ကံဟူသမျှလည်းကုသိုလ်၊ အကုသိုလ်ဟူ၍နှစ်မျိုးသာရှိ၏။ ကြားကံဟူ၍မရှိ။ သို့ဖြစ်၍ ဘာသာတရားများအားလုံးက ကောင်းသောအလုပ်ကိုလုပ်ရန်နှင့် မကောင်းသော အလုပ်ကိုရှောင်ရန် သွန်သင်ဆုံးမကြလေသည်။

> ယနေ့အချိန်အခါသမယသည် နှစ်သစ်ကူးပြောင်းချိန်ဖြစ်၏။ နှစ်သစ်ကူးပြောင်းရုံကာမျှဖြင့် စိတ်ဓာတ်တွေ မပြောင်းလဲနိုင်၊ အတာရေနှင့် ဆေးကြောရုံကာမျှနှင့်လည်း မသန့်စင်နိုင်။ မိမိတို့ကိုယ်တိုင်က စိတ်နှလုံးသား ဖြူစင်အောင် ပြုမူကျင့်ကြံနေထိုင်ကြရမည်။ အကျင့်ဆိုး၊ စရိုက်ဟောင်းများမှ ရှောင်ဖယ်နိုင်သမျှ ပယ်လျှော့ . . .

### ကောင်းမှုတစ်ခုနေ့စဉ်ပြု

လူသည် စိတ်နှင့်ရုပ်ပေါင်းစပ်ဖွဲ့စည်းထားခြင်းသာဖြစ်၏။ စိတ်က အရာရာကိုဦးဆောင်၏။ စိတ်ကိုမှန်ကန်စွာထိန်းကျောင်းနိုင်လျှင် စိတ်ကောင်းစေတနာကောင်းများစွာပွားများနိုင်၏။ သို့ဖြစ်၍ "ကောင်းမှုတစ်ခုနေ့စဉ်ပြု၍" စိတ်ကိုဖြူစင်အောင်မွေးမြူကြရ၏။ "ကောင်းသောအကျင့်၊ သင့်သောအယူ၊ ဖြူသောနှလုံး၊ သူတော်ထုံးသို့" ကျင့်ကြံနိုင်အောင်ကြိုးပမ်းကြရ၏။ "ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍၊ ကောင်းကျိုးကိုယ်၌ တည်စေမင်း" ဆိုသကဲ့သို့ ကောင်းမှုပြုကြရလေ၏။

သို့သော်လည်း လူတို့၏စိတ်သည် အခါခပ်သိမ်း ကောင်းမှုတို့၌သာ မွေ့လျော်သည်မဟုတ်။ မကောင်းမှုပြုခြင်း၌လည်း (ပါပသ္မိံ ရမတိမနော) မွေ့လျော်ကြလေသည်။ သို့ဖြစ်၍အကုသိုလ်အမှုကိုလည်း ပြုမိတတ်ကြ၏။ ဤကဲ့သို့ ပြုမိသည့်တိုင် မိမိပြုမိသော အကုသိုလ်ကို မေ့ထားရမည်မဟုတ်။ မသိကျိုးကျွန်ပြုထားရမည်မဟုတ်။ ယင်းအကုသိုလ်ကို ပယ်သတ်ရန် အားထုတ်ကြရမည်သာ ဖြစ်လေ၏။

ဥပမာအားဖြင့် ကျူးကျော်စစ်ကိုတိုက်ခြင်း၊ ခွေးရူးကိုသတ်ခြင်း၊ လူဆိုးလူမိုက်များကို နှိမ်နင်းခြင်းသည် အကုသိုလ်ဟုဆိုနိုင်သော်လည်း လောကအစီးအပွားအတွက် မလွှဲမရှောင်သာ လုပ်ရခြင်းဖြစ်၏။ တာဝန်အရ ဆောင်ရွက်ရခြင်းဖြစ်၏။ အကုသိုလ်သဘောပါသကဲ့သို့ ကုသိုလ်သဘောလည်းပါ၏။ အကုသိုလ်သဘောပါလျှင် ယင်းကိုပယ်သတ်၍ ယင်း၏ ဆန့်ကျင်ဘက်ကုသိုလ်ကို ပွားရလေ၏။

### ပန်းတိုင်သို့ ရောက်ရှိ

ဆိုရလျှင် လူသားများသည် သံသရာနှင့်တူသည့် သမုဒ္ဒရာပြင်တွင် မျောပါနေကြရ၏။ တစ်ဖက်ကုန်းမြေ (နိဗ္ဗာန်သောင်ကမ်း) သို့ရောက်ရန် ကူးခတ်နေကြရ၏။ သမုဒ္ဒရာအတွင်း မျောပါလာသည့် အသေကောင်ပုပ်၏ အကူအညီကိုလည်း ယူသင့်ယူရ၏။ သစ်တုံးတွေ့လျှင်လည်း အကူအညီယူရ၏။ ရွံ့ရှာဖွယ်ရာနှင့်လည်း တွေ့ရ၏။ မှီတွယ်စရာနှင့်လည်း တွေ့ရ၏။ မည်သည့်အရာမျှ ဖက်တွယ်ထားစရာမဟုတ်၊ ဖောင်အဖြစ် အသုံးပြုရမည့် အရာများသာဖြစ်၏။ ဖက်တွယ်ထားပါက ဆင်သေစီးသည့် ကျီးမိုက်ကဲ့သို့ပင် ပျက်စီးဆုံးရှုံးကြရမည်သာဖြစ်လေသည်။ ဆိုလိုသည်မှာ စက်ဆုပ်ဖွယ်ရာပင်ဖြစ်လင့်ကစား အသုံးချတတ်လျှင် မိမိအလိုရှိသည့်ပန်းတိုင်သို့ ရောက်ရှိနိုင်ခြင်းပင်ဖြစ်သည်။

ယနေ့အချိန်အခါသမယသည် နှစ်သစ်ကူးပြောင်းချိန်ဖြစ်၏။ နှစ်သစ်ကူးပြောင်းရုံကာမျှဖြင့် စိတ်ဓာတ်တွေ မပြောင်းလဲနိုင်၊ အတာရေနှင့် ဆေးကြောရုံကာမျှနှင့်လည်း မသန့်စင်နိုင်။ မိမိတို့ ကိုယ်တိုင်က စိတ်နှလုံးသား ဖြူစင်အောင် ပြုမူကျင့်ကြံနေထိုင်ကြရမည်။ အကျင့်ဆိုး၊ စရိုက်ဟောင်းများမှ ရှောင်ဖယ်နိုင်သမျှ ပယ်လျှော့နိုင်သမျှ ပယ်လျှော့ကြရပေမည်။

### မေတ္တာတရားကို လွှမ်းခြုံ

မြန်မာတို့၏ အစဉ်အလာသည် နှစ်သက်မြတ်နိုးဖွယ်ရာဖြစ်၏။ လူမှုဆက်ဆံရေးနယ်ပယ်တွင် "ကြီးသူကိုရိုသေ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနား" ဆိုသကဲ့သို့ မေတ္တာတရားလွှမ်းခြုံလျက်ရှိ၏။ ဤသို့သော မေတ္တာတရားကို ဆက်လက်လွှမ်းခြုံထားစေခြင်းဖြင့် ကောင်းမှုအလုပ်ကိုဖြစ်စေလေသည်။

